
www.burmeseclassic.com

ဝဏ္ဏသိဒ္ဓိ (မှန်တော)

# [illegible] နဲ့ မာန



www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏသိဒ္ဓိ (မှန်တော)

# မာန်နှင့်မာန

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်ခြင်း

ရန်ကုန်မြို့၊ ဗာမ္မာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးဝင်းနိုင်က ထုတ်ဝေ၍
သာသနာရေးဦးစီး ဌာနအတွက်
ဦးအောင်မြင့်သိန်း(မြ-၀၆၀၃၆၄)၊ အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
ရန်ကုန်မြို့က ပုံနှိပ်သည်။

စာမူခွင့်ပြုချက် မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂-၄၀၅

| | |
|---|---|
| အကြိမ် | - ပထမအကြိမ်၊ ၂၀၁၀၊ ဇူလိုင်လ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - မြင့်စိုး(Lin) |
| ကွန်ပျူတာစာစီ/အတွင်းဖလင် | - A-7 Group (Asia Plaza) |
| စီစဉ်သူ | - သန္တာမင်းသူ (မှန်တော) |
| မူပိုင်/ဖြန့်ချိ | - ဓမ္မဝေဒဂူကျောင်းတိုက် အမှတ်(၁)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်။ |
| ဖြန့်ချိရေး | - စိတ်ကြိုက်စာပေ၊ အမှတ်(၀၂-၃၈)၊ အာရှပလာဇာ ကျောက်တံတား၊ ရန်ကုန်မြို့။ ဖုန်း-၃၉၁၀၇၀/၇၁၊ လိုင်းခွဲ-၃၀၉ |


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကြောင်းကျိုးဓမ္မနိယာမ | ၁ |
| ၂။ | အခြေခံစစ်ကြော ဓာတ်သဘော | ၁၀ |
| ၃။ | လူဆိုတာ... | ၂၀ |
| ၄။ | အရှုံးတွေ့လာ အမြတ်ရှာ | ၃၀ |
| ၅။ | သိသင့်ပေစွ ဥပါယာသ | ၃၆ |
| ၆။ | သိကြစေချင် ဗုဒ္ဓနွယ်ဝင်တို့ | ၄၃ |
| ၇။ | မာနနဲ့ မာန် | ၅၃ |
| ၈။ | မာန်နဲ့မာန သာခေ | ၆၁ |
| ၉။ | ဝိပဿနာကျင့်စဉ် ဉာဏ်အမြင် | ၆၉ |
| ၁၀။ | ဖဿဝေဒနာ အကြောင်းအရာ | ၇၉ |

www.burmeseclassic.com


| | | |
|---|---|---|
| ၁၁။ | သညာစေတနာ သိစေရာ | ၈၆ |
| ၁၂။ | လောကကြီးမှာ ချစ်စရာ | ၉၃ |
| ၁၃။ | စိတ်ကိုဆင်ခြင် ဉာဏ်နဲ့မြင် | ၁၀၄ |
| ၁၄။ | ရှစ်ပါးမဂ္ဂင်မြတ်ကျင့်စဉ် | ၁၁၂ |
| ၁၅။ | ရာဂအမှောင် ဝေးစွာရှောင် | ၁၂၂ |
| ၁၆။ | အရှက်နှင့်အကြောက် | ၁၃၆ |
| ၁၇။ | စရိုက်ဝါသနာ ဆန်းစစ်ပါ | ၁၄၉ |
| ၁၈။ | ဘာဝနာ၊ သမထ၊ ဝိပဿနာ | ၁၅၅ |
| ၁၉။ | ပတ္တိ ပတ္တာ ကုသိုလ်နှစ်ဖြာ | ၁၆၀ |
| ၂၀။ | တရားဟော၊ တရားနာ သတိပြုစရာ | ၁၇၀ |
| ၂၀။ | မာနချေဖျက် ကုသိုလ်ဆက်စို့ | ၁၇၇ |




## ကံသာလျှင်

ရှေးခါယခု၊ အားထုတ်ပြုသား၊
ကောင်းမှုအလို၊ ကုသိုလ်မရှို၊
သိရိမင်္ဂလာ၊ ကောင်းကြဉ်စာနှင့်၊
ကြမ္မာမဲ့ငြား၊ ထိုသူအားကို၊
လူသားမက၊ သိကြား ‘မ’ လည်း၊
မရနိုင်စွာ၊ သတ္တဝါတို့၊
ကံသာအမိ၊ ကံမရှိက၊
ဉာဏ်ရှိတိုင်းမွဲ၊ ကြံတိုင်းလွဲ၏။ ။

မဃဒေဝ



www.burmeseclassic.com

www.burmeseclassic.com

# ရေးသူဆန္ဒ အာသီသ

သူသူငါငါ ဒုက္ခဆင်းရဲအပေါင်း ပြည့်နှက်နေတဲ့ ဝဲသြဃ၊ သံသရာအတွင်းကနေ တတ်နိုင်သလောက် ကြိုးစားပြီး သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ အမောဟ၊ သမ္မာ ဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စတဲ့ စိတ်တွေကို ကောင်းမွန်မြင့်မြတ်အောင် ပြည့်စုံ ဆောင်ရွက်နိုင်သော စေတသိက်(၁၄)ပါးနဲ့ ပြည့်စုံကာ သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာ စတဲ့ မြတ်သော အကျင့်မြတ်များကို ဖြည့်ကျင့်နိုင်ကြပါစေ...

ထိုသို့ ပြဆိုခဲ့ပြီးတဲ့ အကျင့်မြတ်များနဲ့ ပေါက်ရောက်အောင် ဆောင်ရွက်နိုင်လို့ ယခုဘဝမှာလည်း ကိုယ်,စိတ်နှစ်ပါး ချမ်းသာ သုခနဲ့ ပြည့်စုံနိုင်ကြပါစေ။ နောက်,နောင် သံသရာ ဘဝ, ဘဝ များမှာလည်း လူ့ပြည်၊ နတ်ရွာ ကောင်းသောဂတိ ရွာသို့ လားရောက်နိုင်ကြပါစေ။

နောက်ဆုံးအနေနဲ့ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေနိုင်သော အကျင့်မြတ်များကို လျင်မြန်စွာ ထွင်းဖောက် သိမြင်ကြပါစေ ကြောင်း စေတနာကောင်းနဲ့ သာသနာတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် အနေအထားဖြစ်နိုင်မယ့် သည်စာစုကို ရေးသား လိုက်ရတာပါ။ ။

ဝဏ္ဏသီရိ (မှန်တော)



# မာန်မာနမိတ်ဆက်

"သူပြောတာ မှားတယ်၊ ငါပြောတာကသာ အမှန်"

"အံမယ်လေးကွာ၊ သူ စွမ်းတယ်ဆိုတာ ငါ အိပ်နေသလောက် ရှိပါတယ်"

"ဟင်း...သူတင်တတ်နိုင်တယ် ထင်နေတာ၊ ငါက သူ့ထက် မိုးပျံအောင် တတ်နိုင်သေး"

"ကြည့်နေ၊ သူပိုင်ဆိုင်တာထက် အဆတစ်ရာ၊ တစ်ထောင် ပိုင်ဆိုင်ကြောင်း ပြလိုက်မယ်"

"ဟင်း...သူ တတ်တာ ယောဘူယျလောက်သာပါ၊ ငါလို လူမျိုးက ပိဋကတ်သုံးပုံကို ထုံးလို့ချေ၊ ရေလို့နှောက်နိုင်တာ သင်း မသိသေးလို့"

"ရွှက်ကြမ်းရေကျို အလှမျိုးလောက်နဲ့ ခြေဖျား ထောက်နေတာ၊ ငါ့လောက်များ လှလိုက်ရင် ခက်,ခက်ရချည့်သေး"



www.burmeseclassic.com

www.burmeseclassic.com

ဒီစကားတွေ၊ အနှီစကားတွေ ကြားရ၊ ကြားရ နားဝမှာ အဖန်ဖန် အခါခါ သွားလေရာခရီး၊ ရောက်လေရာ နေရာတိုင်းမှာ မကြားချင်အဆုံး…

တကယ်တော့…အဲဒီစကားတွေဟာ မာန်မာနအပေါ်မှာ အခြေခံပြီး ထွက်ပေါ်လာကြတာလေ။

လူတွေ၊ လူတွေ…အဝိဇ္ဇာဉာဏ်၊ အဝိဇ္ဇာ အသိနဲ့ မရှိကို အရှိလုပ်လို့ သူတစ်ထူးအပေါ်မှာ ကျော်လိုက်ရတာကို အဟုတ်ကြီး ထင်မှတ်ပြီး အကျေနပ်ကြီး ကျေနပ်ကြတာ များတယ်။

အသိများ၊ အမှတ်များ၊ အမြင်များနဲ့ မာန်မာန တက်ကြွသူတွေကို တွေ့ရတော့ အင်မတန် သနားမိတာ အမှန်။

ဒီဘဝ၊ ဒီခန္ဓာ ရှိစဉ်အတွင်း မိမိတို့ ရှာဖွေစုဆောင်း ဆည်းပူးထားတဲ့ ဥစ္စာ၊ ပညာ စတာတွေကို ထာဝရပိုင်ဆိုင် ရယူသွားနိုင်တာမျိုး မှတ်ထင်နေကြတာကလား။

"အဲဒီ ပစ္စည်းဥစ္စာ၊ ရတနာ၊ ပညာ ဆိုတာတွေဟာ အခိုက်အတန့်သာ ပိုင်ဆိုင်တာပါလား၊ ဒါကြောင့် လူလူချင်း မပြိုင်ဆိုင်သင့်ဘူး၊ မာန်မာနဆိုတာ မထားသင့်ဘူး" ဆိုတဲ့ အသိနဲ့ ငြိမ်းအေးမှုလေးကို မရယူနိုင်ကြဘူးနော်။

အမျိုးမြင့်သူတွေကလည်း အမျိုးဂုဏ်ကြောင့် မာန်မာနတက်၊ ဘဝဂ်တိုင်အောင် တံခွန်ထောင်၊ ပစ္စည်းဥစ္စာကြွယ် ပိုကြွယ်ဝရှိသူတွေကျတော့ ခနမာန်နဲ့ လက်မထောင်၊ လှသွေးနုပျိုလှမှုပိုသူတွေက အဆင်းမာန်ကိုး တူနိုင်ရိုးလားဆိုတဲ့ မာန်ကြွ၊ ပညာ



ဆက်သူတွေကလည်း ခြေဖျား တထောက်ထောက် သွေးနထင်ရောက် နည်းအမျိုးမျိုးနဲ့ မာနအောင်လံ လွှင့်ထူနေလိုက်ကြတာများ။

အမှန်ကတော့…ဆင်းရဲခြင်းတို့အတိ ပြည့်နှက်လျက်ရှိနေတဲ့ သံသရာဝဲဩဃကြီးမှာ ကူးခပ်နေကြရသူချင်း အတူတူ၊ နောင်ဘဝအဆက်ဆက် မြင့်သထက် မြင့်ဖို့အရေး ရှေးရှုမျှော်ကိုးလို့၊ တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းသင့်ကြပါလျက်နဲ့ အကြောင်းမဲ့ နလုံးလေပင့် ဘဝင်မြင့်ပြီး တက်ကြွားကြွကြွ မာန်မာန ထားကြတာတွေကို ဆင်ခြင်ဖို့ အထူး ပြောချင်တယ်။

သူတော်၊ သူမြတ်များကတော့ "အစွယ်ကျိုးတဲ့မြွေ၊ ဦးချိုကျိုးတဲ့နွား၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး" ဆိုတဲ့ စကားပုံအလားမှာ သံသရာတစ်လျှောက် နစ်မြောအောက်တမ်း ကျစေတတ်တဲ့ တက်ကြွလှစွာ အဲဒီ မာန်မာနဆိုတဲ့အရာကို နှုတ်ပယ်နှိမ်ချိုးလေ့ရှိကြတာ၊ ထုတ်နှုတ်ပြရရင် သာဓကတွေ အများကြီးပါ။

မာန်ဟာ ပူလောင်စေပါတယ်၊ မာန်ကြောင့် ဒေါသကို နှီးဆွသလိုဖြစ်ပြီး ဒေါသနဲ့ စပ်ဆိုင်လို့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေပါ စုပြုံဝင်လာနိုင်တာများ ဉာဏ်အသိနဲ့ သိကြရင် ဒီစာစုကို ရေးရကျိုးနပ်ပြီ ထင်ပါတယ်။

ဒါကြောင့် နလုံးလေပင့် ဘဝင်မြင့်၊ မာန်မာနတက်ကြွသူတွေကို သတိပေးလိုက်ပါရဲ့…



www.burmeseclassic.com

www.burmeseclassic.com

အလွန့်အလွန် ကြောက်စရာကောင်းလှတဲ့ "မာန်မာန" ဆိုတာကို တရားအသိနဲ့မြင်၊ ဉာဏ်နဲ့ဆင်ခြင် ပယ်ရှားကြပါလို့...

နို့မဟုတ်လို့ကတော့...အဲဒီ မာန်မာနကြောင့် လောကသံသရာမှာ သူတစ်ပါးတို့ မြင်ပြင်းကပ်၊ အကျိုးမဲ့သာ ဖြစ်စေရုံမျှမက နောင်ဘဝ၊ ဘဝသံသရာ အဆက်ဆက်မှာလည်း အကျိုးမဲ့သာ ဖြစ်စေရုံမျှမက ဇာတိ၊ ဥစ္စာ၊ အဆင်း၊ ပညာ အနေအထားတွေလည်း ရောက်သင့်သလောက်မရောက် ဆုတ်ယုတ် နိမ့်ကျလိမ့်မယ်ဆိုတာ...။

ဝဏ္ဏသီရိ[မှန်တော]





## ကြောင်းကျိုးမမှန်နိယာမ

ဗုဒ္ဓဘာသာဝင်ဟူသည် ကံနှင့်တကွ ကံ၏ အကျိုးကျေးဇူးကို မဆုတ်မနစ် ယုံကြည်ရာ၏။ အတိတ်ကံကောင်းသော် ဘဝအကျိုးပေးကောင်းမည်သာတည်း။ တစ်နေ့...တရားပွဲတစ်ပွဲ မစမီ ဒါယကာတစ်ဦးက လျှောက်လာတယ်။

"အရှင်ဘုရား၊ တပည့်တော်အနေနဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦး စစ်စစ် ဖြစ်ပါတယ်၊ သို့သော်ငြားလည်း အခုအခါ ကြုံတွေ့ရမှု အထွေထွေကြောင့် ကံဆိုတာကို မယုံချင်သလို ဖြစ်လာမိတာ အမှန်ပါပဲ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်…ဘယ်လို ပြောလိုက်တာလဲ ဟင်"

"မှန်ပါ ဘုရား၊ တပည့်တော် ဆက်ပြီး လျှောက်ထားရရင် သူတစ်ထူးအပေါ် ထောက်ထားစာနာ ညှာတာမှုထားပြီး လှူချင်၊ ပေးကမ်းချင်သူ အချို့ကျတော့ ဆင်းရဲတွင်းက မလွတ်နိုင်အောင် ဖြစ်ကြတာ များပြီး၊ တစ်ပါးသူကို ဒုက္ခပေးမယ်၊ အထက်စီးက နိုင်ထက်စီးနင်း ပြောဆိုဆက်ဆံမယ်၊ ညှာတာမှု၊ စာနာမှု ကင်းတဲ့သူ အတော်များများကျတော့ ကြီးပွားချမ်းသာချင်တိုင်း ချမ်းသာနေကြတာတွေ တွေ့နေရလို့ ဆိုပါတော့ ဘုရား"

"သြော်…အင်း…ဒီလိုကိုး၊ ဒါထက် ဒကာအနေနဲ့ စာပေဗဟုသုတတော့ ရှိမှာပေါ့နော်"

"မှန်…မှန်ပါ့၊ အတန်အသင့်တော့ ဖတ်မှတ်လေ့ ရှိပါတယ် ဘုရား"

"ကောင်းတယ်၊ ကောင်းတယ်၊ ဒါဆိုရင် ကံခြားနားမှု အကြောင်း ဒကာကို ရှင်းပြပေးမယ်"

"မှန်ပါ့ ဘုရား"

"လောကမှာ လူတွေဟာ နေ့စဉ်ဆိုသလို များပြားလှတဲ့ အမှုကိစ္စတွေကို အားထုတ်ကြ၊ ပြုကြရတယ် မဟုတ်လား"





"မှန်ပါ့ ဘုရား"

"အဲဒီလိုပြုကြရာမှာ အချို့သောသူတွေသက ကောင်းသောအမှု၊ ကောင်းသောအလုပ်တွေကိုသာ အားထုတ်လုပ်ဆောင်ရသလို၊ အချို့သော သူများကတော့ မကောင်းသောအလုပ်၊ မကောင်းသော အမှုတို့ကိုသာ လုပ်ဆောင်ကြပေတယ်"

"မှန်ပါ့ ဘုရား"

"အေး…အဲဒီလို ပြုလုပ်ကြတဲ့အတွက် ကောင်းမှုပြုသူ ဟာ ကောင်းသောအကျိုးကို မုချမလွဲ ခံစားရမှာဖြစ်ပြီး၊ မကောင်းမှုပြုသူအဖို့ကတော့ ဆိုးကျိုးကိုသာ ပေးစွမ်းနိုင်လိမ့်မယ်ဖြစ်ကြောင်း မိလိန္ဒပဥှာပါဠိတော် မြန်မာပြန်ကျမ်းလာကို ကိုးကားပြီး ဆက်ပြောပြမယ်၊ ဟုတ်လား"

"မှန်ပါ့ ဘုရား"

"သေသေချာချာ နားထောင်၊ မိလိန္ဒမင်းကြီးက အရှင် နာဂသေနကို ဒီလိုမေးတယ်၊ အရှင်ဘုရား…အချို့လူတို့သည် အသက်တိုကုန်၏၊ အချို့လူတို့သည် အသက်ရှည်ကုန်၏၊ အချို့လူတို့သည် အနာများ၍ ရောဂါထူပြောကုန်၏၊ အချို့လူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာလျက် အနာနည်းကုန်၏၊ အချို့သည် အဆင်းမလှကုန်၊ အချို့ကား ရုပ်ရည်အဆင်းအသွင် လှပကြကုန်၏၊ အချို့လူတို့ကား တန်ခိုး သိဒ္ဓိ အလျင်းမရှိ၊ အချို့ သူတို့မှာမူ တန်ခိုးသိဒ္ဓိ ကြီးမားကြကုန်၏၊ အချို့သူတို့အနေနဲ့ ပစ္စည်းဥစ္စာ ချို့တဲ့ကြကုန်၏၊ အချို့လူတို့ မှာကား ဥစ္စာစည်းစိမ် များပြားကြွယ်ဝကြကုန်၏၊ အချို့လူတို့ သည် အမျိုးဇာတ်အားဖြင့် ယုတ်နိမ့်ကြကုန်၏၊ အချို့သူတို့ကမူ အမျိုးဇာတ် မြင့်မားလျက် တင့်တယ်ကြကုန်၏။

အချို့သူတို့သည် ပညာမဲ့ ဖြစ်ကြကုန်၏၊ အချို့သော သူတို့သည် ပညာရှိကြကုန်၏၊ လူအားလုံးတို့ ဖြစ်ကြပါလျက် အဘယ် ကြောင့် တူမျှခြင်း မရှိကြပါကုန်သနည်း၊ ဖြေဆိုတော်မူပါ အရှင် ဘုရားတဲ့လေ"

"မှန်ပါ့ ဘုရား"

"မိလိန္ဒမင်းကြီးရဲ့ အမေးကို အရှင်နာဂသေနမထေရ် ဖြေဆို တော်မူပုံက သည်လို…ဒကာရဲ့"

"မှန်ပါ့"

"မင်းမြတ်၊အချို့ သစ်ပင်တို့သည် ချဉ်ကုန်၏၊ အချို့ သစ်ပင် တို့သည် ငန်ကုန်၏၊ အချို့သစ်ပင်တို့သည် ခါးကုန်၏၊ အချို့





သစ်ပင်တို့သည် စပ်ကုန်၏၊ အချို့ သစ်ပင်တို့သည် ဖန်ကုန်၏၊ အချို့ သစ်ပင်တို့သည် ချိုကုန်၏၊ သစ်ပင်အားလုံးတို့သည် မြေကြီးပေါ်မှာ ပေါက်ရောက်ကြတာတူမျှပါလျက် မည်သည့် အတွက်ကြောင့် ရသာကွာခြားမှု ဖြစ်ရသည်ကို တွေးဆမိပါ သလောတဲ့လေ"

"မှန်ပါ့ ဘုရား"

"ဒီအခါမှာ မိလိန္ဒမင်းကြီးက…အရှင်ဘုရား၊ မျိုးစေ့တို့ ခြားနားခြင်းကြောင့် မတူမျှခြင်း ဖြစ်ပါသည်လို့ သူ့ ထင်မြင် ချက်ကို ပြောကြားလိုက်တဲ့အခါ အရှင်နာဂသေန မထေရ်မြတ်က ခေါင်းညိတ်တော်မူပြီး ဟောသည်လို မိန့်ကြားပြန်လေတယ်"

"မှန်ပါ့ ဘုရား"

"မှန်ပေတယ် မင်းမြတ်၊ ဤအတိုင်းသာလျှင် မျိုးစေ့နှင့် ပမာတူသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ ခြားနားမှုကြောင့် အချို့လူတို့သည် အသက်တိုကုန်၏၊ အချို့လူတို့သည် အသက် ရှည်ကုန်၏၊ အချို့လူတို့သည် အနာများကုန်၏၊ အချို့လူတို့မှာ အနာနည်းကုန်၏၊ အချို့လူတို့သည် အဆင်းမလှကုန်၊ အချို့ လူတို့မှာ အဆင်းလှပကုန်၏၊ အချို့လူတို့သည် တန်ခိုးနည်းကုန်၏၊



www.burmeseclassic.com

www.burmeseclassic.com



အချို့လူတို့သည် တန်ခိုးသိဒ္ဓိကြီးကုန်၏၊ အချို့လူတို့သည် စည်းစိမ် ဥစ္စာ နည်းပါးကြကုန်၏၊ အချို့လူတို့သည် စည်းစိမ်ဥစ္စာ များပြား ကုန်၏၊ အချို့လူတို့ကား အမျိုးဇာတ် နိမ့်ကြကုန်၏၊ အချို့လူတို့ မှာကား အမျိုးဇာတ် မြင့်မြတ်ကုန်၏၊ အချို့လူတို့သည် ပညာမဲ့ ကုန်၏၊ အချို့လူတို့သည် ပညာရှိကုန်၏ မင်းမြတ်…ဒါကြောင့် မြတ်စွာဘုရားရှင်က ဟောသလို မိန့်မြွက်ခဲ့ပေတယ်လို့ ဆိုတယ်"

"မှန်ပါ ဘုရား"

"သတ္တဝါအပေါင်းတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်၏ ကံ၏ အမွေခံသာ ဖြစ်ကြပေ၏၊ ကံသာလျှင် အကြောင်းရှိကုန်၏ ကံသာလျှင် ဆွေမျိုးရှိကုန်၏၊ ကံသာလျှင်စေ စားရာရှိ၏ အကြောင်း ကံသည်သာရှိ၏၊ ထိုကံသည် သတ္တဝါတို့အား အကောင်း၊ အဆိုး၊ အယုတ်၊ အမြတ်ဖြစ်ခြင်းငှာ ဝေဖန်၏ တဲ့…ဒါယကာ"

"အင်း…သည်လိုကိုး"

"ဒီတော့မှ မိလိန္ဒမင်းကြီးဟာ ရှင်းရှင်းကြီး သဘောပေါက် သွားပြီး ရှိသေစွာ ဝတ်ပြုလို့၊ အရှင်ဘုရား လွန်စွာ သင့်တ





လျောက်ပတ်လှပါ၏လို့ ဝန်ခံလျှောက်ကြားသိမှု ပြုပေတယ်၊ ဒီအမေးအဖြေကို ထောက်ထားဆင်ခြင်ကြည့်ရင် ဆင်းရဲချမ်းသာ ကွာခြားမှုကို ဒကာ ဆင်ခြင်မိလောက်ရောပေါ့"

"မှန်ပါ၊ ဆင်ခြင်မိကြောင်းပါ ဘုရား"

"အမှန်က ကံခြားနားခြင်းကြောင့်သာလျှင် ဘဝပေး အကျိုး တရားတို့ ခြားနားခြင်းဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနဲ့ ထဲထဲဝင်ဝင် မှတ်သားသင့်တယ်"

"မှန်ပါ ဘုရား"

"အဓိက နားလည်ရမှာက မကောင်းမှု အကုသိုလ်ကို ရှောင် ကြဉ်မှသာလျှင် မကောင်းသောအကျိုးမှ လွတ်ကင်းမယ်ဆိုတာ ပါပဲ"

"သဘောပေါက်ပါပြီ ဘုရား"

"အေး…အေး၊ ကောင်းမှုကုသိုလ်ကို ပြုခဲ့ရင်တော့ ကောင်းမှု အကျိုးကို နောင်တစ်ချိန်မှာ မလွဲမသွေ ခံစားရပေမပေါ့"

"မှန်ပါ"

"အကြောင်းမကောင်းရင်"



www.burmeseclassic.com

www.burmeseclassic.com



“အကျိုးလဲ မကောင်းနိုင်ပါဘူး ဘုရား”

“ဟုတ်ပြီ၊ အကြောင်းကောင်းခဲ့ရင်တော့”

“မုချ အကျိုးကောင်းမှာပါ ဘုရား”

“ဒါလောက် သဘောပေါက်ရင် ဒကာ့ကို ရှင်းပြရကျိုးနပ်ပြီး ဆိုရမှာပါ၊ တစ်ဆက်တည်းဆိုသလို အလျဉ်းသင့်တုန်း ပြောပြရပေဦးမယ်”

“မိန့်တော်မူပါ ဘုရား”

“တို့ ဗုဒ္ဓဘုရားရှင်ရဲ့ တရားဓမ္မဟာ အကြောင်းနှင့်အကျိုးဟူသော သဘာဝနိယာမကို အခြေခံတဲ့ တရားတော်ဖြစ်ကြောင်း သိသင့်လှပေတယ်”

“မှန်ပါ့”

“ဗုဒ္ဓဘာသာဝင် အတော်များများ လေ့လာကြတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်မှာသော် လည်းကောင်း၊ အဆင့်မြင့် ဗုဒ္ဓဘာသာဝင်တို့ လေ့လာကြတဲ့ ပဋ္ဌာန်းတရားတော်ကြီးမှာ လည်းကောင်း အကြောင်းနှင့် အကျိုးတို့ အဖန်ဖန် လှည့်ပတ်ဖြစ်ပေါ်နေပုံကို ပြဆိုထားပေတယ်”





“မှန်ပါ့”

“အကြောင်းတရားကြောင့်သာလျှင် အကျိုးတရားတို့ ဖြစ်ကြရတယ်၊ အကြောင်းမရှိခဲ့ရင် အကျိုးတရားဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပေဘူးလေ”

“မှန်ပါ့”

“ဒါကြောင့် အကြောင်းမှအကျိုး, အကျိုးမှအကြောင်း, တစ်ဖန်၊ အကြောင်းမှအကျိုး လှည့်ပတ်ဖြစ်တည်နေမှု နိယာမတရားကြီးကို သဘောပေါက်သင့်လှပေတယ်”

“သဘောပေါက်ကြောင်းပါ ဘုရား”

“ကဲ…ကဲ၊ ဒါယကာ့ကို ပိုပြီး သဘောပေါက်အောင် ဥပမာလေးတစ်ခုနဲ့ တင်စား ပြောပြဦးမယ်”

“မှန်ပါ့”

“ဒီကမ္ဘာလောကကြီး တစ်ခွင်လုံးမှာ ရေခိုးရေငွေ့တွေ၊ ပျံ့နှံ့တည်ရှိနေတာ၊ ဒကာ သိမှာပေါ့”

“မှန်ပါ့ ဘုရား”

“အဲဒီ ရေခိုးရေငွေ့တွေဟာ အအေးဓာတ်နဲ့ ဆုံမိတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ရေအဖြစ် ပြောင်းလဲပြီး မိုးရွာချတယ် မဟုတ်လား''

''မှန်လှကြောင်းပါ ဘုရား''

''အဲဒီရေသည်ပင် ပိုပြီးအေးတဲ့ ရာသီဥတုမှာ ဓာတ်တစ်မျိုးနဲ့ စီရင်လိုက်ပြန်ရင် ရေခဲတုံးကြီးအသွင် ဖြစ်မသွားပေဘူးလား''

''ဖြစ်ပါတယ် ဘုရား''

''နောက်…အဲဒီ ရေခဲတုံးဟာ အပူဓာတ်နဲ့ တွေ့ပြန်တော့ အခိုးအငွေ့ ဖြစ်ရပြန်ရော''

''မှန်ပါ့''

''အဲဒီလို အခိုးအငွေ့၊ ရေ၊ ရေခဲတို့ ဓာတ်တစ်ခုရဲ့ ထိတွေ့ ပြုပြင်၊ ပြောင်းလဲမှုကြောင့် လှည့်ပတ်ဖြစ်နေရမှုကို အကြောင်းမှ အကျိုး၊ တစ်ဖန် အကျိုးမှအကြောင်း ဟူတဲ့ သဘာဝ နိယာမ တရားတော်ဟာ ထင်ရှားလှတဲ့ ဒိဋ္ဌဓမ္မ မဟုတ်ပေဘူးလား''

''မှန်လှပါတယ် ဘုရား''

''ထိုနည်းတူ ရုပ်,နာမ်တရားတို့ရဲ့ ကြောင်းကျိုးဆက်စပ် လှည့်ပတ် ဖြစ်ပေါ်နေမှု သဘောကို သိသင့်လှပေတယ်''





''မှန်ပါ့''

''သတ္တဝါတို့ရဲ့ ဖြစ်မှု(**ဇာတိ**)သည် အိုမှု၊ သေမှုဆိုတဲ့ ဇရာ၊ မရဏအကြောင်းဖြစ်ပြီး တစ်ဖန် သေမှုသည်လည်းပဲ ဘဝသစ်မှု (**ဇာတိ**)ရဲ့ အကြောင်းတရား ဖြစ်ရပြန်ပေတယ်''

''မှန်ပါ့ ဘုရား''

''အခိုးအငွေ့ ပျက်စီးခြင်းဟာ ရေဖြစ်ခြင်းအကြောင်း ဖြစ်သလို တစ်ဖန် ရေပျက်စီးခြင်းဟာ ရေခဲဖြစ်ခြင်းအကြောင်း မဟုတ်ပါလား''

''မှန်ပါ့ ဘုရား''

''နောက်ပြီး ရေခဲပျက်စီးခြင်းကရော''

''ရေဖြစ်ခြင်းအကြောင်းပါ ဘုရား''

''ဟုတ်ပြီ၊ ဒီဥပမာ အတိုင်းပါပဲ၊ ဘဝတစ်ခု ဒါမှမဟုတ် ရုပ်,နာမ်တစ်ခု ပျက်စီးခြင်းဟာ နောက်ဘဝသစ်၊ ရုပ်,နာမ်သစ် တစ်မျိုး ဖြစ်ပေါ်ခြင်း အကြောင်းဆိုတာကို သဘောပေါက်သင့် ပေတယ်''



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ ဘုရား"

"အဝိဇ္ဇာ၊ တဏှာ စသည် မကင်းတဲ့ သတ္တဝါရဲ့ ယခုဘဝ ရုပ်,၏ ပြုပြုသမျှသော ကုသိုလ်ကံ,အကုသိုလ်ကံ အားလုံးစုံဟာ နောင်ဘဝဖြစ်တည်မဲ့ ဘဝသစ် ရုပ်,နာမ်ကို ကောင်းကျိုး၊ ဆိုးကျိုး အသီးအပွင့်တို့ပေးမှာသေချာတယ်။

"မှန်ပါ့"

"ဒီတော့ နာမ်,ရုပ်အဟောင်းရဲ့ ဘဝဟောင်းက ပြုခဲ့သမျှ ကောင်းမှု၊ ဆိုးမှုတွေကို နာမ်ရုပ်အသစ်က မုချ အခြေခံ အမှီသဟဲ ပြုရပေမှာပဲ၊ ဒါကြောင့် အခုဘဝ ခံစား၊ စံစားရခြင်း သဘောဟာ ရှေးယခင် ဘဝဟောင်းက ပြုခဲ့သမျှ ကောင်းကျိုး, ဆိုးကျိုးတို့ရဲ့ အကြောင်းကြောင့်ဆိုတာ စွဲမြဲစွာ မှတ်သင့်သလို အဲဒီကြောင်းကျိုး ဆက်စပ်မှုကို ဘယ်လိုနည်းနဲ့မှ ရှောင်ဖယ်လို့ မရနိုင်ဘူးဆိုတာ ပြောကြားရင်း နားကြစို့လား"

"မှန်ပါ့ ဘုရား"

■



## အခြေခံစစ်ကြော ဇာတိသဘော

"ဟာကွာ၊ ဘာတစ်ခုမှ အဆင်မပြေဘူး၊ သေသာသေလိုက်ချင်တော့တယ်၊ ဒီဘဝ မြန်မြန်ဇာတ်သိမ်းရင် မြန်မြန်အေးတာပဲ"

တရားဓမ္မအသိ နုံ့နည်းသူတို့က ပြီးပြီးရော စကားမျိုးသို့ကလို့, ပြောကြားလေ့ရှိသည်။ သို့သော် ကြောင်းကျိုး ဖြစ်စဉ်အမှန်အတိုင်းတွေးသော် အောက်ပါအတိုင်း ရှုမြင်ရမည် သာ။ ဇာတ်ရုပ်သေး ကပြရာမှာ ဇာတ်ကောင်တစ်ကောင် အနေအထားဖြင့် သူ့အခန်းဆိုင်ရာ အဝတ်တန်ဆာ ဆင်ယင်၍ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရသလိုမျိုး သတ္တဝါအပေါင်းတို့မှာလည်း သုံးဆယ့်တစ်ဘုံအတွင်း တစ်ခုခုသော ဘုံဘဝမှာ စုတေ၍ တစ်ဘဝဇာတ်သိမ်းကြပြီးသည် မဟုတ်ပါလေ။

'ကံ'ချထားရာ ဘုံဘဝမှာ တစ်ဘဝ၊ တစ်ဇာတ်ကွက် ထွက်ရပြန်သည်ကို နားလည်သဘောပေါက်သင့်လှပေသည်။ ဘဝသစ် ဖြစ်ပေါ်မှုတွင် 'ဇာတ်နိုင်မှု'အပိုင်း၌ အစိုးရသော ဇရာတရား, 'ဇာတ်သိမ်းမှု'အပိုင်း၌ အစိုးရသော မရဏတရားတို့က အပြီးအပိုင် ပါရှိလာခဲ့သည်သာတည်း။ သတ္တဝါ ခပ်သိမ်းတို့ သန္တာန်၌ ဖြစ်ပေါ်ပါရှိလာတဲ့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ အစုအပေါင်းကို ရင့်မာမှု၊ ရင့်ရော်မှု၊ အိုမှုတရားကြီးတွေက အသီးသီးချုပ်ကိုင်ပြီး အဆုံးသတ်ပျက်သုဉ်းစေမယ့် သေမှု (**မရဏ**)သဘောကို ကျရောက်အောင် ခေါ်ဆောင်သွားတာချည်းပါပဲ။

ဒါကြောင့် ဘဝခန္ဓာဟာ ဖြစ်တည်လာတာနဲ့ တစ်ပြိုင်နက် သေမှု မရဏဆီကိုရောက်အောင် ခဏမစဲ၊ နာရီမစဲ၊ နေ့ညမစဲ၊ အမြဲ တွင်တွင်နှင်နေကြောင်း ရှုမြင်သုံးသပ်သင့်ကြပေတယ်။ ဒီနေရာမှာ ဇာတိအကြောင်း ပြောပြချင်တယ်။ ဇာတိဆိုတာ သုံးမျိုးရှိပေတယ်။ အဲဒီဇာတိသုံးမျိုးကတော့-ဘဝသစ်ဇာတိ၊





သန္တတိဇာတိ၊ ခဏိကဇာတိတဲ့။ အဲဒီသုံးမျိုးအကြောင်း ရှင်းပြမယ်။

**ဘဝသစ်ဇာတိ**ဆိုတာက ဖြစ်ရာဘုံဘဝမှ စုတေပြီးနောက် ထိုထို ဘုံဘဝတစ်ခုခုမှာ အစဦး ဖြစ်ပေါ်မှုလို့ ဆိုရမှာဖြစ်ပါတယ်။ **သန္တတိဇာတိ**ကတော့ တစ်ဘဝအတွင်းမှာ တစ်ထိုင်အတွင်း၊ တစ်ရက်အတွင်း၊ တစ်လအတွင်း၊ တစ်နှစ်အတွင်း ကိုယ်ခန္ဓာမှာ အထူးထူး အထွေထွေ ပြောင်းလဲပြီး အသစ်သစ်သော ဖြစ်ပေါ်မှုတွေကို ဆိုလိုတယ်လေ။ **ခဏိကဇာတိ**ဆိုတာနဲ့ ပတ်သက်လို့ ပြောရရင်ဖြင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ရုပ်, နာမ်တရားတွေ ကုဋေကုဋာမက ဖြစ်ပေါ်ပြောင်းလဲနေမှုပေပဲ။ အဲဒီ ဇာတိသုံးမျိုးကို ဆင်ခြင်မိတာနဲ့ ရုပ်,နာမ် တရားတို့ရဲ့ မမြဲသော ပြောင်းလဲမှုကို သံဝေဂရနိုင်ပေတယ်။ ဇာတိသုံးမျိုး သုံးစားရှိတဲ့ နည်းတူ၊ ဇရာသုံးမျိုး၊ မရဏသုံးမျိုးလည်း ရှိပေတယ်။ ရှင်းရှင်း ပြောရရင်တော့···

'**အိုမင်းမှုဇရာ**' အစဉ်တစိုက် အိုမင်းမှု အရွယ်ရောက်လျက် ဆံဖြူ၊ သွားကျိုး၊ အရေတွန့်စသည် ထင်ရှားမြင်သာသော အိုမင်းမှု 'သန္တတိဇရာ' အခွင့်အခါ အားလျော်စွာ တစ်နှစ်၊ တစ်လ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်၊ တစ်နာရီ၊ တစ်စက္ကန့်အတွင်း ခန္ဓာကိုယ်၌ လျှော့ကျဆုတ်ယုတ် ပျက်စီးနေခြင်းသဘော။ 'ခဏိကဇရာ' လှုပ်လှုပ်ရွရွ တောက်လောင်နေသော မီးတောက်အလား ရုပ်,နာမ် တရားတို့ မမြဲသောသဘော သဘာဝဖြင့် ဖြစ်ပျက်ပြောင်းလဲ နေကြရာတွင် အဖြစ်အပျက်တို့အကြား အကူးအပြောင်းကာလဟု မှတ်ရပေမယ်။ ဇရာသဘောကို ဆင်ခြင်ခြင်းဟာ တရားထူးကို ဖြစ်ပေါ်စေမယ်၊ ရရှိစေတယ် ဆိုရမယ်၊ ထိုနည်း မရဏသုံးမျိုး သုံးစား အကြောင်းကိုလည်း ဖော်ပြရဦးမယ်။

'**ဘဝခုံးမရဏ**' တစ်ဘဝလုံး၏ နိဂုံးချုပ် အဆုံးသတ်ကာလ သေဆုံးမှုကိုခေါ်တာပါ။ '**သန္တတိမရဏ**' တစ်နှစ်၊ တစ်လ၊ တစ်ရက်၊ တစ်စက္ကန့်၊ တစ်ထိုင်အတွင်း ရုပ်,နာမ်တရားတို့ ပျက်မှု၊ သေဆုံးမှု သဘော၊ '**ခဏိကမရဏ**' လျှပ်တစ်ပြက်အတွင်း ရုပ်,နာမ်တရားတို့ လျင်မြန်စွာ ပျက်နေမှု၊ သေမှုသဘော၊ ဒါကြောင့် အဲဒီဇာတိ၊ ဇရာ၊ မရဏသဘောတွေကို ဉာဏ်မီအောင် တွေးတော ဆင်ခြင်သင့်လှတယ်။

အဲသလိုဆိုရင် ဇာတိကြောင့် ဇရာဖြစ်ရတယ်။ ဇရာကြောင့် မရဏဖြစ်ရတယ်။ သည်သို့သည်နှယ် သတ္တဝါတို့ရဲ့ သန္တာန်ရှိ





ရုပ်,နာမ်တရားဟာ ဖြစ်ပြီးရင့်၊ ရင့်ပြီး တစ်ဖန် ပျက်ရ ပြန်တယ်။ နောက်ပျက်ပြီးပြန်ဖြစ်နဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်အတိုင်း ဒလစပ် အဆက်မပြတ် လှည့်လည်နေတော့တယ်။ လူသတ္တဝါ တို့မှာ ပဋိသန္ဓေဖြစ်တည်တာနဲ့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ နှစ်ပါးဟာ ခွဲစည်းတည်ရှိတော့တာပဲ။ သူတို့နှစ်ဦးဟာ ဘဝတစ်သက်တာ ပတ်လုံး မရဏတရားက ခွဲမခေါ်သရွေ့ လက်တွဲနေတယ်ဆိုရ မှာပဲ။ ရုပ်တရားဟူသည် အပူအအေး စသည်တို့ကြောင့် အမြဲတမ်း ဖောက်ပြန်တတ်တဲ့ သဘောကို ဆောင်လေ့ရှိတယ်။ ရုပ်ဖောက်ပြန်ခြင်းရဲ့ အကြောင်းတရားများစွာရှိပုံကို ရှင်းပြ ပေးမယ်။

ဥပမာ…အအေးလွန်ကဲတဲ့ ဆောင်းအခါသမယတွေမှာ ရုပ် ဖြစ်တဲ့ ခန္ဓာကိုယ်ဟာ မည်းမည်း၊ ညိုညို၊ ပြာပြာ ဖြစ်မနေ ဘူးလား။ နောက်ပြီး အအေးမိလို့ နာဖျားပေမယ်။ နေပူတဲ့အခါ များမှာ ကြည့်ဦး။ အသားအရေ နီမြန်းမယ်၊ အပူကြီးလို့ နာဖျား ခြင်းဖြစ်မယ်၊ ဒါ့အပြင် ထိရှလို့ နာဖျားဖြစ်မယ်၊ မြွေကင်း စသည် အဆိပ်ရှိ သတ္တဝါ ကိုက်ခဲလို့ အနာဖြစ်မယ်၊ သေမယ်၊ မိန်းမောမယ်၊ မှတ်ခြင်ကိုက်ခဲမှုကြောင့် အဖုအပိန့် ထမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆာ ရေငတ်ခြင်းကြောင့် အသားအရေ ခြောက်ခမ်းမယ်၊ ဒီလို မဟုတ်လား။ ရုပ် (၂၈)ပါးရှိတဲ့အနက် အရေးကြီးဆုံး (၁၉)ပါးထဲက မဟာဘုတ် ရုပ်(၄)ပါးအကြောင်း မှတ်သားကြည့်ပါဦး။ ဒီမဟာဘုတ် (၄)ပါးက ရုပ်(၂၈)ပါးထဲမှာ အမာခံပေကိုး။

ပြောရရင် အခြေခံ, အမာခံ ဓာတ်ကြီး(၄)ပါးကို မဟာဘုတ် (၄)ပါးလို့ ခေါ်ဆိုပြီး ယင်းမဟာဘုတ် (၄)ပါးဟာ အခြားအခြားသော ရုပ်တရားများရဲ့ မှီခိုအားထားရာ, အမှီသဟဲပြုရာ အမာခံဓာတ်ကြီးများ ဖြစ်ပေတယ်။

## (၁) ပထဝီဓာတ်

ရုပ်တရားစုကို ခံယူဆောင်ထားနိုင်လောက်အောင် ခိုင်မာတဲ့ ရုပ်မျိုး ဖြစ်တယ်။ (တစ်နည်း) မြေဓာတ်လို့လည်း ခေါ်တယ်။ ပထဝီဓာတ်ရဲ့ သဘောသဘာဝ ခိုင်မာမှုကို အခြေပြုတယ်။

## (၂) အာပေါဓာတ်

အတူဖြစ်ဖက် အမှုန့်ကလေးတွေကို ပူးတွဲ ပေါင်းစပ်စေနိုင်တဲ့ ရုပ်မျိုးဖြစ်ပြီး ယင်းကို ရေဓာတ်လို့လည်း ခေါ်တယ်။ ယိုစီးခြင်း





ဆိုတဲ့ အာပေါဓာတ် သဘောကတော့ ပကတိရေဟာ မြေမှုန့်၊ နှံမှုန့် စသည်တို့ကို ပေါင်းစပ်စုစည်းပေးသလို ပေါင်းစပ်စေတဲ့ သဘောသတ္တိတွေ ရှိတယ်။ အာပေါဓာတ်အနေနဲ့ သတ္တိလွန်ကဲလာတဲ့အခါ မိမိနဲ့အတူ ဖြစ်ဖက်ရုပ်တွေကို အရည်ဖြစ်စေပြီး ယိုစီးခြင်း သဘောကို ဆောင်စေတော့တယ်။

ဥပမာ ချွဲ၊ တံတွေး၊ ကျင်ငယ်တို့ ထွက်စေခြင်းမျိုးပေါ့။

## (၃) တေဇောဓာတ်

စိုစွတ်သော ရုပ်၊ အမှုန့်များကို သွေ့ခြောက်စေသည့် ဓာတ်သဘော ရုပ်ပင်ဖြစ်၏။ ကျန်းမာသူတွေရဲ့ ခန္ဓာကိုယ်မှာ နွေအခါ အအေးငွေ့ရှိပြီး ဆောင်းအခါ အပူငွေ့ရှိတယ်၊ အအေးငွေ့ကို 'သီတတေဇော'လို့ခေါ်ပြီး အပူငွေ့ကိုတော့ 'ဥဏှတေဇော' လို့ ခေါ်ဆိုကြောင်း မှတ်သားသင့်ပြန်တယ်။ အေးမြတဲ့ရေ၊ ရေခဲ စသည်တို့ဟာ သီတတေဇော, လွန်ကဲတဲ့ ရုပ်အစုအဝေးတွေ ဖြစ်သလို နေ၊ မီးတို့ကြောင့် ဥဏှလွန်ကဲတဲ့ ရုပ်အစုအဝေးတွေ ဖြစ်ကြရတယ်။

## (၄) ဝါယောဓာတ်

အတူဖြစ်ဖက် ရုပ်အစုကို အချင်းချင်း ပေါင်းစပ်ထိကပ်နိုင်အောင် တွန်းထိုးထောက်ကန်တတ်တဲ့ ရုပ်တရားဖြစ်တယ်။ အဲဒီ လေဓာတ်ကို လွယ်လွယ်ဆိုရင် 'ဝါယောဓာတ်လို့'



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ အကြမ်းအားဖြင့် ခန္ဓာကိုယ် အတွင်းမှာ ခြောက်မျိုးသော လေဓာတ်တွေ ရှိနေပြန်တယ်။ အဲဒီလေဓာတ်တွေကြောင့် ခန္ဓာကိုယ်မှာ ကျန်းမာမှု၊ မကျန်းမာမှုဆိုတာ ဖြစ်တတ်ပြန်ပေတယ်။

ပြောရရင် ဖော်ပြခဲ့တဲ့ ဓာတ်ကြီးလေးပါးတို့ဟာ အထည်ကိုယ် အမာခံရုပ်များဖြစ်ပြီး အဲဒီ ဓာတ်ကြီးလေးပါးကို မှီတွယ်ဖြစ်ပေါ်ရတဲ့ ပသာဒရုပ်ဆိုတာတွေက ရှိသေးတယ်။ ပသာဒရုပ်ဆိုတာ ငါးမျိုးရှိပြန်တယ်။

(၁) စက္ခုပသာဒ

အခုခေတ် အသံဖမ်း၊ အရိပ်ဖမ်း၊ ဓာတ်ပုံ၊ ကင်မရာ၊ အသံလွှင့်စက်၊ ရေဒီယို၊ တယ်လီဗေးရှင်းတွေနဲ့ မခြားပါဘူး။ ဆိုရရင် မျက်လုံးအတွင်း ပျံ့နှံ့တည်နေတဲ့ အကြည်ဓာတ်ကို 'စက္ခုပသာဒ' လို့ခေါ်ပါတယ်။ မျက်လုံးအတွင်း မျက်ဝန်းနက်ရဲ့ အလယ်တည့်တည့်မှာ စက္ခုအကြည်ဓာတ်ပေါင်း များစွာ ပျံ့နှံ့တည်ရှိနေပါတယ်။ အမျိုးမျိုး၊ အထူးထူးသော အဆင်းအရောင် စတဲ့ ရူပါရုံတွေကို အဲဒီ စက္ခုအကြည်ဓာတ်က ဖမ်းယူရရှိပေတယ်။ ဒါကို ရူပါရုံသိတဲ့ စက္ခုဝိညာဉ်ခေါ် မြင်သိစိတ်ဖြစ်တယ်လို့ ဆိုနိုင်ပေတယ်။





(၂) သောတပသာဒ

နားပေါက်အတွင်းဖက်မှာ လက်စွပ်သဏ္ဌာန်ရှိပြီး ပျံ့နှံ့တည်ရှိနေတဲ့ အကြည်ဓာတ်ကို ခေါ်တယ်။ အမျိုးမျိုး၊ အထွေထွေသော သဒ္ဒါရုံကို ဖမ်းယူနိုင်ပြီး အဲဒါကို သောတဝိညာဉ်ခေါ် ကြားသိစိတ်လို့လည်း ခေါ်ပေတယ်။

(၃) ဃာနပသာဒ

နှာခေါင်းအတွင်း ဆိတ်ခွာသဏ္ဌာန်နှင့်တူသော အရပ်၌ ပျံ့နှံ့၍ တည်ရှိနေသော အကြည်ဓာတ်များစွာကို ခေါ်ဆိုခြင်းဖြစ်သည်။ အမျိုးမျိုး အဖုံဖုံသော ဂန္ဓာရုံခေါ် အနံ့တွေကို အဲဒီ ဃာနပသာဒက ဖမ်းယူပြီး ဒါကို ဃာနဝိညာဉ်ခေါ် နံ့သိစိတ်လို့ ခေါ်တယ်။

(၄) ဇိဝှါပသာဒ

လျှာအလယ်မှာ ကြာပွင့်ဖက်များနဲ့ အလားသဏ္ဌာန်တူသောအရပ်မှာ ပျံ့နှံ့၍ တည်ရှိနေတဲ့ အကြည်ဓာတ်ကို ခေါ်ဆိုခြင်း ဖြစ်ပါတယ်။ စားသောက်သမျှ အရာတွေမှာ ပါဝင်တဲ့ အရသာခေါ် ရသာရုံကို အကြည်ဓာတ်က ဖမ်းယူနိုင်တယ်။ ဒါကို ဇိဝှာဝိညာဉ်ခေါ် အရသာ သိစိတ်လို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



(၅) ကာယပသာဒ

ခြောက်သွေ့တဲ့ အသားအရေမှတစ်ပါး တစ်ကိုယ်လုံးရှိ အရပ်တိုင်းမှာ ပျံ့နှံ့တည်ရှိနေတဲ့ အကြည်ဓာတ်ကို ခေါ်တယ်။ ထိမိ၊ တိုက်မိ၊ ထိစပ်မိသမျှ ဖောဋ္ဌဗ္ဗာရုံတွေကို ဖမ်းယူသိရှိနိုင်ပြီး ဒါကို ကာယဝိညာဉ်ခေါ် ထိသိစိတ်လို့ ခေါ်တယ်။

အာရုံဆိုတဲ့ ဝေါဟာရဟာ ပါဠိစကားဖြစ်တဲ့ 'အာရမဏ' ကနေ မြန်မာမှုပြုထားတဲ့ စကားဖြစ်ပြီး 'စိတ်၏မွေ့လျော်ရာ' လို့ စကားပြေ ပြန်ဆိုနိုင်တယ်။ မည်သည့်စိတ်မဆို အာရုံတစ်ခုခု နဲ့ ကင်းလို့မဖြစ်နိုင်ပေဘူး။ အာရုံရှိမှသာ စိတ်ရှိနိုင်တယ်။ စိတ် ဖြစ်နိုင်တယ်။ ဒါကြောင့် အာရုံဟူသမျှသည် စိတ်၏ မွေ့လျော် ဖွယ်ရာဖြစ်ကြောင်း မှတ်သင့်တယ်။ ကဲ…အာရုံအကြောင်းကို ဒီနေရာမှာ ခဏ ရပ်ထားကြပါစို့…

ဒီတော့ကာ စိတ်ဆိုတာလေးရဲ့ သဘောသဘာဝလေးကို နည်းနည်းလောက် စောကြောကြည့်ကြစို့လား။ လူ၊ သတ္တဝါ အားလုံးဟာ ဟိုဟာသိ, သည်ဟာသိနဲ့ အချိန်ရှိသမျှ အာရုံတွေကို သိနေကြလေရဲ့။ အဲဒီလို အာရုံတွေကို သိတတ်တဲ့ အနေအထား ကိုပဲ စိတ်လို့ဆိုရခြင်း ဖြစ်ပေတယ်။ သို့ငြား သိတယ်လို့သာ





ဆိုရတယ်။ တကယ့်ဉာဏ် သိသိချင်းတော့မဟုတ်ပေဘူး။ အာရုံကို ယူနိုင်ခြင်း သို့မဟုတ် အရောင်အဆင်း ပုံသဏ္ဌာန်အမျိုးမျိုးကို သာမန်မျှ သိခြင်းသာ ဖြစ်တယ်။

စိတ်၌ အထည်ကိုယ်ဒြပ် ထင်ရှားမရှိ။ ရုပ်တရားနဲ့ မတူ အလွန် သိမ်မွေ့လှစွာ၏။ စိတ်ကို မည်သည့် သိပ္ပံကိရိယာနှင့်မျှ စမ်းသပ် သိရှိနိုင်မည်မဟုတ်။ ဘုရား၊ ရဟန္တာများသာ အသိ ဉာဏ်၊ ဝိပဿနာဉာဏ်တို့ဖြင့် သိနိုင်ပေတယ်။ အထူး သိစေ ချင်တာက စိတ်နဲ့တွဲလျက်သားဖြစ်တဲ့ စေတသိက်တွေပဲဖြစ်တယ်။ စိတ်နဲ့ စေတသိက်ဆိုတာက ပမာဆိုရရင် 'မီးနဲ့ အပူ'လို ဆားနဲ့ အငန်ဓာတ်လို သတ္တိနဲ့ သတ္တိရှိသူ၊ သစ်ပင်နဲ့ အရိပ်လို ခွဲခြား မရအောင် ယှဉ်တွဲနေတဲ့ အရာကို ခေါ်တယ် ဟုတ်ပြီလား။

စိတ်ဆိုတာက အာရုံကို ခံယူခြင်းသဘောရှိပြီး စေတသိက် ကတော့ ယင်းစိတ်ရဲ့ ဂုဏ်သတ္တိဆိုရင် မမှားပေဘူးပေါ့။ စေတသိက်ဟာ များသောအားဖြင့် စိတ်ဖြစ်တိုင်း ပါရှိတတ်တယ် လေ။ ဖြူစင်ရိုးသားတဲ့စိတ်ကို မည်းညစ်သွားအောင် စိတ်ပုတ်၊ စိတ်ယုတ်ဖြစ်အောင် ခြယ်လှယ်စီမံပေးတတ်တယ်။ ဒါပေမယ့် အကောင်းဖက်ကလည်း ကြည့်နိုင်ပါတယ်။ မည်းညစ်နေတဲ့ စိတ်ပုတ်၊ စိတ်ယုတ်တွေကို ဖြူစင်သန့်စင်သွားအောင်လည်း



www.burmeseclassic.com

www.burmeseclassic.com




စေတသိက်က စီမံခြယ်လှယ်ပေးတတ်ပြန်ပါသေးတယ်။

ဒါကြောင့် ရှေးသူတော်ထုံးနှလုံးမူပြီး စိတ်ကို အတတ်နိုင်ဆုံး ကြည်လင်အောင်၊ သန့်ရှင်းအောင်၊ မကောင်းမှုမှာ မမွေ့လျော်အောင်၊ ကြိုးစားထိန်းသိမ်း၊ စိတ်ကိုနိုင်အောင် နှိမ်နင်းထိန်းအုပ်ခြင်း သည်သာ သူတော်ကောင်းတို့ရဲ့ အကျင့်ဖြစ်တဲ့ အလျှောက်၊သမာဓိ အကျင့်ဆိုတာကို မဖြစ်မနေ ကျင့်ကြံရပါမယ်။ စိတ်အလိုလိုက်မှု ကြောင့် မဖြစ်သင့်တာတွေဖြစ်၊ ဒုက္ခမရောက်သင့်ဘဲ ရောက်ရတဲ့ အကြောင်းတွေ သာဓကပြရရင် ကုန်နိုင်မှာကို မဟုတ်ပါဘူး။ စိတ်အကြောင်း အကျယ်ချဲ့ ရေးနေရင်လည်း ဆုံးနိုင်မှာ မဟုတ် လေတော့ စိတ်ဆိုတာက ဒီမျှ သဘောလောက် သိထားပြီး နောက် အခန်းကဏ္ဍတွေဆီ သွားကြဦးစို့လား။

■





## လူဆိုတာ . . .

'မနုဿတ္တ ဘာဝေါဒုလ္လဘော'တဲ့။ အဲဒါ သူသူ့ငါငါ ပြောဆိုနေကြတဲ့ ပြောရိုး၊ ပြောစဉ် စကားတစ်ခု ဖြစ်တယ်။ သို့ပြား အဓိပ္ပာယ် ကျယ်ကျယ်ဝန်းဝန်း သိကြသလားဆိုတော့ သိသူ အင်မတန် နည်းပါးပေလိမ့်မယ်။ ဒီစကားလုံးဟာ မြတ်စွာ ဘုရား ကိုယ်တော်တိုင်၊ မိန့်တော်မူခဲ့တဲ့ စကားတော်ဖြစ်ပြီး လူ့ဘဝဆိုတာ အင်မတန် ရခဲလှကြောင်း သိစေချင်လို့ ဖြစ်တယ်။

ပြောရရင် လူလာဖြစ်ခွင့်ရတဲ့ လူ့ပြည်၊ လူ့ဘဝဟာ စောင်း တန်းကြီး ဒါမှမဟုတ် လှေကားထစ်ကြီးရဲ့ အလယ်ဗဟို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါပဲ။ အထက်ကို တက်ချင်ရင် တက်လိုရသလို အောက်ဆင်းချင်တယ်ဆိုလည်း မိမိတို့ သဘောအတိုင်း ဆင်းရုံပဲလေ။ တကယ်ဆိုတော့ လူ့ဘဝ၊ လူ့ပြည်ဟာ နတ်တွေ၊ ဗြဟ္မာတွေ၊ အဲ…အထက်ဘုံသားတွေအတွက် စည်းစိမ်ချမ်းသာ အဖြာဖြာ တန်ခိုးသြဇာ အဆီအနှစ် စတာတွေကို ထုတ်လုပ်ဖြန့်ဖြူးပေးရာ ဌာနကြီး ဖြစ်သလို ငရဲဘုံ၊ အသူရကာယ်ဘုံ စတဲ့ နေရာတွေကို အလွယ်တကူသွားနိုင်တဲ့ ဗဟိုချက်မ၊ လေဆိပ်၊ သင်္ဘောဆိပ် စသည် ဆိပ်ကမ်းမြို့တော်ကြီး ဖြစ်ပေတယ်လို့ တင်စားရမှာပါပဲ။

ရခဲလှတဲ့ လူ့ဘဝကို ရောက်ခဲ့ရပြီဆိုရင် အင်မတန် ကံထူးလို့ပဲ။ သို့ပေမယ့် ဒါဟာ အထင်ကြီးစရာ ဘဝင်မြင့်စရာလည်း မဟုတ်ပေဘူး။

**"လောဘာဒီဟိ၊ အလောဘာဒီဟိစ သဟိတဿ မနုဿ ဥဿန္နတာယ မနုဿာ"**

ဆိုတဲ့ ဝိဂြိုဟ်အရ လောဘ၊ အလောဘ အစရှိသည့် စိတ်၏ ပြန့်ပြောများပြားသည်၏ အဖြစ်ကြောင့် လူ (သို့မဟုတ်) မနုဿ လို့ ခေါ်ဆိုကြောင်း သိထားတယ်ဆိုရင် လူ့လောကတစ်ခွင်ဟာ လောဘနဲ့ အလောဘတွေ ပျံ့နှံ့နေတဲ့ ဘုံဌာနဖြစ်ကြောင်း ဆင်ခြင်





နိုင်ပြီလို့ ဆိုရမှာပေါ့။ ဒီတော့ လောဘဆိုတဲ့ ကုသိုလ်စိတ်တွေ ပွားများပြီး အောက်ဘက်ဖြစ်တဲ့ အပါယ်ဘုံကို ဆင်းကြမလား၊ အလောဘဆိုတဲ့ ကုသိုလ်စိတ်တွေ ရှင်သန်ဖွံ့ဖြိုးပြီး ချမ်းသာခြင်း အတိဖြစ်တဲ့ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နိဗ္ဗာန်ရွှေပြည်အထိ လျှောက်လှမ်းကြမလား ရွေးချယ်ဖို့ လိုပြီလေ။ ဒီနေရာမှာ အရက်သမား အချင်းချင်း ပြောဆိုနေကြတဲ့ စကားတစ်ခွန်းကို ဥပမာ ပေးချင်လာမိတယ်။ အဲဒါက…

"ဟေ့ကောင်…သောက်စမ်းပါကွာ၊ သောက်သာသောက်၊ ဝအောင်သောက်၊ သေသွားလည်း ဘာဖြစ်လဲ၊ ဒီမှာ ကိုယ့်လူ၊ လူ့ဘဝရောက်တုန်း ရောက်ခိုက် အရက်သောက်ရတာ၊ မင်း သိထားဖို့က နတ်ပြည်၊ ဗြဟ္မာ့ပြည်မှာလည်း အရက်မရဘူး" အဲ…ငရဲပြည်မှာဆိုတာကတော့ ဝေလာဝေး၊ ဒီတော့ သောက်သာသောက်၊ ဟား…ဟား…ဟား"တဲ့။

အဲဒီ အရက်သမားစကားဟာ မကောင်းတာကို ဖောင်းပေးထားပေမယ့် မှန်သင့်သလောက် မှန်တယ်လို့ ယူဆမိတယ်။ တကယ်လို့သာ ကောင်းတဲ့အသိ ကောင်းတဲ့ဥပမေယျနဲ့ ပြောခဲ့မယ်ဆိုရင် တကယ့် အဖိုးတန်တဲ့ စကားတစ်ခုဖြစ်မှာ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ကြည့်လေ။ ဒါနဆိုတဲ့ လှူဒါန်းခြင်း၊ ကောင်းမှု သီလ ဆောက်တည်ခြင်းဆိုတဲ့ ကိုယ်ကျင့်တရား၊ ဘာဝနာဆိုတဲ့ သမထ ဝိပဿနာတရားကျင့်စဉ်တွေကို လူ့ဘဝမှတစ်ပါး၊ အခြားခြား သော ဘုံဘဝများမှာ ပြုလုပ်ခွင့်ရလိမ့်မယ်လို့ မထင်မှတ်လိုက် လေနဲ့။ သူတော်ကောင်းများနဲ့ ကြုံကြိုက်မိဖို့ နေနေသာသာ၊ သူတော်ကောင်း တရားများကို ကြားနာဖို့ အခွင့်အရေးဆိုတာ ကလည်း မရှိသလောက်ပါပဲ။ ဒါကြောင့် ရခဲလှတဲ့ လူ့ဘဝကို ရလာ၊ ရောက်လာချိန်မှာ နိဗ္ဗာန်ရွှေပြည်ခရီးကို မလှမ်းနိုင်တာ တောင် အထက်ပြည်တွေဖြစ်တဲ့ နတ်ပြည်၊ ဗြဟ္မာ့ပြည်တွေကို ရောက်နိုင်အောင် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးကို မဖြစ်မနေ ခံယူဆောက်တည်ကြရပါမယ်။

များသောအားဖြင့် လူတွေဟာ လောဘ၊ ဒေါသ၊ မောဟ ဆိုတာတွေနဲ့သာ တစ်နေ့ တစ်နေ့ နပန်းလုံး ထွေးလားရစ်ပတ် ဖြစ်နေကြတာ များတယ်။ အနည်းဆုံးတော့ လားရာဂတိကောင်းဖို့ အတွက် ဘာဝနာတရားများကို အချိန်ပေး ကျင့်သုံးသင့်ကြတယ်။ ဘာကြောင့် ဒီလို တိုက်တွန်းရသလဲဆိုတော့ ဘာဝနာပွားများခြင်း ဆိုတာ ပွင့်လွှင့်နေတဲ့ စိတ်ဆိုး၊ စိတ်ယုတ်၊ စိတ်ညစ်တွေကို အာရုံတစ်ခုခု၌ ထုံမွှန်းထားခြင်းမို့ ငြိမ်းအေးမှု ဦးစွာရသလို



ထူဆိုတာ...

နေ့မှာ ရုပ်၊နာမ်တို့ရဲ့ ဒလစပ် ဖြစ်ပျက်နေမှု အစုစုကို ဉာဏ်မျက်စိ နဲ့ ရှုမြင်သုံးသပ်တတ်ခဲ့ရင် ဝိပဿနာ ခရီးစဉ်ကို စတင်နေပြီ လို့ ဆိုရမှာပဲ ဖြစ်ပေတယ်"

ဝိပဿနာဖြစ်တော့ ဘာဖြစ်သလဲတဲ့။ **ဥပသမောခေါ်၊** ဝိပဿနာဖြစ်မှု၊ ပွားများအားထုတ်မှုကြောင့် နိဗ္ဗာန်၌ မွေ့လျော် တတ်သော စိတ်၏ အတိုင်းမသိ ချမ်းသာခြင်းကို ကေန်အမှန် ရရှိပေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ အပြန့်အပြောကျယ်ဝန်း ကြီးမား လှသည့် မဂ်တည်းဟူသော ရေကန်ကို ဝိပဿနာဖြင့်သာ အသေ အချာ ဖြတ်ကူးနိုင်မှာပင်။ သို့မှသာ ရင့်ကျက်သော သမာဓိကို ပိုင်ပိုင်ရလျက် မြဲမြံစွာ တည်ဆောက်ခြင်းဖြင့် ထုံးမွှန်းပြီး 'သန္တိ သုခ'ကို အမှန်ရမှာ ဖြစ်ပေတယ်။

ဒါကြောင့် စောစောက ပြောခဲ့တဲ့ အရက်သမားစကား ဥပမာ ရယ်၊ နောက်ပြီး အခြားသူတွေ ပြောတတ်ကြလေ့ရှိတဲ့...

"လူ့ဘဝဆိုတာ ရောက်ခိုက် ပျော်ပျော်သာနေ ကိုယ်လူတို့ ရေ၊ ဘဝကူးလို့ နောက်ဘဝရောက်တော့လည်း ရောက်လျှားပေါ့၊ ဟဲ...ဟဲ...ဟဲ"

ဒီစကားမျိုး ပြောဆိုတတ်ကြသူတွေဟာ ကြက်ဆူပင်လောက် အနှစ်သာရမရှိတဲ့ လူအန္ဓတွေရဲ့ အယူအဆစကား သက်သက်



www.burmeseclassic.com

www.burmeseclassic.com



မျှသာဖြစ်ကြောင်း နားလည်သင့်ကြပါတယ်။ ဒါကြောင့်ပင် မြတ်စွာဘုရားက အပါယ်လေးပါးဟာ သတ္တဝါတွေရဲ့ အိုးအိမ် လိုပါပဲဟု မိန့်ကြားခဲ့တာပါ။ လူသားတစ်ယောက်ရယ်လို့ ဖြစ်လာကြရင် လူပီသဖို့အတွက် နှိုင်းနှိုင်းချိန်ချိန်နဲ့ အကျိုးမဲ့ အလုပ်တွေကို မလုပ်ကြရပါဘူး။ လုပ်ဖြစ်ဖို့ အခွင့်အခါ ကြုံလာပြီဆိုရင်တော့ ကြိုးစားပြီး ရှောင်ရှားရပါမယ်။ မကောင်းတဲ့စိတ်တွေနဲ့ ကိလေသာမီးတွေကို မမွေးသင့်ကြပါဘူး။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ အရှိန်ရအောင် မမွေးသင့်ကြပါဘူး။ အမှန်တရား မဟုတ်တဲ့ မာယာတွေကို ရှောင်ကြဉ်နိုင်ကြမှ နောင်ဘဝ၊ ဘဝတွေမှာ အကျိုးကောင်းမယ်ဆိုတာ မှတ်ယူကြပါ။

ရွာတစ်ရွာက ကိုဖိုးတုတ်ဆိုတဲ့ လူတစ်ယောက်ဟာ မကောင်းတဲ့ ဒုစရိုက်အလုပ် မှန်သမျှ ဝါသနာထုံတယ်။ သိတတ်စကတည်းက ဆိုရမှာပဲ။ ကောင်းတာဆို ဘာမှမလုပ်တဲ့ လူလို့လည်း ဆိုနိုင်ပါတယ်။ ပြောရရင် အရွယ်ရောက်လာတာနဲ့အမျှ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်၊ ဓားပြတိုက်၊ ထောင်ကျ အလုပ်တွေနဲ့သာ အချိန်ကုန်ခဲ့တယ်။ ကုန်ကုန်ပြောရရင် ထောင်ထဲက ထွက်လာလို့ ရွာမှာ ပြန်နေတာတောင် စီခနဲဆို ဖိုးတုတ်သာဖြစ်တယ်။ ဒီတော့ ရွာအော့ကျောလန် ဖိုးတုတ်လို့ ဆိုရမှာ





ပေါ့။ နောက် ဝက်သတ်၊ ကြက်သတ်၊ နွားသတ်၊ ဆိတ်သတ်တဲ့ လုပ်ငန်းတွေကိုလည်း ရွာထဲမှာ ဖိုးတုတ်က ဒိုင်ခံလုပ်ပေးတယ်။ ဒုစရိုက် အကုသိုလ်ဘက်တော်သား ဖိုးတုတ်ပေပေါ့။ တစ်နေ့မှာ မြို့ကို ဈေးသွားဝယ်တဲ့ သူကြီးသမီး အရှောအလှပြန်အလာကို လမ်းကစောင့်ပြီး ဓားထောက် တောထဲခိုးပြေးသွားတော့ သူကြီးဟာ မခံမရပ်နိုင်ဖြစ်ပြီး မြို့က ရဲစခန်းကို အကြောင်းသွားကြားတယ်။

ရဲတွေနဲ့ လိုက်ရှာကြတော့ တောကြီးမြက်မည်း တစ်နေရာမှာ သူကြီးသမီးလေးကို တွေ့ကြရတယ်။ မိန်းမပျိုလေးပြလို့ တစ်နေရာမှာ ကြည့်လိုက်တော့ ဖိုးတုတ်ဟာ ချောက်ကမ်းပါးက ချော်ကြပြီး တောင်စွန်းတစ်ခုက ရင်ဝထိုးစိုက်လို့ တံစို့ထိုးသလို ရှိပေပေါ့။ ဒီအဖြစ်အပျက်ကိုကြည့်ရင် ဖိုးတုတ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ရှားခဲလှတဲ့ လူ့ဘဝကို ရလာခဲ့တာဖြစ်ပေမယ့် သူဟာ လူမှန်း သိတတ်စကတည်းက မကောင်းမှုဒုစရိုက်၊ အကုသိုလ်တွေနဲ့သာ ဘဝရ နှီးနွယ်နေသူဖြစ်တဲ့အပြင် 'ဝိရောဂသိင်္ဂါရ ရသ' ကြမ္မာ ညှိုးယွင်း ပုပင်သောက ခံစားမှုနောက်သို့သာ အစဉ်တစိုက် လိုက်ခဲ့သူပီပီ နောင်ဘဝအတွက် ဘဝကူးကောင်းနိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ခုဘဝ အသေဆိုးသလို နောက်ဘဝမှာလည်း အကျိုးထူး မလာနိုင်ပါဘူး။

တကယ့်ကို ရေခံမြေခံကောင်းပြီး သဒ္ဓါတရားဆိုတာ လွှမ်းခြုံကြီးစိုးတဲ့ မြန်မာနိုင်ငံသား ဖြစ်ရတဲ့အပြင် ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဖြစ်ရတဲ့အတွက် လက်ခမောင်းတောင် ခတ်နိုင်ကြပါတယ်၊ ဂုဏ်ယူနိုင်ကြပါတယ်။ သို့ပေမယ့် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဗုဒ္ဓဘာသာအကြောင်း ထဲထဲဝင်ဝင် ဂဃနဏ မသိကြတဲ့သူ အတော်များများကို တွေ့ရတော့ ကရုဏာဒေါသ ဖြစ်ရသလို စိတ်မောတ်ကျမိတာ အမှန်ပဲလို့ ဆိုရပေမယ်။

မြတ်ဗုဒ္ဓရဲ့ ဆုံးမ ဩဝါဒအောက်မှာ နေထိုင်သူ၊ ကျင့်ကြံသူတွေ ဖြစ်တဲ့အားလျော်စွာ အဦးဆုံး ဗုဒ္ဓဘာသာပီပီ မေတ္တာတရားဆိုတာ အနည်းနဲ့အများရှိရမှာ ဖြစ်ပါတယ်။ ဒီအခြေခံ မေတ္တာတရားကနေ ထောက်ထားခြင်း၊ စာနာခြင်း၊ ညှာတာခြင်းဆိုတဲ့ အညွန့်၊ အညောက်တွေကို ထုတ်ပေးတာဖြစ်တာမို့ ပင်မဖြစ်တဲ့ မေတ္တာမျိုးစေ့ကို ပိုမိုကြီးထွားအောင် ပိုမို ထုတ်လုပ်နိုင်အောင် အစဉ်တစိုက် ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ မေတ္တာဆိုတာ မရှိခဲ့ရင် စောစောက သာဓကပြခဲ့တဲ့ ဖိုးတုတ်လို





အကုသိုလ် အညွန့်တလူလူနဲ့ သူမတူအောင် ဆိုးဝါးတဲ့ ငမိုက်သားဖြစ်မှာ မုချ မလွဲပါဘူး။

ရခဲလှတဲ့ လူ့ဘဝမှာ တတ်နိုင်သမျှ လင်းလက်တဲ့ အသိဉာဏ်ကိုရယူပြီး ကိလေသာမီး ပင်လယ်ကဖြတ်ထွက်နိုင်စွမ်းရှိတဲ့ လှေတစ်စင်းကို ရဖို့လိုပါတယ်။ အဲဒီလှေဟာ ဒုက္ခ၊ သုက္ခတွေသာမက အို၊ နာ၊ သေဆိုတဲ့ ဒုက္ခဘေးဆိုး၊ မရဏအိုင်ကြီးကိုပါဖြတ်ပြီး ဖြတ်ကူးနိုင်မှာ အသေအချာပါပဲ။ လူကတော့ လူပါပဲ။ သို့သော် လူလေးမျိုး လေးစားရှိကြောင်း ထုတ်နုတ်ပြထားတာကတော့ ဟောသလို…

၁။ မနုဿနေရယိက၊ လူ့ငရဲသား။

၂။ မနုဿပေတ၊ လူ့ပြိတ္တာ။

၃။ မနုဿတိရစ္ဆာန၊ လူတိရစ္ဆာန်။

၄။ ပရမတ္ထမနုဿ၊ လူစင်စစ်။

အဲဒီ ထုတ်နုတ်ချက်ကို သိရတော့မှ ဩော်…လူဆိုပေမယ့် လူတိုင်းဟာ လူစင်စစ် မဟုတ်ကြပါလားဆိုတဲ့ အသိဝင်လာပေမယ့် ဒီမှာတင် ဆင်ခြင်အသိနဲ့ ရှောင်ချင်စရာ၊ ဆောင်ချင်



www.burmeseclassic.com

www.burmeseclassic.com



စရာတွေဖြစ်လာမှာ အမှန်မို့အကျိုးထူးတယ်ဆိုရမှာပဲ။ ကဲ… အဲဒီလူလေးမျိုးအကြောင်းကို အသိသံဝေရအောင် တစ်ခုချင်း ရှင်းပြဖို့ လိုလာပါတယ်။

၁။ **မနုဿနေရယိကလို့**ဆိုတဲ့ လူငရဲသားဆိုတာဟာ လူတော့ လူပါပဲ။ ဒါပေမယ့် သူသတ်သမား ငရဲသားမျိုးလို လူ့ဘဝရပေမယ့် ဖိုးတုတ်နဲ့မခြား သူတစ်ပါးအသက် သတ်မယ်၊ သူတစ်ပါးကို မတော်မတရား နှိပ်စက်ညှဉ်းပန်းမယ်၊ သူတစ်ပါးပစ္စည်းကို မတော်လောဘနဲ့ နိုင့်ထက်စီးနင်းယူမယ်၊ ဒုစရိုက်မှုအမျိုးမျိုးလုပ်မယ်၊ ဒါကြောင့် မင်းပြစ်, မင်းဒဏ်သင့်ပြီး ခြေလက်အင်္ဂါတို့ အဖြတ်ခံရသူကို ဆိုလိုတာ။

(၂) **မနုဿပေတာ** ဆိုတာ ရှေးရှေးက မကောင်းမှုကံ အစုစုတို့ကြောင့် အခုလူလာဖြစ်ရတဲ့ ဘဝမှာအစားအစာ၊ အဝတ်အထည်ပစ္စည်းပစ္စယ ရှားပါးရုံသာမက ဆာလောင်လှုယ်မွတ်သိပ်ခြင်း ပြင်းစွာနဲ့ ကထိမ်းကပါး ဒရီးဒိယိုင်ချို့နဲ့စွာ လှုပ်ရှားသွားလာရန်းကန်း နေရသူမျိုးကို ဆိုလိုတာပါ။





(၃) **မနုဿတိရစ္ဆာန**တဲ့။ လူကတော့ လူပါပဲ။ သို့သော် တိရစ္ဆာန်နဲ့မခြား အသိတရား ဉာဏ်ပညာ နုံနဲ့သူမျိုးကို ဆိုလိုတာ။ အဲဒီလိုလူမျိုးကို လူ့တိရစ္ဆာန်လို့ ခေါ်ပါတယ်။ ပြောရရင် သူတစ်ပါးနဲ့ ဆက်စပ်ပြီး မှီတွဲအသက်မွေးနေရသူဖြစ်လို့ သူတစ်ပါးတာဝန် ဝတ္တရားတွေကို တိရစ္ဆာန်တစ်ကောင်နဲ့မခြား မနားမနေ တာဝန်ထမ်းဆောင်နေရတဲ့လူ။ (တစ်နည်း) လူ့လောက စည်းမျဉ်းဥပဒေတစ်ခုခုကို ကျူးလွန် ဖောက်ဖျက်မိလို့ မင်းအာဏာစက်ကြောင့် ပြေးလွှား၊ ရှောင်ရှား၊ ပုန်းခိုအိပ်စက်၊ မဝတာဝ စားသောက် နေထိုင်ရသူမျိုး၊ ဒီလို လူမျိုးဟာ မနုဿတိရစ္ဆာန် အမျိုးအစားပေပေါ့။

၄။ **ပရမတ္ထမနုဿ**ဆိုတာကတော့ တကယ့်ကို လူစင်စစ်၊ လူပီသတဲ့ လူဖြစ်ပြီး ရခဲလှတဲ့ လူ့ဘဝကို ဇကန် ရောက်ရကျိုးနပ်သူလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒီလိုလူမျိုးဟာ ဟိရိဩတ္တပ္ပဆိုတဲ့ အရှက်၊ အကြောက်တရားကို အထူးသတိပြု ဆင်ခြင်မိပြီး မကောင်းသော ကာယကံ၊ မကောင်းသော ဝစီကံ၊ မကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



မနောကံတို့ကို ပြုမူရမှာ အင်မတန် ဝန်လေးစက်ဆုပ်
သူတွေ ဖြစ်ကြပါတယ်။

ဗြဟ္မာစိုရ်တရားနဲ့ မေတ္တာစာတ်ကို အခြေပြုပြီး ကုသိုလ်
တရားများကို ရှာဖွေကြံဆ ကျင့်သုံးတတ်သူတွေလည်း ဖြစ်ကြ
ပါတယ်။ ဒါ့အပြင် အို၊ နာ၊ သေ စတဲ့ ဒုက္ခဘေးဆိုးကြီးက
လွတ်ကင်းအောင် ဉာဏ်အသိနဲ့ ဝိပဿနာ အလုပ်တွေကိုလည်း
ကျင့်ကြံကြသူတွေ ဖြစ်ကြပါတယ်။ ကဲ...ဒီတော့ မနုသတ္တ
ဘာဝေါ၊ ဒုလ္လဘောဆိုတဲ့ ရခဲလှစွာ လူ့ဘဝရလာစဉ်အတွင်
ဖော်ပြထားတဲ့ လူလေးဦးအနက် သင်...ဘယ်လိုလူမျိုး ဖြစ်ချ
သလဲ ပြောပါလေ။





# အရှုံးတွေ့လာ အမြတ်ရှာ

လူမိုက်ကို မကြောက်နဲ့၊ စိတ်ညစ်နေတဲ့ လူကိုကြောက်တဲ့။ ဒါက လောကစကားတစ်ခု၊ မှန်တယ်လို့ ဆိုနိုင်ပေတယ်။ လူ့အသက် အသိန်း၊ အသန်းကို ပမာမပြု သတ်ဖြတ်သူပင်ဖြစ်စေ၊ ဓားမ တောတွင်းတိရစ္ဆာန်ဆိုးတွေနဲ့ ဖက်ပြိုင်သတ်နိုင်သူ လူမိုက်ပင်ဖြစ်စေ စိတ်ညစ်၊ စိတ်ယုတ်မာတွေဝင်ပြီး စိတ်ဆိုးနေတဲ့သူတစ်ယောက်ကိုတော့ ယှဉ်တုဖက်ပြိုင်နိုင်မှာ မဟုတ်ဘူး။ စိတ်ဆိုး၊ စိတ်ညစ်ဝင်နေတဲ့သူက ပိုမိုက်လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှု၊ စိတ်ညစ်မှု၊ စိတ်ပျက်မှု စသည် ဒုက္ခအစုနဲ့ ဒေါမနဿဖြစ်နေသူတစ်ဦးဟာ အသိတရား ကင်းပြီး စိတ်လွတ်လတ်နေတဲ့ စိတ်ဝေဒနာသည် တစ်ဦးနဲ့မခြား တော့ပါဘူး။ သူ့မှာ ဆင်ခြင်တုံတရား ကင်းမဲ့ပြီး ဖြစ်ချင်တာဖြစ် လုပ်ချင်တာ လုပ်တော့မှာပါ။ ကိုယ်ဆင်းရဲမှုကို ဒုက္ခလို့ ခေါ်သလို စိတ်ဆင်းရဲမှုကို **'ဒေါမနဿ'** လို့ သိထားသင့်လှ ပေတယ်။

ကိုယ်ဆင်းရဲမှု ဆိုတာက၊ စားဝတ်နေရေး မပြေလည်တဲ့ အတွက် ပင်ပန်းကြီးစွာ ဆင်းဆင်းရဲရဲ လုပ်ကိုင်နေရမှု၊ ရောဂါ ဝေဒနာ ခံစားနေရမှု၊ ထိခိုက်မိခြင်းကြောင့် နာကျင်စွာ ခံစားနေ ရမှု၊ ပုတ်ခတ်ရိုက်နှက် ထိုးခုတ်ခြင်းတို့ကြောင့် ပြင်းပြစွာ နာကျင် ခံစားနေရမှု စတဲ့ ခန္ဓာကိုယ်ရဲ့ ပင်ပန်းနွမ်းနယ်မှု အစုစုတို့ဖြစ်ပြီး ဒါကိုဒုက္ခချည်းလို့ ဆိုရမှာဖြစ်တယ်။ ဒီလို ကိုယ်ဆင်းရဲခြင်းဒုက္ခ တွေ ခံစားနေရပေမယ့် တချို့ကတော့ စိတ်အနေနဲ့ ဆင်းရဲချင်မှ ဆင်းရဲ ပေလိမ့်မယ်။ ဒီလောက်တောင် ကိုယ်ဆင်းရဲနေမှတော့ စိတ်လည်း ဆင်းရဲမှာပေါ့လို့ စောဒကတက်ချင်စရာကောင်း ပေမယ့် ဒီလိုလည်း တတ်အပ်ပြောလို့ မရနိုင်ပါဘူး။ သာမန်လူ





တွေ အတွက်တော့ ဒီလိုပြောလို့ ရနိုင်ပေမယ့် သာမန်ထက်ထူးတဲ့ သူတွေ အတွက်တော့ ဒီလိုမဟုတ်ပေဘူး။

စိတ်၏စွမ်းရည်သတ္တိတွေ အားကောင်းလှတဲ့ သူတော်ကောင်း၊ သူမြတ်လောင်း ဘုရား၊ ရဟန္တာအလောင်းတို့မှာတော့ ခန္ဓာကိုယ် အနေနဲ့ မည်ရွေ့မည်မျှအထိ ပင်ပန်းနွမ်းနယ် ဆင်းရဲမှု ခံစား နေရသည် ဖြစ်စေကာမူ စိတ်အနေနဲ့ တရားရေအေး အမြိုက်ဆေး ပက်ဖြန်းထားမှုကြောင့် ပကတိငြိမ်းအေးပြီး ဒေါမနဿဆိုတဲ့ စိတ်ဆင်းရဲမှုဆိုလို့ မြူမျှလောက်တောင် မရှိပေဘူး။ ကိုယ်ဆင်းရဲ ပေမယ့် ကိုယ်ဆင်းရဲချင်မှ ဆင်းရဲမယ်ဆိုတဲ့ အကြောင်းပဲ။

ဘယ်လိုပါလိမ့်မယ်လို့ သိချင်ကြလိမ့်မယ်၊ ရှင်းပြပါမယ်။ စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်း လိုလေသေးမရှိ၊ ကြွယ်ဝပြည့်စုံကာ ခန္ဓာကိုယ် ချမ်းသာတာမှန်ပေမယ့် ရတာမလို၊ လိုတာမရ ဆိုတာလို စိတ်မာတ်ညှိုးဖျင်း၊ တရားဓမ္မဓာတ်ခံ အားနည်းသူများ အဖို့တော့ စိတ်ဆင်းရဲနေကြရတာချည်းပါပဲ။ ဒီနေရာမှာ ရွှေဘုံပေါ်ထိုင်ပြီး စိတ်ဆင်းရဲနေရသူတွေနဲ့ သစ်တစ်ပင်၊ ဝါးတစ်ပင်အောက်မှာ ခန္ဓာကိုယ်ဆင်းရဲပေမယ့် စိတ်ချမ်းသာစွာ နေနိုင်ကြသူ သူတော်စင်များကို ယှဉ်နှိုင်းကြည့်သင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာက အရာရာမှာ ရောင့်ရဲတင်းတိမ်မှုနဲ့ ဉာဏ်ပညာ၊ အသိတရားစသည် လက်ကိုင်ထားမှသာ စိတ်ချမ်းသာမှုကို ရနိုင်လိမ့်မယ်ဆိုတာပါပဲ။ ပြောလက်စနဲ့ စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်ယုတ်မာဖြစ်စေတဲ့ ဒေါမနဿနဲ့ ဆက်နွယ်တဲ့ လောကဓံ တရားရှစ်ပါးအကြောင်း ပြဆိုရဦးမှာဖြစ်တယ်။

ပါဠိကတော့…

**'လောကဓမ္မ'** မြန်မာပြန်တဲ့ လောကဓံ၊ဆိုလိုတာက လောကမှာ မဖြစ်မနေ တွေ့ကြုံရမယ့် ထုံးတမ်းစဉ်လာ ဓမ္မတာ သဘာဝ တရားများကို ဆိုလိုတာလို့ မှတ်ကြပေတော့။ အကျယ်ချဲ့ရရင် လောကဓံရှစ်ပါးဆိုရာမှာ မကောင်းလေးပါး၊ အကောင်းလေးပါး လို့ ပိုင်းခြားထားရပြန်တယ်လေ။ ဒါတွေကို သိရရင် စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်ယုတ်မာတွေ လွင့်စင်ကောင်းရဲ့လို့ ယူဆပြီး ဆက်ရှင်းပြသွားပါ့မယ်။

(၁) လာဘ = ပစ္စည်းဥစ္စာ၊ လာဘ်လာဘ၊ ပေါများ ကြွယ်ဝ ရရှိခြင်း။

(၂) အလာဘ = ပစ္စည်းဥစ္စာမရရှိဘဲ ချို့တဲ့နွမ်းပါး ရှိခြင်း။





(၃) ယသ = အခြွေအရံသင်းပင်း ပေါများခြင်း၊ ဂုဏ်သတင်း မွေးကြိုင်ခြင်း။

(၄) အယသ = အခြွေအရံ သင်းပင်းမရှိ၊ ဂုဏ်သတင်း ညှိုးနွမ်းခြင်း။

(၅) ပသံသာ = ချစ်သူ၊ ခင်သူ ပေါများလျက် အများ သူငါ ချီးမွမ်းမှုကို ခံရခြင်း။

(၆) နိန္ဒာ = အများသူငါ ပြစ်တင်ရှုံ့ချမှုကို ပြင်းပြ စွာခံရလျက် မုန်းတီးသူပေါများခြင်း။

(၇) သုခ = ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုရရှိခြင်း။

(၈) ဒုက္ခ = အမြဲလိုလို ကိုယ်စိတ်နှစ်ပါး ညှိုးနွမ်း ဆင်းရဲခြင်း။

ကဲ… အခုပြဆိုထားတဲ့ လောကဓံတရားရှစ်ပါး အများ ထဲမှာ လေးပါးဟာ အလိုရှိတယ်၊ နှစ်သက်အပ်တဲ့ အကောင်း လေးပါးဖြစ်ပြီး ကျန်လေးပါးကတော့ မနှစ်သက်အပ်၊ ရွံရှာ စက်ဆုပ်အပ်တဲ့ မကောင်းလေးပါးဖြစ်ကြောင်း သိကြရောပေါ့။ အမှန်ကတော့ လောကဓံတရား ရှစ်ပါးတို့ဟာ မိမိတို့ အတွိတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ (တစ်နည်း) စိတ်ကောင်း၊ စိတ်ဆိုးတို့နဲ့ ယခုဘဝ အားထုတ်ရတဲ့ ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ စိတ်ကောင်း၊ စိတ်ဆိုး စသည့် အကျိုးအာနိသင်များသာ ဖြစ်ကြပေတယ်။ ဒါကြောင့် စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်ယုတ်တွေကို ကြီးထွားလေအောင် မမွေးမြူသင့်ပေဘူး။

စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်ယုတ်တွေ မောင်းထုတ်နိုင်အောင် ဆင်ခြင်သတိနဲ့ ကြိုးစားကြပါလို့ မှာကြားချင်ပါတယ်။ ကောင်း၊ မကောင်း လောကဓံတရားရှစ်ပါးအကြောင်းကို ပြဆိုခဲ့ပြီးပြီမို့ အဲဒီ လောကဓံတရားတွေကို နားလည် သဘောပေါက်ပြီဆိုရင် မှာကြားချင်တာက ယခုဘဝမှာ စိတ်ကောင်း၊ စေတနာနဲ့ မည်မျှပင် ရိုးသား ကြိုးစားစေကာမူ မကောင်းသော လောကဓံများနှင့်သာ ကြုံကြိုက်သည့်ဖြစ်စေ၊ ဝမ်းနည်းမှု၊ အားငယ်မှု၊ ဒေါသဖြစ်မှုတို့ကို ချုပ်တည်းလျက် အတိတ်ဘဝ၊ ဘဝများစွာ မိမိပြုခဲ့ဖူးတဲ့ အကြောင်းဆက်၊ အကျိုးဆက်များကြောင့်သာလို့ မိမိကိုယ်ကို ဆုံးမရပေမယ်။ ပြီးတော့ ငါ့အနေနဲ့ နောင်ဘဝအဆက်ဆက်မှာ ကောင်းသောလောကဓံ တရားများနဲ့ ဆုံဆည်းကြုံတွေ့နိုင်အောင် ဘဝအဆက်ဆက်မှာ ကောင်းသောလောကဓံ တရားများနဲ့





ဆုံဆည်း ကြုံတွေ့နိုင်အောင် စိတ်ကောင်းကောင်း ရှင်းရှင်းထားမယ်။ အများအကျိုး သည်ပိုးပြီး ကုသိုလ်ကောင်းမှုတွေဆောင်ရွက်မယ်။ အခု ကြုံရတဲ့ လောကဓံဆိုးတွေဟာ တစ်နည်းအားဖြင့် ငါ့ကို ကောင်းသထက်ကောင်းအောင် ဆုံးမနေတာပါလားလို့ စိတ်ကို အကောင်းဖက် လွှဲပြောင်းထားလိုက်စမ်းပါ။ ဒါဆို စိတ်ဆိုး၊ စိတ်ညစ်တွေ ချက်ချင်း ပျောက်သွားမှာအမှန်ပင်။

လူဆိုသည်မှာ မိမိကံတရားနှင့် အတွင်းဓာတ်ခံအား တည်မှီမှုက အရေးကြီးတယ်။ ဘဝဆိုတာ တစ်ဘဝတည်းနှင့် အပြီးသတ်သွားတာမဟုတ်၊ နိဗ္ဗာန်မရောက်သေးသမျှ သံသရာတစ်လျှောက်၊ ဘဝအဆက်အဆက် မမောမပန်း လျှောက်ကြရဦးမှာဖြစ်တယ်။ ဒါကြောင့် အခုဘဝမှာ ကြုံဆုံရတဲ့ လောကဓံအကောင်း၊ အဆိုးတွေအတွက် ရယ်ဖို့၊ ငိုဖို့အကြောင်းမရှိ၊ ကံစွမ်းအား ဝီရိယတရားတို့ကို လက်ကိုင်ပြုလို့ လောကဓံတရားတွေကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးပမ်းရမှာ ဖြစ်ပေတယ်။

အချုပ်ဆိုရရင် အခုဘဝ ကြုံနေရတဲ့ လောကဓံ အကောင်း၊ အဆိုးတွေကို ဉာဏ်အသိ သတိနဲ့ဆင်ခြင် အရင်းအနှီးပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



နှောင်ဘဝ၊ ဘဝတွေ အကျိုးပေးကောင်းအောင် အသုံးချနိုင်ကြပါစေလို့ မှာကြားပါရစေ။ အဲဒါဆိုရင် အကောင်းလောကမံနဲ့တွေ့ကြုံရသူတွေအဖို့ မြတ်ပြီးရင်၊ မြတ်သလို အကောင်းအဆိုးလောကမံတွေနဲ့ ကြုံတွေ့ရသူတွေအဖို့ အရှုံးထဲက အမြတ်လို့ဆိုနိုင်ပေတာပေါ့။

■





## သိသင့်ပေစွ ဥပါယာသ

တစ်နေ့ ဒါယကာတစ်ဦး မိမိထံ ရောက်လာကာ…

"အရှင်ဘုရား၊ ဥပယာသဆိုတာ ဘယ်လိုမျိုးပါလိမ့်၊ တပည့်တော် နားမလည်လို့ ရှင်းပြတော်မူပါ ဘုရား"

"အင်း…ဒါဆိုလည်း ရှင်းရတာပေါ့၊ ဒါယကာ နားလည်အောင် ပြောရရင် ပြင်းလှစွာသော ဒေါသလို့သာ မှတ်ပေတော့၊ တကယ်က ဥပါယာသဆိုတာ ဒေါသ အပြင်းစားပေပေါ့"

"မှန်ပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိးရှိးဒေါသအနေနဲ့ဆိုရင် အင်မတန် မခံမရပ်နိုင်တဲ့အဆုံး 'ဒီကောင့်ကို သတ်မှဖြစ်မယ်' သူ့ကို သတ်ရမှ စိတ်ကျေနိုင်မယ်၊ အဲဒီလို ဒေါသဖြစ်ပြီး အသားတဆတ်ဆတ်တုန်မယ်၊ ဟုတ်ရဲ့လား"

"မှန်ပါ့ ဘုရား"

"သို့သော် ဆွေမျိုးဂုဏ်သိန် စည်းစိမ်ဥစ္စာ စတာတွေ ဆုံးရှုံးတဲ့အခါများမှာ ဘယ်လို ဖြစ်တတ်သလဲ"

"ပြောမရနိုင်လောက်အောင် ပူပန်မှုဖြစ်ရမှာ သေချာပါတယ် ဘုရား"

"သိပ် သေချာတာပေါ့၊ ပစ္စည်းဥစ္စာ တစ်ခုခု ဆုတ်ယုတ်ပျက်စီးမယ်၊ ဒါမှမဟုတ် ဇနီး၊ မယား၊ သမီး၊ သား၊ မိခင်၊ ဖခင်၊ အဆွေအမျိုး၊ မိမိချစ်ရသူတစ်ယောက်ယောက် ဆုံးရှုံးရမယ်ဆိုရင် ပူပန်လှတဲ့စိတ်ကြောင့် နှလုံးသွေးကို အပူရှိန်ဟပ်ပြီး နှလုံးကစီးကျလာတဲ့ သွေးအများစုဟာ အကြောအားလုံးရောက်ပြီး တစ် ကိုယ်လုံး ထူပူရှုံ့မှုမက တက်သွားတတ်တာမျိုး ဒါယကာ မြင်တွေ့ဖူးမှာပါ၊ ဟုတ်ရဲ့လား"





"မှန်ပါ့ ဘုရား"

"အဲဒီအပူဒေါသဟာ ဥပါယာသပေပေါ့၊ ဒါကြောင့် ဥပါယာသ ဆိုတာ သောကပရိဒေဝတို့အထက် အပူပြင်းတယ်လို့ ဆိုရမှာပဲ"

"အင်မတန် ကြောက်စရာ ကောင်းလှပါလား ဘုရား"

"အဲဒီ ဥပါယာသဟာ ကိုယ်ခန္ဓာနုနယ်အားပျော့သူ ဒါမှမဟုတ် စိတ်ပျော့သူတွေရဲ့ သန္တာန်မှာ အန္တရာယ်ဖြစ်စေလောက်အောင် ကြီးစိုးပြီး သောကဖြစ်ခဲ့ရင် အဲဒီကတစ်ဆင့် ပရိဒေဝဆိုတာလည်း ဖြစ်တော့တယ်လို့ ဆိုရပေမယ်"

"မှန်ပါ့ ဘုရား"

"သောက ပရိဒေဝဆိုတဲ့ အပူဓာတ်ဟာ အားနည်းနုနယ်တဲ့ ရုပ်ကို အလွယ်တကူ ဟပ်နိုင်ပြီး ဥပါယာသဆိုတဲ့ ဒေါသအပြင်းအားအဖြစ် ချက်ချင်းလိုလို ကူးပြောင်းဖြစ်လာတတ်တယ်"

"အမျိုးသားများထက်စာရင် အမျိုးသမီးများဟာ ကိုယ်ခန္ဓာအားဖြင့် အားနည်းနုနယ်လှတယ်လို့ တပည့်တော် ယူဆမိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပေတာပေါ့၊ အမျိုးသမီး အများစုဟာ ခန္ဓာကိုယ်အားဖြင့် နုနယ်သလို စိတ်ဓာတ်ကြံ့ခိုင်မှုပိုင်းလည်း အားနည်းလေတော့ ဥပါယာသဆိုတာ ကပ်မိရင် တယ်မလွယ်လှဘူး။ ဒါကြောင့် စိတ်ဓာတ်တောင့်တင်းခိုင်မာအောင် သမာဓိ တည်ဆောက်သင့်လှပေတယ်"

"မှန်ပါ့ ဘုရား"

"ဒါမှမဟုတ် တရားဓမ္မအသိကို ရှေးဦးစွာရယူပြီး ကြုံလာရမယ့်သောက၊ ပရိဒေဝမီးကို ငြိမ်းနိုင်အောင် ပြုသင့်ကြပေတယ်။ ဒါမှသာ ဥပါယာသအထိ လွန်ကဲတက်မလာနိုင်တော့ဘဲ သက်သာခွင့် ရနိုင်တယ်လို့ဆိုရမှာ ဖြစ်ပေတယ် ဒကာ"

"ကျေးဇူးကြီးလှပါတယ် ဘုရား၊ အခုလို ရှင်းပြမှ တပည့်တော် ဥပါယာသဆိုတာ တကယ့် ကြောက်စရာပါလာလို့ ရှင်းရှင်းကြီးကို သိနားလည် သဘောပေါက်လာရကြောင်းပါ ဘုရား"

"ပြောလက်စနဲ့ ဗဟုသုတ ပိုရအောင် ဣဿာအကြောင်းကိုပါ ဆက်ပြောလိုက်ဦးမယ်"

"မိန့်တော်မူပါ ဘုရား"





"ငြူစူခြင်း၊ မနာလိုခြင်း စတဲ့ သဘောတွေဟာ တကယ်တော့ ဣဿာလို့ ဆိုနိုင်ပါတယ်"

"မစ္ဆရိယနဲ့ကော သက်ဆိုင်နေပါသလား ဘုရား"

"ဣဿာက ဣဿာ၊ မစ္ဆရိယက မစ္ဆရိယလို့သက်သက်ပိုင်းထားပါတယ်၊ ရှေးအတိတ်က ကံအကြောင်းကောင်းလို့ အခုဘဝမှာ ဉာဏ်၊ ဝီရိယတို့နှင့်အတူ ဥစ္စာစည်းစိမ်၊ ဂုဏ်သိမ်တက်နေသူမျိုးကို တွေ့ရ၊ မြင်ရ၊ ကြုံရတဲ့အခါ ဝမ်းမြောက်ဝမ်းသာခြင်း မဖြစ်နိုင်တော့ဘဲ မျက်နှာမဲ့၊ နှုတ်ခမ်းမဲ့၊ ပါးစပ်ရွဲ့၊ စောင်းမန်းငြူစူခြင်းဟာ ဣဿာလို့ ခေါ်တယ်"

"မှန်ပါ့"

"သဘောကတော့ ကိုယ့်ထက်သာ မနာလို 'အလုပ်တူငြူစူ'၊ "အကြံတူရန်သူ' ဆိုတာလို မလိုမုန်းထားစွာ ရှိနေမှုဟာ အင်မတန် ဆိုးဝါးတဲ့ ဣဿာရဲ့ လက်ချက်ပေါ့"

"မှန်ပါ၊ "သည်လိုယုန်မျိုးဖြင့် ချုံတိုင်းရှိရဲ့"၊ 'ဓီးကွက်ဆောက်တော့ ငှက်တိုင်းလုရဲ့' ဆိုပြီး မဲ့ရွဲ့ပြောတတ်သူမျိုးကို တပည့်တော် တွေ့ဖူးကြောင်းပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အခြောက်တိုက် ဣဿာဖြစ်ခြင်း၊ သဘောတွေပေါ့ ဒါယကာရယ်၊ တစ်ပါးသူရဲ့ ကံ၊ ဉာဏ်၊ ဝီရိယအစွမ်းတွေကြောင့် ဖြစ်ထွန်းတိုးတက် သာယာမှုကို မိမိထက် ပိုမို သာလွန်မှာစိုးတာနဲ့ အလိုမကျ ငြူစူစောင်းမြောင်းခြင်းဟာ အင်မတန်ဆိုးဝါးလှပြီး ရှက်တတ်မယ်ဆိုရင် အထူးရှက်စရာပါပဲ"

"မှန်လှပါ ဘုရား"

"ဒါတင်မကသေးဘူး၊ သင်းက အခုမှ ဝတ်ဖူး၊ စားဖူး၊ နေဖူး၊ ထိုင်ဖူး၊ သုံးစွဲဖူးတာပါ၊ ရှေတစ်ပဲသား အဆွဲခံရတဲ့ ပုတ်သင်လိုလူမျိုး၊ ဟင်း"

ဆိုပြီး အမနာပပြောမှုကြောင့် အဲဒီလူမှာ အကျိုးဆုတ်ယုတ်မှုဖြစ်မလာဘဲ မိမိသာလျှင် သူတစ်ပါးရဲ့ အထင်သေးခြင်း၊ ကဲ့ရဲ့ခြင်း ခံရမယ့်အပြင် ဘဝသံသရာတစ်လျှောက်မှာလည်း ယခုထက်မက အောက်တန်းကျမယ်ဆိုတာ သေချာနေပါပြီ"

"အင်မတန် ဆင်ခြင်စရာ ဣဿာပါလား ဘုရား"

"တကယ်ကတော့ ရှင်းရှင်းပြောရရင် ကိုယ့်ထက်သာ မနာလိုသဘောနဲ့ အလကားနေရင်း အကုသိုလ်ပွားစေတာဟာ အလွန်





ယုတ်ညံ့နေတဲ့ သဘောဖြစ်ကြောင်း လူတိုင်းသိသင့်ကြ ပေတယ်လေ"

"မှန်ပါ့ ဘုရား"

"အဲဒီ အယုတ်တရားကို မိမိသန္တာန်မှာ မတွယ်မငြိ မဖြစ်ရလေအောင် တရားဓမ္မအသိနဲ့ အတတ်နိုင်ဆုံး ပယ်ဖျောက်နိုင်ပါမှ တော်ကာကြမယ်၊ ဟုတ်ရဲ့လား"

"မှန်ပါ့ ဘုရား"

"လူတွေဟာ မိမိဂုဏ်ကို ဖော်ပြရာမှာ များသောအားဖြင့် မိမိဂုဏ်ကို သာယာတဲ့ လောဘစိတ်၊ အထင်ကြီးမှု မာနစိတ်တွေ ရှေ့တန်းတင် ပြောတတ်ကြတာများတယ်၊ ဆင်ခြင်မှု အသိဉာဏ်နုံ့နည်းလွန်းလှတယ်လို့ ဆိုရပေမှာပေါ့၊ ဖြစ်သင့်တာက မိမိဂုဏ်ကိုလျှော့၊ သူတစ်ပါးအပေါ် မလိုမုန်းထားတဲ့ ဣဿာကိုလျှော့၊ ဒါမျိုးတွေကို လူ့ဘဝမှာ သတိရှိရှိနဲ့ နေသင့်ပေတယ်လို့ ထင်ပါတယ်။ အဲဒီလိုသာဆိုရင် သူတော်ကောင်းတို့လိုလား၊ နှစ်သက်တတ်တဲ့ လမ်းစဉ်ကို စတင်ဝင်ရောက်မိပြီလို့ ဆိုရပေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ ဘုရား၊ တကယ်လို့ မိမိအနေနဲ့ မှန်ကန်တဲ့ ရည်ရွယ်ချက်၊ ကောင်းမြတ်တဲ့စိတ်ထား ဒါမှမဟုတ် တစ်စုံတစ်ရာ တစ်ပါးသူ စသည်အားဖြင့် အကျိုးရှိရေးအတွက် မိမိဂုဏ်ကိုဖော်မှု၊ တစ်ပါးသူကို ရှုတ်ချမှုတို့ ပြုမယ်ဆိုရင်ရော အပြစ်ရှိနိုင်ပါသလား၊ အဲဒါ တပည့်တော် သိလိုတဲ့အတွက် ရှင်းပြပေးတော်မူပါ ဘုရား"

"ဒါယကာအနေနဲ့ သိသင့်တာကို အချက်ကျကျ မေးမြန်းမှုပေပဲ၊ အဲသလိုဆိုရင် လုံးဝ အပြစ်မရှိနိုင်ဘူးလို့ ဆိုရမှာပါ၊ ဒီလို…ဒီလို၊ တစ်ခါတစ်ရံမှာ မိမိစကားကို လေးစားစေလိုတဲ့ ရည်ရွယ်ချက်နဲ့ မိမိဂုဏ်ကို ထိုက်သင့်အားလျော်စွာ ဖော်ပြနိုင်ပါတယ်၊ နောက်ပြီး မိမိစကားကလည်း တစ်ပါးသူအတွက် အကျိုးရှိရာရှိကြောင်း ဖြစ်ရမယ်လေ"

"မှန်ပါ့ ဘုရား"

"ပြီးတော့ လူအများ ဒုက္ခရောက်အောင် ဘေးဆိုးသင့်အောင် လိမ်လည်လှည့်ဖျား ယုတ်မာဆိုးဝါး ကောက်ကျစ်ရက်စက်တဲ့ လူလိမ်၊ လူညာ၊ လူလှည့်ဖျား၊ လူရမ်းကားတွေကိုလည်း အများ





အကျိုးကိုရှေ့ရှု၊ စေတနာထားမှုနဲ့ ဟုတ်တိုင်းမှန်ရာ ရှုတ်ချနိုင်ပါတယ်၊ ဒါဆိုလည်း အပြစ်မရှိပါဘူး"

"အခုလို ရှင်းပြတဲ့အတွက် ကျေးဇူးကြီးမားလှပါတယ် ဘုရား"

"အေး…အေး၊ ဒီနေ့တော့ အချိန်လင့်လှပြီ၊ မနက်ဖြန် ဒါယကာရောက်လာမှ မဇ္ဈိမအကြောင်း ဆက်ကြတာပေါ့"

"မှန်ပါ့ ဘုရား"

■



www.burmeseclassic.com

www.burmeseclassic.com



# သိကြစေချင် ဗုဒ္ဓနှယ်ဝင်တို့

“မိမိက တိုက်တာကြီးတွေနဲ့ နေအိမ်ကောင်းကောင်းမှာ နေရတယ်၊ ဒါပေမယ့် တခြားသူတွေ မိမိလို နေထိုင်ရမှာတော့ မရှုစိမ့်နိုင်ကြဘူး၊ မိမိက အစားကောင်း၊ အသောက်ကောင်းတွေ စားသောက်နိုင်တယ်၊ သို့သော် သူတစ်ပါးအနေနဲ့ ဒီလို စားကောင်း သောက်ဖွယ်တွေ စားသောက်ရမှာကိုတော့ မနှစ်မြို့ဘူး၊ မိမိ သုံးစွဲနေတဲ့ ပစ္စည်းကောင်းမျိုး တစ်ပါးသူသုံးစွဲမှာ မလိုလားဘူး၊ မိမိလို ရာထူး၊ ရာခံ ဂုဏ်ဒြပ်မျိုး တစ်ဖက်သားလူရမှာ သဘော မကျနိုင်ဘူး၊ အဲဒါတွေဟာ ဘာလဲဆိုတော့ **မစ္ဆရိယဆိုတာပေါ့** ကွယ်”





“မှန်ပါ့ ဘုရား”

“ဝန်တိုခြင်းဆိုတဲ့ ‘မစ္ဆရိယ’စိတ်နဲ့ ပတ်သက်ပြီး ဗုဒ္ဓဝင် ဟောဝင် အဋ္ဌကထာတွေမှာ ထုတ်နုတ်ပြထားတဲ့ သာဓကတွေ ဝတ္ထုတွေနည်းမယ် မထင်ပါဘူး”

“မှန်ပါ့ ဘုရား၊ တပည့်တော် ဖတ်ရှုဖူးတဲ့ ရဟန်းနှစ်ပါး အကြောင်းဟာ မစ္ဆရိယကို အခြေခံတဲ့ဝတ္ထု ဖြစ်လိမ့်မယ် ထင်တယ်”

“ဟုတ်သပေါ့၊ တစ်ပါးသူ စားသုံးမှာကို မနာလိုဝန်တို ဖြစ်ပြီး အခြားရဟန်းတစ်ပါးကို ဝတ်ကြေ၊ ဝတ်ကုန် သဘောမျိုး အုန်းမောင်ကာ စတီအဖြစ် မြက်ပင်လေးနဲ့ ထိုးခေါက်သွားတဲ့ ရဟန်း မဟုတ်လားတကာ”

“မှန်ပါ့၊ ဒါနဲ့ ဣဿာနဲ့ မစ္ဆရိယ ခြားနားပုံလေးကို တဆိတ် ရှင်းပြတော်မူပါ ဘုရား”

“ကောင်းပြီ၊ ကောင်းပြီ၊ ဣဿာနဲ့ မစ္ဆရိယဆိုတာ ဘူသယောင်ယောင် ရှိပေမယ့် ကွဲလွဲတာ၊ ခြားနားတာက သည်လို ဒါယကာရဲ့”

“မှန်ပါ့ ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



"ဣဿာရဲ့ သဘောက သူတစ်ပါးရရှိပြီးတဲ့ ဥစ္စာ၊ ဂုဏ်သိန်၊ စည်းစိမ်တွေကို မနာလို မရှုစိမ့်နိုင်ဖြစ်ပြီး ကဲ့ရဲ့ရှုတ်ချတာလေ"

"မှန်ပါ့"

"မစ္ဆရိယကတော့ အကောင်းဆုံး သဘောပေါက်အောင် ပြောရမယ်ဆိုရင် မိမိ ပိုင်ဆိုင်သုံးစွဲ လက်ဝယ်ရှိတဲ့ ရာထူး ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ ပစ္စည်းမျိုးကို သူတစ်ပါးရရှိသွားမှာ မလိုလားတာ၊ ဝန်တိုတာပါ"

"ရှင်းပါပြီ ဘုရား"

"တချို့ တချို့လူတွေ အခုခေတ်မှာ မလှူရက်၊ မစားရက် မပေးကမ်းရက်သူကို အလွယ်တကူနဲ့ မစ္ဆရိယရှိသူလို့ ခေါ်ဝေါ် သမုတ်ကြတယ်၊ တကယ်တော့ အဲဒါဟာ မှားတယ်လို့ ဆိုရ မှာပဲ"

"ရှင်းပြတော်မူပါ ဘုရား"

"အိုး…ဒါယကာ စဉ်းစားကြည့်လေ၊ သူ့အနေနဲ့ မလှူချင် မပေးကမ်းချင်တာမှ မဟုတ်တာ၊ သူတစ်ပါးကို မရစေချင်တဲ့ သဘောမျိုး ဆောင်မနေဘူး မဟုတ်ဘူးလား"





"မှန်ပါ့ အရှင်ဘုရား"

"အမှန်က ခြုံငုံပြောရရင် မိမိအနေနဲ့ တွယ်တာခြင်း၊ တပ်မက်ခြင်းဆိုတဲ့လောဘ ကပ်ငြိခံရသလို သူတစ်ပါးသုံးစွဲပြီး ကောင်းစားသွားမှာကိုလည်း ဘယ်နည်းနဲ့မှ မနှစ်မြို့နိုင်၊ သဘော မကျနိုင်တဲ့ ဝန်တိုခြင်းရှိသူသာ ဖြစ်ပါတယ်၊ တွေးကြည့်ရင် အင်မတန် ကြောက်စရာတစ်မျိုးလို့ ဆိုရပေလိမ့်မယ်"

အဲဒီစိတ် မစ္ဆရိယကစိတ်ကို အသေးစိတ်ထပ်ပြီး ခွဲခြမ်း စိတ်ဖြာကြည့်ရင် ငါးမျိုးတိတိထွက်ပေါ်လာတာ တွေ့ရပေလိမ့် မယ်။

"ခွဲခြမ်းပြတော်မူပါ ဘုရား"

(၁) **အာဝါသမစ္ဆရိယ** = မိမိဆွေမျိုးသားချင်း ချစ်သူ၊ ခင်သူ၊ မိမိနေထိုင်ရာ အဆောက် အအုံ အိပ်ရာနေရာကို တစ်ပါး သူမလာစေလို၊မနေစေလိုခြင်း။

(၂) **ကုလမစ္ဆရိယ** = မိမိနှင့်တကွ ဆွေမျိုးသားချင်း အသိုင်းအဝိုင်းနှင့် အခြားသူများ



www.burmeseclassic.com

www.burmeseclassic.com



ရောနှော ဆက်ဆံမှုကို မလို လားခြင်း၊ ဆိုလိုတာက မိမိ မိတ်ဆွေ၊ သူတစ်ပါးမိတ်ဆွေ ဖြစ်သွားမှာကို မလိုလားတဲ့ သဘောပါပဲ။

(၃) လာဘမစ္ဆရိယ = မိမိပေါ်ကြွယ်ဝသကဲ့သို့ အခြား သူများ ပစ္စည်းဥစ္စာ ကြွယ်ဝ သွားမှာကို မနာလို မရှုစိမ့် နိုင်ခြင်း။

(၄) ဝဏ္ဏမစ္ဆရိယ = တစ်ပါးသူအနေနဲ့ မိမိကဲ့သို့ ရုပ်အဆင်းလှပသွားမှာကို မနာ လို မရှုစိမ့်နိုင်ခြင်း။

(၅) ဓမ္မမစ္ဆရိယ = မိမိတတ်သိတဲ့ အတတ်ပညာ၊ စာပေပညာ၊ လက်မှု စက်မှု ပညာ၊ နှုတ်မှုရေးရာ၊ တရားဓမ္မ အသိပညာတွေကို သူတစ်ပါး





"အင်မတန် မှတ်သားစရာပါ ဘုရား"

"ဒီလိုစိတ်မျိုးရှိသူဟာ ညစ်ပုတ်ပြီး အလွန်ယုတ်မာဆိုးရွားတဲ့အပြင် အောက်တန်းကျလွန်း လှတယ်လို့ဆိုရာ အမှန်ပေပဲ ဒါယကာရဲ့"

"ဆိုနိုင်ပါတယ် ဘုရား"

"ဒီတော့ မစ္ဆရိယဆိုတဲ့ စိတ်ဆိုး၊ စိတ်ညစ် မကပ်ငြိရလေအောင် ကြိုးစားကြ၊ ကပ်ငြိလာရင်လည်း တရားဓမ္မအသိနဲ့ ဖယ်ခွာ၊ အဲဒါတွေကို လက်ခံမိရင် လူဖြစ်လာခဲ့တဲ့ လောကမှာသာမက နောင်သံသရာ အဆက်ဆက် ဒီမစ္ဆရိယစိတ်ကြောင့် တူသော ဆိုးကျိုးတွေကို မုချရရှိမယ်ဆိုတာ သိမှတ်ထားပါ"

"မှန်လှပါ ဘုရား"

"ဒါကြောင့် ဝန်တိုစိတ်ကိုပယ်၊ ဝန်တိုသူ မဖြစ်စေနဲ့၊ ဝန်တိုသူလို့ အခေါ်မခံရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့၊ ကုက္ကုစ္စဆိုတာကရော ဣဿာ၊ မစ္ဆရိယတို့နဲ့ ဘယ်လိုဘယ်လို ကွဲပြားခြားနားပါသလဲ ဘုရား၊ ရှင်းလက်စနဲ့ ရှင်းပြပေးတော်မူပါ ဘုရား"

"အမှန်က ကုက္ကုစ္စဆိုတာက နောင်တတစ်ဖန် ပူပန်ခြင်း သဘောလို့ အဓိပ္ပာယ်ရတယ်၊ တကယ်တော့ ဒီဝေါဟာရဟာ 'ကုကတ'ဆိုတဲ့ဟာကနေ ဆင်းသက်လာတာဖြစ်ပြီး ကုကတအရ ပြုအပ်ပြီးသော ဒုစရိုက်မှု မပြုအပ်မိလိုက်သော သုစရိုက်မှုတို့ကို ကောက်ယူရမှာ ဖြစ်တယ်"

"မှန်ပါ့"

"ဒီထက်ရှင်းအောင် ပြောရရင် မပြုလုပ်အပ်မိတဲ့ ဒုစရိုက်မှုကို ပြုခဲ့မိခြင်း၊ ပညာရှိတို့ စက်ဆုပ်အပ်တဲ့ အမှုမျိုးပေပေါ့"

"မှန်ပါ့ ဘုရား"

"ကုက္ကုစ္စရဲ့ နောင်တရမှု သဘောကတော့ ငါသည် တစ်ချိန်သော ကာလက မကောင်းသော အကုသိုလ် ဒုစရိုက်မှုကို ပြုခဲ့သည်မှာ များလေစွလို့ဆိုပြီး၊ အို…ငါဟာ အသိအရှယ်ရော၊





ပစ္စည်းဥစ္စာ အခြေအနေရော ကောင်းမွန်ပါလျက် ဘဝသံသရာ အဆက်ဆက် ကောင်းစေမယ့် ကုသိုလ်မျိုးတော့ မပြုခဲ့မိပါလား၊ များလေစွလို့ နောင်တရခြင်း နှစ်မျိုးနှစ်စားလုံးကို ဆိုလိုတာလို့ မှတ်ပေတော့"

"ရှင်းလှပါတယ် ဘုရား"

"အဲသလို ကုက္ကုစ္စဆိုတဲ့ နောင်တတစ်ဖန် ဖြစ်လာပြီဆိုရင် သူ့ရောစိတ်ရော တစ်ကိုယ်လုံးဟာ ဆောက်တည်ရာမရအောင် ပြင်းထန်တုန်လှုပ်မှု ဖြစ်လာတတ်တယ်၊ ဒါကြောင့် ခန္ဓာကိုယ် တစ်ခုလုံးမှာ ချွေးတွေ ရွှဲနစ်လာစေလိမ့်မယ်၊ တကယ်တော့ ကုက္ကုစ္စတရားဟာ စိတ်နှလုံးကို ပူပန်ညှိုးချုံးစေသလို အဆများစွာ ပူလောင်စေတဲ့ အလွန် ဆိုးဝါးလှစွာသော တရားလို့ သတိချပ် သင့်ပေတယ်"

"တကယ်လို့ အဲဒီ ကုက္ကုစ္စ ကပ်ငြိလာရင် အတတ်နိုင်ဆုံး ဘယ်လိုဘယ်နည်း ဖြေသိမ့်နိုင်ပါသလဲ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဖြစ်နိုင်တာကတော့ ပညာရှိများထံ အသိပညာ ရယူ၊ မပြုသင့်တဲ့ အကုသိုလ်အမှုကို ထပ်မံ မပြုမိအောင် ကုသိုလ်ကောင်းမှုကို များများပြုနိုင်အောင် ကြိုးစားခြင်းကသာ ဖြေသိမ့်ခြင်း တစ်မျိုးလို့ ဆိုရပေမှာပဲ"

"မှန်ပါ့ ဘုရား"

"တကယ်လို့ မသိတဲ့အချိန်က ပြုမိခဲ့တဲ့ အကုသိုလ်အမှုတွေ ရှိခဲ့ရင်လည်း အဲဒီ အကုသိုလ်အမှုကို အမှတ်မထားဘဲ ကုသို တရားနဲ့ ဖုံးလွှမ်းနိုင်အောင် တရားဓမ္မနဲ့ ကုသိုလ်ကောင်းမှုတွေ များများလုပ်၊ များများကျင့်၊ ဒီတော့ မပြုပြင်တဲ့သူထက်စာရ ပြုပြင်သူအတွက် အနည်းနဲ့အများ ကောင်းမွန်သွားမှာ အသေ အချာ ဖြစ်ပေတယ်မဟုတ်လား"

"မှန်ပါ့ ဘုရား"

နောက်တစ်ခု ရှိသေးတယ်၊ အကုသိုလ်အမှုကို မြင်ပြီး ပြုပြ စောင့်စည်းသူအတွက် သိပ်မကြီးကျယ်လှသေးတဲ့ အကုသို အမှုဆိုတာတွေဟာ အကျိုးမပေးနိုင်တော့ဘဲ မေးမှိန်ပျက်





ကွယ်ပျောက်သွားနိုင်ကြောင်း ဘုရားရှင်က မဟာဝဂ္ဂသံယုတ်မှာ အတိအလင်း မိန့်ဆိုထားတာ တွေ့ရတယ် ဒါယကာ။

"သြော်…သြော်…ဒီလိုကိုး"

"ဒါကြောင့် အရွယ်ရောက် အသိရှိစဉ် ကာလများမှာ မပြု သင့်တဲ့ အကုသိုလ်ဒုစရိုက် အမှုတွေ မပြုမိအောင် ရှောင်ပြီး ပြုသင့်တဲ့ ကုသိုလ်ကောင်းမှု မှန်သမျှ ပြုမိအောင် ကုသိုလ် ကိစ္စရေးရာအတွက် ကြိုးကြိုးစားစား အားထုတ်ရမယ်"

"မှန်ပါ့"

"နောက်ပြီး နောင်တရကြောင်း ဆယ်ပါးထဲက 'အင်း… အရွယ်လွန်မှ အကုသိုလ်ပြုမိခြင်း' ကုသိုလ် မပြုမိခြင်းတွေ အတွက် မှားမိလေခြင်းဆိုပြီး နောင်တရခြင်း မဖြစ်တော့ဘူး ပေါ့"

"အင်မတန်မှ မှတ်သားစရာပါလား ဘုရား"

"ဟုတ်ပြီ၊ ပြောရင်း သတိရလာတာမို့ ကုဏ္ဍလစ္စနဲ့ ပတ်သက် ပြီး 'ဓမ္မပဒ' ကျမ်းမှာလာရှိတဲ့ တမ္ဗဒါဌိကဆိုတဲ့ အာဏာပါးကွက် သားကြီးအကြောင်းကို အနည်းငယ် ပြောပြရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ အမိန့်ရှိပါ ဘုရား"

"တမ္ဗဒါဌိက ဆိုတဲ့ အာဏာပါးကွက်သားကြီးဟာ အားကောင်းမောင်းသန်တုန်းက အမှုအခင်းအရ သေဒဏ်ကျခံရသူတွေကို သတ်ဖြတ်ရတဲ့အလုပ်နဲ့ ဘုရင့်အမှုတော်ကို ထမ်းဆောင်လာခဲ့တယ်"

"မှန်ပါ့ ဘုရား"

"ပြောရရင် အမှုထမ်းစဉ် ကာလတစ်လျှောက် သူသတ်ခဲ့တဲ့ ဒုစရိုက်သမား အကျဉ်းသား အရေအတွက်ဟာ မှတ်မိနိုင်စရာ မရှိလောက်တဲ့အထိကို သူ သတ်ဖြတ်ခဲ့တာပါ"

"သြော်...သြော်"

"နောက်ဆုံး အားအင်ကုန်ဆုံး ခြေ၊လက် မသယ်နိုင်တော့တဲ့ အခါကျမှ ဒီလုပ်ငန်းက အနားယူခဲ့တာပါ"

"ဒီနောက်ဖြစ်စဉ်ကရော ဘယ်လိုပါလဲ ဘုရား"

နောက်ဖြစ်စဉ်ကတော့ အရှင်သာရိပုတ္တရာနဲ့ ကံအားလျော်စွာ တွေ့ကြုံရပြီး တရားနာကြားခွင့်ရပေမယ့် သူပြုခဲ့တဲ့ အကုသိုလ်အမှု





တွေနဲ့ ယခု ကြားနာရတဲ့ တရားဓမ္မတွေဟာ ကွာခြားနေတာကြောင့် ကုက္ကုစ္စဖြစ်ပြီး နောင်တတွေ၊ ပူပန်မှုတွေနဲ့ တရားတော်ကို စိတ်မဝင်စားနိုင်အောင် အထိပါပဲ"

"သြော်...စိတ်မကောင်းစရာပါလား ဘုရား"

ဒီအကြောင်းတွေကို သိရှိဆင်ခြင်မိတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက အာဏာပါးကွက်သားကြီးကို အကြောင်းစုံ အေးမြန်းပြီး တရားကို စိတ်ပါဝင်စားဖို့အတွက် ပရိယာယ်စကား နဲ့ကြားရတော့တယ်"

"မှန်ပါ့ ဘုရား"

"သင်သည် ဘုရင့်အမှုတော် ထမ်းရွက်သူ၊ မင်းမှုထမ်း ဟုတ်ဘူးလား"

"မှန်လှကြောင်းပါ ဘုရား"

"ဘုရင့် အာဏာကြောင့် သတ်ဖြတ်ရတဲ့အတွက် အပြစ် ရှိနိုင်ပါ့မလား"

"မရှိနိုင်ပါ ဘုရားတဲ့၊ အဲဒီလို ပရိယာယ်သဘောနဲ့ သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်နေတဲ့ ကုက္ကုစ္စကို ဖြေဖျောက်ပေးလိုက်တယ်''

''ဆက်ပြီး မိန့်တော်မူပါ ဘုရား''

''ဒီလိုနဲ့ 'ငါ့မှာ အပြစ်ရှိပုံ မရပါလား'ဟု စိတ်သက်သာ မှုရသွားတဲ့ သူ့ကို တရားဆက်ဟောလိုက်တာ ရှင်ဥသောတာပ တည်သွားတယ်ဆိုဘဲ။ ဒီနောက် နာမကျန်းဖြစ်ပြီး သေဆုံးတဲ့ အခါ ကုက္ကုစ္စပျောက် တရားနှလုံးသွင်းနိုင်မှုကြောင့် နတ်ပြည် မှာ စုတေသွားခဲ့ရတယ် ဒကာ၊ ဒီသာဓကကို မှီပြီး ကုက္ကု မဖြစ်ရလေအောင် ခုကတည်းက အသိတရားတွေထားလို့ ကုသိုလ် အမှုတွေကို မုချပြုသင့်ကြပေတယ်''

■





## မာနနဲ့ မာန်

ဆရာတို့ထံ နည်းခံတိုးဝင် မသင်မမေး အရေးမထား မတတ်ငြားဘူး ငယ်ကအားမာန် ကြီးသော်ဟန်နှင့် သိဥာဏ်ဝမ်းတွင်း မရှိကင်းလျက် ဟင်းလင်းဟာလာ၊ တူမျှသာတည်း။

(မဃဒေဝ)



www.burmeseclassic.com

www.burmeseclassic.com



မာန်,မာနဆိုတာ ထောင်လွှားခြင်း၊ တက်ကြွခြင်းဆိုတဲ့ သဘောသရုပ် ဖြစ်ကြောင်း အများအားဖြင့် သိကြမှာပါလေ။ အင်မတန် သတိပြုစရာကောင်းတာက မာနလက်ကိုင်ထားကြသူ များဟာ တံခွန်၊ အလံတို့ တည့်မတ်စွာ စိုက်ထားသလို နှလုံး ဘဝင်ရိုက်ပြီး အများအပေါ်မှာ မိုးနေလိုကြတယ်။ အများအပေါ် မှာ မောက်မာလိုကြတယ် ဆိုတာပါပဲ။

"ငါက သုံးနိုင်တာပဲ၊ ငါက စားနိုင်တာပဲ၊ သောက်နိုင် ဝတ်နိုင်တာပဲ၊ ဘယ်သူကို ဘာမှုစရာလိုလဲ" စသဖြင့်ပေါ့လေ အဲဒီလို မထီမဲ့မြင်ပြော၊ မာနတံခွန် လွှင့်ထူနေကြတာတွေ အပ် ကြီးပဲ မဟုတ်လား၊ အဲဒီ မာနဆိုတာမျိုးကို သူတော်ကောင် တို့ကတော့ လုံးဝ မနှစ်မြို့ကြပါဘူး။ အင်မတန် စက်ဆုပ်ရွံရှာ တတ်ကြပါတယ်။

ထောင်လွှားမာန ရှိလွန်းကလည်း လျော့ကျနောက်ဆုံး ရှိခေ ၏တဲ့။ ဒီလင်္ကာအရ ဘယ်လိုပင် မိုးမမြင်၊ လေမမြင် မာနတွေ ထောင်လွှားနေသည် ဖြစ်ပါစေ၊ တစ်နေ့မှာတော့ ဒီတံခွန်အလံ ဆိုတဲ့ မာနဟာ မြေသက်လျှောကြ ပျက်စီးသွားရမှာပါလေ ဒါကို သိထားရင် ဆင်ခြင်တုံတရားလေးထားရှိ နေတတ်ကြရင်





သက်သာမှာ ဖြစ်တယ်ဆိုတာလေးကိုတော့ သတိပေးလိုက်ချင် ပါတယ်။ အဲဒီလို မာနတလူလူ ငါတကောကော နေတတ်ကြတဲ့ ပုဂ္ဂိုလ်သုံးမျိုးသုံးစားရှိတယ်ဆိုတာ ရှင်းပြပါရစေ...

(၁) သူတစ်ပါးထက် အစစ၊ အရာရာ သာလွန်နေလို့ မာန် တက်သူ။

စည်းစိမ်ဥစ္စာ၊ ရာထူးဂုဏ်သိန်၊ ပညာအဆင်း၊ ရောဂါကင်း ခြင်း၊ အခြွေအရံပေါများခြင်း စသည်တို့ဟာ လူတကာတို့ထက် သာနေတဲ့အတွက် "ဟင်း...သင်းတို့တွေနဲ့ ငါနဲ့ တူရဲ့လား၊ လားလားမျှမမီ၊ ပြောဆိုဆက်ဆံရတာတောင် အဖက်မတန်ဘူး" ဆိုပြီး တစ်ဖက်လူကို အထင်သေးလေ့ရှိတဲ့သူမျိုး။

(၂) သူတစ်ပါးနဲ့ တန်းတူယှဉ်နိုင်လို့ မာန်တက်သူ။

မနှင့်ငွေကြေး၊ စည်းစိမ်ပညာ၊ ရောဂါကင်း၊ ခြွေရံသင်းပင်း စတာတွေဟာ အများထက် မသာသော်လည်း တန်းတူ နေနိုင် ထိုင်နိုင် သုံးစွဲနိုင်တဲ့ ဂုဏ်ရှိန်ဝါတွေ ရှိနေတဲ့အတွက် အဟား၊ ဟား၊ သူတို့ကိုယ်သူတို့ ချမ်းသာလှပြီ အောက်မေ့နေကြတယ်။ ငါကရော သူတို့နဲ့ ဘာထူးသလဲ၊ သူတို့စားနိုင်၊ ဝတ်နိုင်တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ငါလည်း တတ်နိုင်ပါတယ်''ဆိုပြီး မိမိကြွယ်ဝမှုကို အမှီပြု မာန်တက်တတ်တဲ့ ပုဂ္ဂိုလ်မျိုးကို ခေါ်တာပါ။

(၃) သူတစ်ပါးထက် နိမ့်ကျလင့်ကစား မာန်တက်လျက် ရှိသူ။

ရာထူးဂုဏ်သိန်၊ ပညာစည်းစိမ်၊ ခြွေရံစတာတွေဟာ အများတကာနဲ့ လုံးဝ မယှဉ်နိုင်။ နိမ့်ကျသော်လည်း မာနတက်ခံရှိသူ ဗိုဗို 'သူတို့က ငါ့ထက်သာတော့ရော ငါ ဂရုစိုက်စရာလား၊ ကိုယ်ရှိမှ ကိုယ်ဝတ်ရ၊ စားရတာများ ဘယ်သူ့ကိုမှ ခယနေစရာ အကြောင်းမရှိဘူး''ဟုဆိုပြီး အန်မတုနိုင်ပေမယ့် မာန်ပြုပြီး အံတုတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို ပြောတာပါ။

ဒီလောက်ဆို မာန်တက်တတ်သူ လူသုံးမျိုးသုံးစားကို သိကြပြီပေါ့။ ဒါဆိုရင် မာန်မာနတက်ကြွစေတဲ့ အကြောင်းအရာ အမျိုးမျိုးရှိနိုင်ပုံ အကြောင်းကိုလည်း ဆက်လက် ပြောဦးမှ ထင်တယ်။

တချို့က အမျိုးကိုမှီပြီး မာန်တက်တတ်တယ်လေ၊ တွေ့ဖူးကြမှာပါ 'တွေ့လား၊ အဲဒီသူဌေးကြီး အရာရှိကြီးဟာ ငါ့အမျိုးပေါ့၊





ငါနဲ့ဆိုရင် အမျိုးအရင်းကြီး ရှိသေးတယ်၊ တို့အမျိုးက အဲဒီလို ဂုဏ်တို့၊ သြဇာတို့ ရှိတာကွ'တဲ့။ အဲဒါကို ဇာတိမာန်လို့ခေါ်တယ်။

တချို့ကတော့ ပစ္စည်းဥစ္စာကို မှီပြီး မာန်တက်လေ့ရှိပြန်တယ်။ 'ဒီလိုတန်ဖိုးကြီးမားပြီး အလွန်အဆင့်မြင့်တဲ့ ပစ္စည်းမျိုးကို ငါက လွဲပြီး ဘယ်သူမှ ဝယ်ကိုင်နိုင်မှာ မဟုတ်ဘူး၊ ငါ့လို ချမ်းသာသူ ရှိနိုင်ပါဘူး'လို့ ကြွားဝါးလေ့ရှိသူ ဒီလိုလူမျိုးကိုတော့ 'ဓနမာန်' တတ်သူလို့ ခေါ်ရပါမယ်။

တချို့ကြတော့တစ်မျိုး အဆင်းရုပ်ရည်မှာ သူတစ်ပါးမတူ အောင်လှပကြတာမို့ တစ်ကယ့်ကို ကိန္နရီ ကိန္နရာနှယ် အလှသွေးကြွယ်ကြွယ် ငါ့ရုပ်ရည်ကို ဘယ်သူယှဉ်နိုင်မှာတဲ့လဲ၊ ငါနဲ့ အလှချင်း ပြိုင်လို့ကတော့ ဆီနဲ့ရေ၊ အဲ...မင်းကုသနဲ့ ပပဝတီလို ကွာခြားနေပါလိမ့်မယ်၊ အဟင်း...ဟင်း...ဟင် ဆိုပြီး မာန်တက်တတ်တဲ့ပုဂ္ဂိုလ်၊ ဒီလိုပုဂ္ဂိုလ်မျိုးကို 'အဆင်းမာန်' တတ်သူလို့ ခေါ်ပါတယ်။

တချို့ကြပြန်တော့ အတတ်ပညာကို အမှီပြုပြီး...

ငါ့လို တတ်သိနားလည်ဖို့ ဝေလာဝေး၊ ငါတတ်ထားတဲ့ ပညာရဲ့ ခြေဖျားလောက်အဆင့် မီအောင်တောင် တတ်ကြမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ငါမှငါကွဆိုပြီး မာန်တက်လွှေရှိသူမျိုး၊ အဲဒီလို ပုဂ္ဂိုလ် မျိုးကြပြန်တော့ 'ပညာမာန်' တက်သူလို့ ခေါ်ပါတယ်။ မှတ်သားနိုင်ဖို့ မာန်မာနကြီးသူတို့ရဲ့ နောက်ဆုံးတစ်နေ့ ကြုံတွေ့ နိုင်လာ ပုံကို ပြောပြချင်လာမိပြန်တယ်။

'ဇာတိမာန်' ဆိုတဲ့ ဂုဏ်ရှိန်ကြောင့် သွေးနထင်ရောက်ပြီး တစ်ဖက်သားကို အဖက်မတန်သလို ခက်ထန်မောက်မာကြသူတွေ အနေနဲ့ တစ်ဖက်သားက ကြာလေ ရှောင်ဖယ်လေမို့ အသက် အရွယ်ကြီးလာတဲ့အခါ အထီးကျန်ဘဝနဲ့ နေရဖို့ ရှိရုံမျှမက လူများ စွာရဲ့ ရွံမုန်းခြင်းကို ခံရတဲ့အပြင် ဒုက္ခနဲ့ တွေ့ကြုံတဲ့အခါ အများရဲ့ ကူညီဖေးမမှုကို မရနိုင်ဘဲ ရှောင်တိမ်း ဖယ်ခွာကြတဲ့အတွက် အသက်ဘေးနဲ့ ရင်ဆိုင်ရဖို့ရှိတယ်။

'ဓနမာန်' ကြောင့် စိတ်ကြီးဝင်ပြီး ပစ္စည်းဥစ္စာ နည်းပါး နွမ်းပါးကြသူတွေနဲ့ အတူမသွားနိုင်၊ အတူမစားနိုင် အတူ စကားမပြောနိုင်၊ အဖက်မတန်သလို မာန်တက်ကြွ ရှိနေသူတွေ အဖို့ကလည်း ဇာတိမာန်ရှိသူတွေလိုပဲ ရှေ့ရှည်မှာ အထီးကျန်ဘဝနဲ့ နေသွားရပြီး အများရဲ့ ရွံမုန်းခြင်းကို ခံရရုံမျှမက ဒုက္ခနဲ့ ရင်ဆိုင် ကြုံတွေ့နေရရင်တောင် ရှောင်ဖယ်ပစ်သွားခြင်း ခံရနိုင်ပါတယ်။





သူလည်း ဇာတ်သိမ်းမလှဘဲ နိဂုံးချုပ်ဖွယ် ရှိနေတာမို့ ဓနမာန် ကြောင့် စိတ်ကြီးမဝင်ကြဖို့ အရေးကြီးလှပါတယ်။

အဆင်းမာန်ကြောင့် တသသနဲ့ အလှပြင် နေကြသူတွေ ကတော့ မိမိရဲ့ တစ်ပါးသူအပေါ် အထင်သေးစွာ ပြုမူတတ်တဲ့ မာန်မာနတွေကြောင့် တစ်ပါးသူရဲ့ ဖျက်ဆီး လုပ်ကြံခြင်းကို ခံရနိုင်ပါတယ်။ ဒါ့အပြင် အလှအပကို နေရာကျစွာ အသုံးမချ တတ်ပြန်ရင်လည်း ဒုက္ခဆိုးနဲ့ ကြုံရဖွယ်သာရှိပါတယ်။ နောက်ဆုံး အဆင်းမာန်ကြွမှုကြောင့် အရှက်တကွဲ အကျိုးနည်းနဲ့ ရင်ဆိုင် ကြုံတွေ့သွားနိုင်ပါတယ်။

ပညာမာန်အတွက် မော်မော်ကြွားကြွား ဘဝင်မြင့်နေသူတွေ ထားဖို့ကတော့ မိမိထက် ပါရဂူမြောက် တတ်ကျွမ်းသူများနှင့် တွေ့က အရှက်ကွဲရမည်သာမက မထီမဲ့မြင် မာန်မာနကြောင့် တ်ဆွေစစ်တွေ တဖြည်းဖြည်း နည်းပါးသွားကြပါလိမ့်မယ်။ ဒီလို မာန်မာန အမျိုးမျိုးနဲ့ ထောင်လွှားတတ်ကြသူတွေအဖို့ တစ်ပါးရွံမုန်း အမြင်ကတ်ချင်စရာ အကျိုးမဲ့ကိုသာဖြစ်စေပြီး င်ဘဝ အဆက်ဆက်မှာလည်း ဒီအဆင့်ထက် နိမ့်သွားဖွယ် သာ ရှိပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဘဝအဆက်ဆက် မြင့်သထက် မြင့်ဖို့အရေး မျှော်တွေးပြီး "အစွယ်ကိုးသောမြွေ" "ဦးချိုကိုးသောနွား" ခြေသုတ် ပုဆိုးအလား မာန်စွယ်အမျိုးမျိုးကို ချိုးနှိမ်လို့ သူတော်ကောင်းတွေ နှစ်သက်မြတ်နိုးတတ်ကြတဲ့ သူတွေအဖြစ်နဲ့ ဘဝသံသရာခရီး ဆက်လက် သွားလာနိုင်သူတွေဖြစ်အောင် ကြိုးစားကြပါ။

**အသိတစ်လုံး ယှဉ်ကာသုံး လူမုန်းမရှိပါ။**

**အသိမပါ ဆွေသဟာ ဒို့မှာ မလိုပါ**…တဲ့ ဒီလင်္ကာကို စာရေးသူ ငယ်စဉ်စပြီး ဖတ်ခွင့်ရခဲ့ပါတယ်။ သဘောကျလွန်း တာနဲ့ အရကျက်မှတ် ဆောင်ထားခဲ့တာ အခုချိန်ထိ အလွတ်ရနေ ခဲ့ပါတယ်။ ဒါပေမယ့် ဘယ်သူရေးပြီး ဘယ်စာအုပ်ထဲက ပါတာ ကိုတော့ မမှတ်မိတော့ပါဘူး။ လူအများစုဟာ အသိဉာဏ် ရင့်ကျင့်ပြီး ဖြောင့်မှတ် မှန်ကန်ကြသူတွေနဲ့သာ ပေါင်းသင်းလိုကြ၊ ခင်မင်လိုကြ၊ ရင်းနှီးလိုကြ၊ ဆွေးနွေးတိုင်ပင်လိုကြပါတယ်။ ဒါဟာ လောကထုံးစံပါပဲ။ ဘယ်သူမှ မိုက်မဲတွေဝေရမ်းကားကြ သူတွေနဲ့ မပေါင်းသင်းလို၊ မခင်လို၊ မရင်းနှီးလို၊ မဆွေးနွေး တိုင်ပင်လို ကြပါဘူး။





မိမိမှာ သူတစ်ပါးထက် အစစ အရာရာ မျိုးရိုးဇာတိ အင်အား နဲ့လည်း ပြည့်စုံပါတယ်။ နောက်ပြီး ဓနအင်အား၊ ပညာအင်အား တတ်သိနားလည်မှုတွေ သာမက အများကြည်ညို လေးစား ချစ်ခင်ဖွယ်ရာ ရုပ်ရည်ဥပမိနဲ့ ပြည့်စုံစေကာမူ သွေးနထင် ရောက်ပြီး မိုက်မဲတွေဝေ ငါတကော ကောတတ်သူဖြစ်စေ နေမယ်ဆိုရင် မည်သူမှ အရောတဝင် လုပ်ပြီး ပေါင်းသင်း ဆက်ဆံကြမှာ မဟုတ်ပါဘူး၊ ရှောင်ခွာသွားကြပါလိမ့်မယ်။ တကယ်တမ်း ဖြစ်သင့်တာက ဇာတိမာန်ကြောင့်လည်း ဘဝင် မြင့်စရာ မလိုသလိုပါပဲ၊ ဓနမာန်ကြောင့်လည်း စိတ်ကြီးဝင်ပြီး သွေးနထင် ရောက်စရာမလိုပါ။ အဆင်းမာန် ပညာမာန်တို့ကြောင့် လည်း ဒီအတိုင်းပါပဲ။ မောက်မားထောင်လွှားစရာ အကြောင်း မရှိပါ။

လူသားတွေအတွက် ဇာတိမာန်၊ ဓနမာန်၊ ပညာမာန်၊ အဆင်းမာန် စတာတွေဟာ အရှိမဖြစ် အရေးပါသလို အရာလည်း ရောက်ကြပါတယ်။ သို့ပြား ယင်းတို့ကို အသိဉာဏ်ယှဉ်ကာ အသုံးပြုသွားမှသာ တန်ဖိုးရှိ တန်ဖိုးမြင့်ပြီး ကျက်သရေရှိမှာပါ။ လွဲမှားသော မာန်မာနတွေနဲ့ ရောယှက်သွားမယ်ဆိုရင်တော့ ကာယကံ ရှင်အတွက် အင်မတန် နစ်နာသွားနိုင်ပါတယ်။

www.burmeseclassic.com



ဒါကြောင့် အသိ သတိ ကပ်ကာ လူသားတွေအတွက် အကျိုးပြု ဆိုးကျိုးတွေသာ ဖြစ်စေတတ်သော မာန်မာနမျိုးကို ရှောင်ရှားနိုင်အောင် အထူး ကြိုးစားသင့်လှပေတယ်။

သတိထား

ဝီရိယစိုက်

ဉာဏ်နဲ့ကြည့်ကြပါလေ။

■



## မာန်နဲ့မာန သာဓက

ဒီနေရာမှာ မာန်မာနနဲ့ ပတ်သက်ပြီး နောက်ဆက်လေးတွေကို သိစေချင်တဲ့အတွက် ရှုဋ္ဌမ သောဘာန ဇာတ်တော်လာ မိန်းမ မလိုလားသူ မိန်းမတွေရဲ့ အနံ့အသက်ကို မခံနိုင်သူ အနိတ္တိ ဂန္ဓမင်းသားလေးအကြောင်းကို ပြောပြချင်လာမိတယ်။ ဟာရာ ဏသီပြည် ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်က သားသမီး ရတနာ မထွန်းကားတာကြောင့် မင်းကြီးနဲ့ မိဖုရားတို့မှာ သားဆုတောင်း ကြတယ်ဆိုပဲ။ နတ်၊ သိကြားတွေရဲ့ စောင့်ရှောက်မှုကြောင့် ဘုရားအလောင်းတော်ဟာ ဗြဟ္မာပြည်က စုတေပြီး မိဖုရားကြီးရဲ့ ဝမ်းကြာတိုက်မှာ သန္ဓေတည်တော်မူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖွားသန့်စင်ကတည်းက မင်းသားငယ်ဟာ မိန်းမတွေချီရင် အသည်းအသန်ကို ငိုယိုပြီး ယောက်ျားတစ်ယောက် ချီမှသာ အငိုတိတ်လေ့ ရှိတယ်ဆိုပဲ။ မိန်းမဆိုရင် အနီးအနားတောင် အကပ်မခံ၊ တက်မတတ် ချက်မတက်တတ် ငိုကြွေးလွန်းလှတာ ကြောင့် နို့တိုက်ရာမှာတောင် ဥပါယ်တံမျဉ်းနဲ့ တင်းတိမ်ကြ ကနေ ပုန်းလျှိုးကွယ်လျှိုး တိုက်ကြရရှာတယ်။ တစ်ခါတစ် များမှာ မိန်းမတွေ ညှစ်ပေးတဲ့နို့ရည်ကိုယူပြီး ယောက်ျားတွေက မင်းသားကလေးငယ်ကို တိုက်ကြရတယ်။ ဒါကြောင့် သူ့ကို မိန်းမ မလိုလားသူ၊ မိန်းမအနံ့ မခံနိုင်သူ၊ အနိတ္ထိ ဂန္ဓမင်းသား လို့ ခေါ်တွင်စေတယ်။ မင်းသား ဆယ့်ခြောက်နှစ်အရွယ်ရောက် တော့ မိန်းမဆို မမြင်ချင်လောက်အောင် ဖြစ်နေတာကြော ဖခင်ဘုရင်ကြီးက သီးခြားနန်းဆောင်တစ်ခုမှာ နေထိုင်စေရတယ် ''ခက်ပြီ။'' ငါ့မှာ တခြား သားတော်ဆိုတာလည်း မရှိ၊ ရှိနေ တစ်ဦးတည်းသော သားတော်ကလည်း မိန်းမဆို မမြင်ချင် ဖြစ်နေတာကြောင့် ထီးနန်းကို လက်ခံမှာမဟုတ်တော့ အခက်ကြ ခက်နေပါရောလား' ဆိုပြီး ဘုရင်ကြီးခမျာမှာ နိစ္စမ္ဗဝ ငြီးငြူ မှိုင်တွေးချနေရှာတယ်။ ထီးနန်းအမွေအတွက် စိုးရိမ်သော မအေး ဖြစ်နေရှာပေါ့လေ။





ယင်းသို့ ခံစားနေရချိန်မှာ ရုပ်ရည်ရူပက ချောမောလှပပြီး အဆို၊ အက၊ အတီး၊ အမှုတ်မှာ ကျွမ်းကျင်လိမ္မာတဲ့ ကချေသည် မလေးတစ်ဦးက . . .

''အရှင်မင်းကြီး၊ အရှင့်သားတော်နဲ့ ပတ်သက်ပြီး ကျွန်တော် မျိုးမ တာဝန်ယူပါစေ၊ မာန်တက်လှတဲ့ မင်းသားကို ကာမဂုဏ် အမျိုးမျိုးတို့ဖြင့် ဆွဲဆောင်ထိတွေ့စေကာ ကျွန်တော်မျိုးမဘက် မပါပါအောင် မာယာအနန္တသုံးပြီး ဖြားယောင်းပါမည်'' လို့ လျှောက်တင်တယ်။

''ကောင်းလှပေပြီ သမီးငယ်၊ သားတော်သာ စင်စစ်သင့် အလိုကို လိုက်ပါခဲ့သော် သင့်ဆွဲဆောင်မှု အောင်မြင်ခဲ့သော် သားတော်ကို ထီးနန်းအပ်ပြီး သင်သည်လည်းပဲ မိဖုရား ဖြစ်စေ ရမယ်'' လို့ မင်းကြီးက ကတိပေးလိုက်ပါတယ်။

နောက်နေ့နံနက် ဖြီးလိမ်းခြယ်သ အလှတွေပြင် အမွှေးနံ့သာ အမျိုးမျိုးဆွတ်ဖျန်းထားတဲ့ ကချေသည်မလေးဟာ ယောက်ျား အသွင် ပြင်ဆင်ပြီး စောင်းပိုက်လို့ မင်းသားစံအိမ်တော်အနီး အမှတ်မထင် သွားပြီးတီးခတ်၊ သာယာတဲ့အသံနဲ့ သီချင်းဆိုတော့ တယ်။ စိတ်ဆိုးပြီး မောင်းထုတ်မလားဆိုပြီး အကဲစမ်း သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေတဲ့ ကချေသည်မလေးဟာ ရင်တထိတ်ထိတ်ပေါ့။ သို့ကြာ
မကြားစဖူး သာယာလှတဲ့ စောင်းသံနဲ့ သီချင်းသံကြောင့် မင်းသာ
ဟာ နားစွင့်ပြီး သောတအာရုံ ခံစားနေမိတယ်။ သိပ်ပြီး သဘော
တွေ့လှတာကြောင့် မကြာမီမှာ သာလွန်တော်ပေါ် လဲလျောင်
ရင်း စိတ်ပြေနပြေ နားထောင်တော့တဲ့ အထိပါပဲ။

နောက်တစ်နေ့မှာ မင်းသားရဲ့ အမိန့်နဲ့ စံအိမ်တော်အတွင်
ဝင်ရောက် ဖျော်ဖြေခွင့်ရတဲ့အထိ အောင်မြင်လာပါတယ်။ ဘယ်
လောက်အထိလည်းဆိုရင် စောင်းနဲ့ သီချင်းသံကို နားအရသာ
တွေ့လွန်းလို့ နေ့စဉ်ဆိုတာလို အိမ်တော်အတွင်း နေ့စဉ် ပုံမှ
လာရောက် တီးမှုတ်သီဆိုစေတဲ့အထိပါပဲ။ ရက်ကြာလာတော့
အသံအပြင် အနံ့၊ ရူပါရုံအဆင်းတွေ တစ်စတစ်စ သတိပြု
ခံစားလာမိပြီး ကချေသည်မလေးရဲ့ မာယာ၊ ပရိယာယ်ညွှတ်ကွင်း
မှာ သက်ဆင်းမိပေတော့တယ်။

"ဩော်...လက်စသတ်တော့ မိန်းမဆိုတာ ဒီလိုကိုး"

ဒါမျိုးဆိုတာက သောက်လေသောက်လေ ငတ်မပြေဆိုတော့
ချောမော၊ အလှသွေးကြွယ်တဲ့ ကချေသည်မလေးရဲ့ အတွေ့အထိ
အာရုံကို ခံစားရင်း ကြာတော့ နန်းတွင်းသူ အတော်များများကို





မတာရားသိမ်းပိုက်တဲ့ အထိ ဖြစ်လာတယ်။ ဒီနောက်မိန်းမတွေရဲ့
အတွေ့အထိ အရသာ ကို မက်မောလွန်းမက မက်မောလာပြီး
'တဏှာရူး လုံးလုံး ကြီး'ဖြစ်သွားတဲ့ မင်းသားဟာ 'ရာဂမတ္တက'
ရာဂကြီး သူပီပီ စိတ်ရိုင်းဝင်၊ အကြံတူ၊ ရန်သူသဘောမျိုးထားပြီး
ယောကျ်ားမှန်သမျှ သံလျက်နဲ့ ပိုင်းသတ်ဖို့ လိုက်တော့အထိပါပဲ။

နောက်ဆုံး ဖခမည်းတော်ဘုရင်ကြီးဟာ ဘယ်လိုမှ မတတ်
သာတော့ဘဲ သားတော်ကို ဖမ်းဆီး အရေးယူတဲ့အနေနဲ့ ကချေ
သည်မလေးနဲ့အတူ တိုင်းပြည်က နှင်ထုတ်လိုက်တာကြောင့်
နှစ်ဦးသား ထွက်ခဲ့ကြရတော့တယ်။ အနိုဂန္ဓမင်းသားနဲ့ ကချေသည်
မလေးတို့ဟာ တောထဲဝင် ဂင်္ဂါမြစ်နဲ့သမုဒ္ဒရာအကြားမှာ
သစ်ခက်တဲနန်း ဆောက်လုပ်ပြီး နေထိုင်ကြလေတယ်။ တစ်နေ့
တစ်နေ့ မင်းသားက သစ်သီးရှာဖွေပြီး ကချေသည်မက ရသမျှ
သစ်သီးတွေကို ရေရှည်ထားနိုင်အောင် ပြုတ်ရတယ်။ ဒီလို
နေထိုင်လာကြရင်း တစ်နေ့တော့ မင်းသား သစ်သီးသွားရှာခိုက်
ဈာန်ရ ရသေ့တစ်ပါး ကောင်းကင်ခရီးဖြင့် ဆွမ်းခံကြွလာရာ
တောအုပ်အပေါ်ရောက်တော့ မီးခိုးငွေ့တွေ မြင်တာနဲ့ အကျိုး
အကြောင်း သိရအောင် ဆင်းသက်ခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကိုမြင်တော့ ကချေသည်မလည်း တပ်မက် နှစ်သက်
ဖြစ်သွားပြီး သူမရဲ့ အားအကိုးရဆုံး အလှအပတွေနဲ့ ရသေ့ကို
ဖျားယောင်းသွေးဆောင်လိုစိတ်တွေ ဖြစ်ပေါ်လာတော့တာပေါ့
ဒါကြောင့် သစ်သီးပြုတ်နေဆဲ မကျက်သေးသမို့ ခေတ္တစောင့်
ဥပါယ်တံမျဉ်းနဲ့ ပြောကြားပြီး ရသေ့ကို အထူးထူးသော မာယ
အလှအပတွေနဲ့ ရစ်သိုင်းဖွဲ့လို့ ဖြားယောင်းဖျက်စီးပါလေရော
မာယာနဲ့ အလှမာန်ကွန်ယက်အောက်မှာ ပြိုလဲကျရှုံးသွားပြီးသူမ
တွယ်ငြိသွားမိတဲ့ ရသေ့ခမျာ မြတ်သော အကျင့်တွေပျက်ပြ
ကုန်တာမို့ ဈာန်သမာပတ်တွေ ကွယ် ပျောက်သွားရတော့တာပေါ့
ဆိုရရင် အတောင်ကျိုးတဲ့ ငှက်အသွင်ပေါ့လေ။ အတွေ့အ
အာရုံဆိုတဲ့ တဏှာမှာ တပ်မက်စွဲလမ်းမှုတွေလည်း အပြ
ဆိုတော့ ရသေ့ဟာ တစ်နေ့လုံးဆိုသလို ကချေသည်မအနား
မခွာ၊ ကချေသည်မနဲ့အတူ နေထိုင်တော့တယ်။

အချိန်တန်တော့ သစ်သီးရှာသွားတဲ့ မင်းသားပြန်အလ
ရသေ့နဲ့ ကချေသည်မကို ပက်ပင်းတွေ့တယ်ဆိုရင်ပဲ နဂိုက
ယောကျာ်းမြင် သတ်ချင်နေတဲ့ မင်းသားဟာ သံလျက်စွဲပြ
ရသေ့ကိုသတ်ဖို့ လိုက်ပါလေရော။ ရသေ့လည်း အသက်ဘေး
ကြောင့် ဒရောသောပါးပြေး၊ မင်းသားက ထက်ကြပ်မကွာ ဒလ





ကြမ်းလိုက်ပေါ့။ ပြေးလို့လွတ်မယ့်ပုံမပေါ်တဲ့အဆုံး ရသေ့က
အကြံရပြီး သမုဒ္ဒရာဘက်ကို ချိုးကွေ့ပြေးတော့တယ်။ မင်းသား
ကလည်း ထက်ကြပ်မကွာ လိုက်နေဆဲပေါ့။

ဒီလို ပြေးရင်းလွှားရင်း သမုဒ္ဒရာရေပြင်နဲ့ နီးကပ်လာတဲ့
အခါ ရသေ့ဟာ အရင်လိုမှတ်ပြီး ဈာန်နဲ့ ကောင်းကင်ကို ပျံတက်
လိုက်တယ်။ သို့ငြား ဈာန်လျှောပြီးသား ဖြစ်နေတာကြောင့်
သမုဒ္ဒရာထဲကို ပြုတ်ကြသွားပါလေရော။ ဒီအချင်းအရာကို
မြင်တော့မှ မင်းသားလည်း စဉ်းစားသွားမိတယ်။

"အလို...ဒါဟာ ဈာန်ရ ရသေ့ဖြစ်ဟန်တူတယ်၊ နဂိုက
ဈာန်ရပေမယ့် ဈာန်လျှောသွားလို့သာ သမုဒ္ဒရာထဲမှာ ကျသွားရှာ
တာဖြစ်ရမယ်"

မင်းသားက အကျိုးအကြောင်း သိရအောင် မေးမလို့ လှမ်း
ခေါ်ပြောတဲ့အခါ သမုဒ္ဒရာရေပြင်ကနေ ရသေ့က ပြောတယ်။

'မင်းသား ကျုပ်ဟာ တစ်ချိန်က ဈာန်ရ ရသေ့ဖြစ်ခဲ့ပေ
မယ့် မာယာနဲ့ အလှမာန်တို့ ပေါင်းစပ်ထားသော မိန်းမကြောင့်
သာ အခုလို သမုဒ္ဒရာရေပြင်မှာ နစ်မြုပ်ရပေတယ်'တဲ့။



www.burmeseclassic.com

ဒီတော့မှ မင်းသားက…

'မှန်ပေတယ် အရှင်ရသေ့၊ မိန်းမတို့သည် မာယာ၊ အလှမာန် ပေါင်းစပ်ထားတဲ့ ဖြားယောင်းခြင်းဆိုတဲ့ လက်နက်ကို အလိုဆန္ဒ ကြောင့်ဖြစ်စေ၊ ဥစ္စာစည်းစိမ် ရာထူးဂုဏ်သိန်တို့ကြောင့်ဖြစ်စေ ပေါင်းသင်းဆက်ဆံဖို့ ထုတ်သုံးတတ်ကြလေတယ်၊ မီးသည် မိမိ မှီရာထင်းတို့ကို တစ်မုဟုတ်ချင်း လောင်ကျွမ်းစေသကဲ့သို့ မာယာတွေ၊ အလှမာန်တွေ၊ စွမ်းရည်အင်အား အပြည့်ရှိသော မိန်းမတို့သည် ယောကျ်ားတို့အား လျင်မြန်စွာ လောင်ကျွမ်းစေ သည်မဟုတ်ပါလား' လို့ အသိသံဝေဂရပြီး ရသေ့ကို ပြောကြား လိုက်ပေတယ်။

'အိုး…ဟုတ်ပေသားပဲ' လို့ ရသေ့ဟာ မင်းသားရဲ့ ဟောပြော မှုကြောင့် အမှန်သိမြင်ပြီး သမုဒ္ဒရာ ရေထဲမှာပင် သမာဓိကို ထူထောင်၊ ဈာန်တရားကို ရှူးရှူးစိုက်စိုက် ပြန်လည်ဝင်စားလေ တော့တယ်။ ဈာန်သမာပတ်တွေ ပြန်လည်ရရှိသွားတယ်ဆိုတာ နဲ့ ကောင်းကင်သို့ ပျံတက်ကာ မိမိ သီတင်းသုံးရာကျောင်းသင် ခန်းသို့ ရှေးရှု ပြန်သွားလေတော့တယ်။ ဒီအချင်းအရာတွေကို





ကြည့်နေတဲ့ အနိတ္တိဂန္ဓမင်းသားဟာ ရသေ့ရဲ့ဈာန်အဟုန်ကို င်ပြီး…

'ဩော်…ဒီနေ့ကစပြီး ငါလည်း မိန်းမတွေရဲ့ အလှမာန်နဲ့ ယာတောက ထွက်ပြီး ဈာန်တရားကို မရမနေ အားထုတ် ာ့မယ်' လို့ ဆုံးဖြတ်လိုက်တယ်။

ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ ကချေသည်မကို ားလိုရာ သွားစေလို့ ခွင့်ပြုလိုက်ပြီးနောက် မင်းသားဟာ ဦးတည်း တောနက်အတွင်းမှာ ဈာန်သမာပတ်ရစေတဲ့ အကျင့် းကို ပွားများအားထုတ်လိုက်တာ မကြာမီ ဈာန်တရားများ သွားတော့တယ်။ ဒီနောက် သေလွန်တဲ့အခါ ဗြဟ္မာ့ပြည် ားရောက်သွားရသတဲ့။

ကဲ…ဒီဇာတ်တော်အကြောင်း သိပြီးပြီဆိုရင် မာနတို့၊ မာန် ဆိုတာ ရှောင်ရှားသင့်ကြောင်း သူတော်ကောင်းတို့ သိကြ ာက်ပြီပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



## ဝိပဿနာကျင့်စဉ် ဉာဏ်အမြင်

"အရှင်ဘုရား၊ 'ဥပသမောသုခေါ' ဆိုတဲ့ ပါဠိတော်ကို အနက်ပြန်ရာမှာ တိတိကျကျ မရှိတာမို့ ရှင်းပြပေးတော်မူပါရန် လျှောက်ထားပါတယ် ဘုရား"

"သြော်...'ဥပသမောသုခေါ' ဆိုတာက ဝိပဿနာပွားများ အားထုတ်ခြင်းကြောင့် နိဗ္ဗာန်၌ မွေ့လျော်တတ်သော စိတ်ရဲ့ ချမ်းသာခြင်းကို ရရှိနိုင်ပေတယ်လို့ အဓိပ္ပာယ်ရပါတယ်"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"ဒီတော့ ဝိပဿနာ ဘာဝနာပွားများခြင်းဆိုတာကို ဆက်ပြောကြစို့"





"မှန်ပါ့ ဘုရား"

"ဘာဝနာပွားများတယ်ဆိုရာမှာ အာရုံတစ်ခုကို နှလုံးသွင်း ထုံမွှန်းထားခြင်းဆိုရင် မမှားပါဘူးလေ"

"အကျယ် ရှင်းပြတော်မူပါ ဘုရား"

"ဒီလိုလေ၊ ခန္ဓာ၊ နာမ်ရုပ်နဲ့ ဖြစ်မှုပျက်မှု အစုစုတို့ကို နှလုံးသွင်း၊ နောက် ဉာဏ်မျက်စိနဲ့မြင်၊ ဆင်ခြင်သုံးသပ်တတ်ရင် ဝိပဿနာဖြစ်ပြီ ဆိုနိုင်သပေါ့"

"သြော်...ဒီလိုကိုး"

"ဒါပေမယ့် အပြောအနေနဲ့သာ လွယ်ကူတာ၊ တကယ် ကျင့်ကြံရာမှာတော့ ဒွန်ကရိဏ်းကျဖို့ မလွယ်နိုင်ဘူးလို့ ဆိုရပေလိမ့်မယ်"

"ဘယ်လိုကြောင့်ပါလဲ ဘုရား"

"ဝိပဿနာ အကျင့်ဆိုတာက အပြန့်အပြော ကျယ်ဝန်းလှတဲ့ မဂ်တည်းဟူသော ရေပြင်ကို ဖြတ်ကူးရသလိုမျိုးလို့ တင်စား ပြောရပေမှာပဲ ဒါယကာ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ ဘုရား"

"သမာဓိသဘောကို မြဲသထက်မြဲအောင် တည်ဆောက်နိုင် မှသာ 'သန္တိသုခ' ဆိုတဲ့ ချမ်းသာအစစ်ကို ရရှိနိုင်တာမို့ပဲ၊ ပြော ရရင် 'ခန္ဓာနိရောဓနိဗ္ဗာန်' ဖြစ်ဖို့အတွက် ဦးစွာ သင်ယူလေ့လာ သဘောလည်း ရှိရပေမယ်"

"မှန်ပါ့"

"နောက် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးကိုလည်း မဖြစ်မနေ ဆောက်တည်ကြရမှာ ဖြစ်တယ်"

"မှန်ပါ့ ဘုရား"

"ဒါမှသာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ တွန်းထိုးနှော ယှက်ခြင်းခံရတဲ့ လောကီအလို 'ကုလစာရဗာဟိရ' ဆိုတဲ့ အညစ် အကြေးတွေ ကင်းစင်ပြီး တရားမဓမ္မ အားထုတ်သူရဲ့ သန္တာန်မှာ ကိလေသာတွေ ရှင်းနေမှာပေါ့"

"သဘောပေါက်ပါပြီ ဘုရား"





"အဲဒီလို ကျင့်ကြံအားထုတ်တဲ့အခါ 'ပုဗ္ဗဘာဂမဂ်' လို့ ခေါ်တဲ့ အကြိုမဂ် ဓာတ်ခံရှိသူအဖို့ တရားထူးရနိုင်ဖို့ အလား အလာတွေရှိလာမှာ အမှန်ပဲ"

"ဒါကို ပါရမီရင့်သန်သူလို့ ဆိုနိုင်ပါသလား ဘုရား"

"ဒါပေါ့၊ ဆိုနိုင်ပါတယ်၊ ပါရမီ အခြေခံရှိသူပေပေါ့။ ဒီလို သမာဓိမျိုးနဲ့သာ ရှုရင် သမုဒယလောဘတဏှာကြောင့် ရုပ်၊နာမ် တို့ရဲ့ ဖြစ်ပျက်ပြောင်းလဲမှု ဒုက္ခဖြစ်ကြောင်း အမှန်တရားကို သိမြင်လာမှာ ဖြစ်ပါတယ်၊ ဒီတော့မှ အို…ဒါဟာ ဒုက္ခအစစ် အမှန်ပါလား"လို့ သိလာ မြင်လာလိမ့်မယ်။

"မှန်ပါ့ ဘုရား"

"ဒီလို ရုပ်၊နာမ်ဓမ္မ သင်္ခါရတွေရဲ့ ဖြစ်ပေါ်ပြောင်းလဲမှု အစုစုကို အမှန်အတိုင်း ရှုမြင်သုံးသပ်မိပြီဆိုရင် မြတ်သောလမ်း ကို ရှာဖွေတွေ့ရှိမိသွားပြီး (တစ်နည်း) ငြိမ်းအေးမှုလမ်းကို တွေ့ပေပြီလို့ မိမိကိုယ်ကို မိမိ ခံယူနိုင်ပေတယ်"

"မှန်ပါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဓမ္မကို ဓမ္မချင်း၊ သစ္စာကို သစ္စာချင်းသိအောင် အားထုတ်တဲ့နေရာမှာ သိစရာအာရုံဆိုတာ မိမိခန္ဓာကိုယ်ကြီးသာဖြစ်ကြောင်း သိထားသင့်လှတယ်"

"မှန်ပါ့"

"အဲဒီလိုမှ မဟုတ်ရင် မှားယွင်းစွာသိသော 'ဝိပ္ပလ္လာသ' ဖြစ်လာတတ်တယ်၊ သာဓကအားဖြင့် ခန္ဓာကိုယ်ကြီးရဲ့ ဖောက်ပြန်မှုတွေကို မြင်ကြည့်ကြရအောင်လား၊ နားက အူတယ်၊ ခါးက ကိုက်တယ်၊ သွားက ကျင်တယ်၊ လျှာက ကွဲတယ်၊ မျက်စိက ယားတယ်၊ ကိုယ်ခန္ဓာက ချမ်းစိမ့်စိမ့်၊ ပူတူတူ၊ ခြေက နာသေး ထပ်ပြောရရင် မျက်စိနား၊ နှာ၊ ကိုယ်အင်္ဂါက အိုနာသေမျိုး နိမိတ်ဆိုးတည်း။ (မဃဒေဝ-၁၃၃)ဟု ခန္ဓာရဲ့သဘောကို ဆင်ခြင် သင့်တယ်၊ ဒါ မဃဒေဝ ဆရာတော်လို့ နာမည်ကျော်သော မာန်လည်ဆရာတော်ဘုရားကြီး စပ်ဆိုခဲ့တာပါ။ ဆက်လက်ပြီး…

သားချောင်သွေးခန်း၊ ရွှေ့ရွှေ့မြန်း၍၊ မလန်းမလူ၊ ဇရာ ဟူသည်၊ ဆံဖြူသွားကျွတ်၊ တွတ်တွတ်ရွတ်လျက်၊ ယွင်းချွတ်ပျက်ပြီ





နေ့တိုင်းအိုသည်၊ ဤကိုယ်ပျောက်လိမ့်မနေးတည်း။ လို့လည်း (မဃဒေဝ) အပိုဒ်ရေ(၅၀)မှာ ထပ်မိန့်ကြား စပ်ဆိုပါတယ်"

"မှန်ပါ့"

"ဆံဖြူသွားကြွေ၊ ပါးရေနားရေတွန့်၊ မျက်စိတွေမှုိင်း၊ နားတွေထိုင်း၊ ခါးတွေကိုင်း၊ ပါးတွေပြိုင်း၊ ကုန်းကိုင်းဖျော့လို့၊ ဘဝသရုပ်မပီအောင်၊ ပုံပျက်ပန်းပျက်ဖြစ်အောင် နှိပ်စက်ဖောက်ပြန်နေတဲ့ ခန္ဓာရဲ့သဘောကို ရည်ညွှန်းတာပါ၊ ကဲ…ဒါလောက်ဆို ရုပ်ခန္ဓာ၊ ရုပ်တရားကြီး နှိပ်စက်နေမှုကို သိပြီပေါ့"

"မှန်ပါ့ ဘုရား၊ တစ်ဆက်တည်းဆိုသလို အထက်မှာ အရှင်ဘုရား မိန့်ကြားသွားတဲ့ 'ဝိပ္ပလ္လာသ' သဘောလေးကိုပါ ရှင်းပြတော်မူပါဦး ဘုရား"

"ဝိပ္ပလာသဆိုတာ ဖောက်ပြန်မှားယွင်းသွားတဲ့ သဘောကို ပြောတာပါ၊ အမှတ်အသား မှားယွင်းခြင်းဆိုတဲ့ သညာဝိပ္ပလ္လာသ က လေးပါး၊ အကြံအသိ မှားယွင်းခြင်းဆိုတဲ့ 'စိတ္တဝိပ္ပလာသ'က လေးပါး၊ အမြင်မှား၊ အယူမှားယွင်းခြင်းဆိုတဲ့ 'ဒိဋ္ဌိဝိပ္ပလာသ'က လေးပါးရယ်ဆိုတော့ (၁၂)ပါး ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အကျယ် ရှင်းပြတော်မူပါ ဘုရား"

'သညာဝိပ္ပလ္လာသ'လေးပါးကို အရင်ပြောမယ်"

"မှန်ပါ"

"သညာဝိပ္ပလ္လာသထဲမှာ နိစ္စ၊ သုခ၊ သုဘရယ်ဆိုပြီး သုံးပါး ထပ်ထည့်လိုက်ရင် လေးပါးဆိုပြီး ဖြစ်သွားရတာပေါ့၊ တစ်ခုချင်းစီ ရှင်းပြပေးမယ်"

"မှန်ပါ"

၁။ အနိစ္စေ ဘိက္ခဝေ၊ နိစ္စန္တိ၊ သညာဝိပ္ပလ္လာသော။ ပါဠိလိုက ဆိုထားတယ်။ သဘောကတော့ သတ္တဝါတွေဟာ မမြဲတဲ့ ရုပ်၊နာမ်သင်္ခါရ တရားတွေကို မြဲတယ်လို့ အမှတ်အသား မှားယွင်းနေတာကတစ်ပါး။

၂။ ဒုက္ခဘိက္ခဝေ သုခန္တိ ဒုက္ခဝိပ္ပလ္လာသော၊ သတ္တဝါတွေဟာ ဆင်းရဲတဲ့ ရုပ်၊နာမ် သင်္ခါရတွေကို ချမ်းသာတယ်လို့ အမှတ်အသား ဖောက်ပြန်မှားယွင်းနေတာက တစ်ပါး။





၃။ အနတ္တာနိ ဘိက္ခဝေ အတ္တာတိ၊ အတ္တာဝိပ္ပလ္လာသော၊ သတ္တဝါတွေဟာ ငါကောင်၊ သတ္တဝါကောင်မဟုတ်တဲ့ ရုပ်၊နာမ် သင်္ခါရတွေကို ငါကောင်၊ သတ္တဝါကောင်ဖြစ်တယ်လို့ အမှတ်အသား ဖောက်ပြန်မှားယွင်းနေတာက တစ်ပါး။

၄။ အသုဘေ၊ ဘိက္ခဝေ၊ သုဘန္တိ၊ သုဘဝိပ္ပလ္လာသော၊ သတ္တဝါတွေဟာ မတင့်တယ်၊ မဖွယ်မရာဖြစ်တဲ့ ရုပ်၊နာမ် သင်္ခါရတရားတွေကို တင့်တင့်တယ်တယ်လို့ အမှတ်အသား ဖောက်ပြန်မှားယွင်းနေတာက တစ်ပါး၊ ဒီလေးမျိုးကို သညာဝိပ္ပလ္လာသ လေးမျိုးဆိုပြီး ခေါ်ပါတယ်။

"မှန်ပါ၊ ကျေးဇူးကြီးလှကြောင်းပါ ဘုရား၊ ဆက်လက်ပြီး စိတ္တဝိပ္ပလ္လာသ' လေးပါးအကြောင်းကို ရှင်းပြတော်မူပါဦး ဘုရား"

"စိတ္တဝိပ္ပလာသဆိုတာ အကြံ၊ အသိ၊ မှားယွင်းတတ်တဲ့ သဘောကို ပြောတာပါ၊ သူ့ထဲကို အထက်ပါအတိုင်းပဲ၊ နိစ္စ၊ သုခ၊ သုဘဆိုပြီး သုံးပါး ထပ်ရောပေါင်းစပ်လိုက်ရင် လေးပါး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဖြစ်သွားရတာပေါ့၊ တစ်ခုချင်းစီ ရှင်းပြပေးမယ်၊ ဟုတ်လား"

"မှန်ပါ့"

၁။ အနိစ္စ ဘိက္ခဝေ 'နိစ္စန္တိ' စိတ္တဝိပ္ပလ္လာသော သတ္တဝါတွေဟာ မမြဲတဲ့ ရုပ်,နာမ် သင်္ခါရတရားတွေကို မြဲတယ်လို့ အကြံ၊ အသိ မှားယွင်းနေတာက တစ်ပါး။

၂။ ဒုက္ခေ ဘိက္ခဝေ သုခန္တိ ဒုက္ခဝိပ္ပလ္လာသော သတ္တဝါတွေဟာ ဆင်းရဲတဲ့ ရုပ်,နာမ် သင်္ခါရတရားတွေကို ချမ်းသာနေတယ်လို့ အကြံ အသိမှားယွင်းနေတာက တစ်ပါး။

၃။ အနတ္တာနိ ဘိက္ခဝေ အတ္တာတိ အတ္တ ဝိပ္ပလ္လာသော၊ သတ္တဝါတွေဟာ ငါကောင် သတ္တဝါကောင် မဟုတ်တဲ့ ရုပ်,နာမ် သင်္ခါရတရားတွေကို ငါကောင် သတ္တဝါကောင်ဖြစ်တယ်လို့ အကြံ၊ အသိမှားယွင်းနေတာကတစ်ပါး။

၄။ အသုဘေ ဘိက္ခဝေ သုဘန္တိ သုဘဝိပ္ပလ္လာသော သတ္တဝါတွေဟာ မတင့်တယ် မဖွယ်ရာဖြစ်တဲ့ ရုပ်,





နာမ် သင်္ခါရ တရားတွေကို တင့်တယ်နေတယ်လို့ အကြံ၊အသိ ဖောက်ပြန်မှားယွင်းနေတာကတစ်ပါး၊ ဒီလေးမျိုးကိုတော့ 'စိတ္တဝိပ္ပလ္လာသ' လေးပါးဆိုပြီး ခေါ်ပါတယ်။

"မှန်ပါ့ ဘုရား"

"နောက် ဒိဋ္ဌိ ဝိပ္ပလ္လာသလေးပါးဆိုတာ အယူမှား၊ အမြင်မှား ယွင်းခြင်းဆိုတဲ့ သဘောတရားကို ခေါ်ဆိုတာပါ၊ သူလည်းပဲ သူ့ထဲကို နိစ္စ၊ သုခ၊ သုဘဆိုပြီး သုံးပါးထည့်ပေါင်းလိုက်တဲ့ အခါ လေးပါးဖြစ်သွားတာပေါ့၊ သူ့ကိုလည်း တစ်ခုချင်းစီ ရှင်းပြပါမယ်"

"မှန်ပါ့ ဘုရား"

၁။ အနိစ္စေ ဘိက္ခဝေ နိစ္စန္တိ ဒိဋ္ဌိဝိပ္ပလ္လာသော။

သတ္တဝါတွေဟာ မမြဲတဲ့ ရုပ်,နာမ် သင်္ခါရတရားတွေကို မြဲတယ်လို့ အယူမှား၊ အမြင်မှားပြီး ဖောက်ပြန်မှားယွင်းခြင်းက တစ်မျိုး။

၂။ ဒုက္ခေ ဘိက္ခဝေ သုခန္တိ၊ ဒုက္ခဝိပ္ပလ္လာသော။



www.burmeseclassic.com

www.burmeseclassic.com



သင်္ခါရတွေဟာ ဆင်းရဲတဲ့ ရုပ်၊နာမ် သင်္ခါရတရားတွေကို ချမ်းသာတယ်လို့ အယူမှား၊ အမြင်မှားယွင်းခြင်းက တစ်မျိုး။

၃။ အနတ္တာတိ ဘိက္ခဝေ အတ္တာတိ အတ္တဝိပ္ပလ္လာသော။

သင်္ခါရတွေဟာ ငါကောင် သတ္တဝါမဟုတ်တဲ့ ရုပ်၊ နာမ် သင်္ခါရတရားတွေကို ငါကောင်၊ သတ္တဝါကောင် ဖြစ်တယ်လို့ အယူမှား၊ အမြင်မှားယွင်းခြင်းက တစ်မျိုး။

၄။ အသုဘေ ဘိက္ခဝေ သုဘန္တိ၊ သုဘဝိပ္ပလ္လာသော။

သင်္ခါရတွေဟာ မတင့်တယ် မဖွယ်မရာဖြစ်တဲ့ ရုပ်၊ နာမ် သင်္ခါရတရားတွေကို တင့်တယ်နေတယ်လို့ ဖောက်ပြန်ပြီး အယူမှား၊ အမြင်မှားခြင်းက တစ်မျိုး၊ ဒီလေးမျိုးကိုတော့ ဒိဋ္ဌိဝိပ္ပလ္လာသ လေးပါးဆိုပြီး ခေါ်ပါတယ်။

"မှန်ပါ၊ ကျေးဇူးကြီးမားလှကြောင်းပါ ဘုရား"





"ကဲ…ဒါလောက်ဆိုရင် ရုပ်ခန္ဓာ၊ ရုပ်တရားကြီး နှိပ်စက်နေမှုကို သိပြီပေါ့၊ ဟုတ်လား"

"မှန်ပါ့ ဘုရား"

"ဒီရုပ်ခန္ဓာအတိုင်းပါပဲ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ နာမ်ခန္ဓာ၊ နာမ်တရားတွေကလည်း ဟိုဟာလုပ်ချင်၊ သည်ဟာလုပ်ချင်နဲ့ အမျိုးမျိုး ဖောက်ပြန်နေကြတယ် ဆိုရမှာပဲ၊ အမျိုးမျိုး နှိပ်စက်ကြတယ်၊ ဒီလို နှိပ်စက်နိုင်တာဟာ ခန္ဓာငါးပါးရှိနေလို့ဆိုတာ သေချာမနေဘူးလား"

"သေချာကြောင်းပါ ဘုရား"

"ဟုတ်ပြီ၊ ဒီလို ခန္ဓာကိုယ် အကောင်ပုတ်ကြီးရဲ့ နှိပ်စက်မှု၊ ဖြစ်ပျက်ပြောင်းလဲမှုဆိုတဲ့ အမှန်တရား ဒုက္ခသစ္စာကို အခြေခံအားဖြင့် သဘောပေါက် သိမြင်လာပြီဆိုရင် ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ သမုဒယသစ္စာကို ငြီးငွေ့သင့်၊ မခင်တွယ်သင့်ဘူးဆိုတာကို တစ်ဆင့် သိမြင်လောက်ပြီပေါ့"

"မှန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကမှတစ်ဆင့် ရုပ်,နာမ်တို့ ချုပ်ငြိမ်းရာ နိရောဓသစ္စာ၊ နောက်ပြီး လောကရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့် ဖြစ်တဲ့ မဂ္ဂသစ္စာကို ပွားများထိုက် ကျင့်ကြံအားထုတ်ထိုက် ပြီးဆိုတာ ကောင်းကောင်းကြီး သဘောပေါက်လောက်ပြီပေါ့"

"သဘောပေါက်ပါတယ် ဘုရား"

"အခု ပြောနေတာတွေက အနှစ်တစ်ရာတိုင်တိုင် ရှာန်တန်နိုး နဲ့ နိဗ္ဗာန်ကို လိုက်လံရှာဖွေပေမယ့် မတွေ့ရတဲ့ 'ရောဟိတနတ် သား' ကို မြတ်စွာဘုရားရှင် ဟောတော်မူတဲ့အတိုင်း ပြောပြနေတာ ဆိုပါတော့"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"ကောင်းပြီ၊ ဒါဆိုရင် လေ့လာမှု၊ သင်ကြားနာယူမှု၊ ခံယူ ကျင့်သုံးမှုတွေ တစ်စတစ်စ ရင့်သန်ပြီး သီလ၊ သမာဓိ၊ ပညာ တည်းဟူသော သိက္ခာသုံးပါးကို လက်ကိုင်ပြုလို့ မြတ်သော ဝိပဿနာအကျင့်ကို ကျင့်ကြံပွားများနိုင်သော သူတော်ကောင်း သူမြတ်လောင်းအပေါင်း ဖြစ်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်"

"သာဓု...သာဓု...သာဓုပါ ဘုရား"

■





## ဖဿဝေဒနာ အကြောင်းအရာ

"ဒီနေ့ တခြားနေ့တွေထက် ပိုပြီး နောက်ကျပါလား ဒကာ"

"ဟာ...မပြောပါနဲ့တော့ ဘုရား၊ အိမ်မှာ ဇနီးဖြစ်သူနဲ့ အဆင်မပြေတာကတစ်မျိုး၊ သားရေး၊ သမီးရေးကိစ္စတွေ စီမံ နေရတာတစ်သွယ်၊ ကြာတော့ စိတ်ညစ်သလို ရှိလာတာနဲ့ ဘုရား ခန်းမှာ တရားထိုင်ရင်း အချိန်လင့်သွားရတာပါ ဘုရား"

"အေး...အေး...အေး၊ သာဓု...သာဓု...သာဓု၊ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်တဲ့၊ ကောင်းမွန်တဲ့၊ နည်းလမ်းနဲ့ စိတ်ဆိုး၊ စိတ်ညစ်တွေကို ဖယ်ရှားသုတ်သင်ရပေမပေါ့"

"မှန်ပါ ဘုရား"

"စကားဆက်ရလာတဲ့အတွက် စိတ်ရဲ့လှည့်စားမှု၊ စိတ်ကို တွန်းထိုးအားပေးတဲ့ အခြေခံ ဂုဏ်သတ္တိတွေအကြောင်းကို ပြောရရင် ကောင်းမယ် ထင်ပါရဲ့"

"ကောင်းပါတယ် ဘုရား"

"အခြေခံ ဂုဏ်သတ္တိလို့ ဆိုနိုင်သလို အခြေခံ စေတသိက်လို့လည်း ခေါ်ဆိုနိုင်ကြောင်း မှတ်သင့်ပေတယ်"

"မှန်ပါ"

"အချင်းချင်းစေတသိက်တွေကို သရုပ်အားဖြင့် ခွဲရရင် (၁၃)ပါး ရှိပြီး အဲဒီ (၁၃)ပါးကို အုပ်စုနှစ်စု ခွဲနိုင်ပြန်ပေတယ်လေ"

"မှန်ပါ ဘုရား"

"အဲဒါကတော့ ပထမအုပ်စုမှာ... ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရတွေပဲ"

"မှန်ပါ"





"ဒုတိယအုပ်စုမှာ... ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒတွေကိုလည်း ထည့်သွင်းရမှာ ဖြစ်တယ်"

"မှန်လှပါ ဘုရား"

"ပထမအုပ်စုမှာ ပါဝင်တဲ့ စေတသိက်(၇)ပါးဟာ ဘယ်ခါမဆို စိတ်ဖြစ်တိုင်း ဖြစ်တိုင်းမှာ ပါဝင်လေ့ ရှိတာချည်းပဲ"

"မှန်ပါ"

"ဒုတိယအုပ်စုမှာ ပါဝင်တဲ့ စေတသိက် (၆)ပါးတို့ကတော့ စိတ်နဲ့ ပါဝင်ယှဉ်တွဲပုံချင်း မတူလှသော်လည်း စိတ်ဆိုး၊ စိတ်ကောင်းနှစ်မျိုးလုံး စိတ်တွေနဲ့ ယှဉ်တွဲတတ်တဲ့ အနေအထားတွေပေပေါ့၊ ကဲ...ဆက်ပြီး စေတသိက်(၁၃)ပါးရဲ့ သဘောလက္ခဏာတွေအကြောင်းတွေဆီ ဆက်ကြဦးစို့"

"မှန်လှပါ ဘုရား"

"ဦးစွာ ပြောရမှာက 'ဖဿ' အကြောင်း၊ ဖဿဆိုတာ အာရုံကို တွေ့ထိခြင်း သဘောသရုပ်ပါပဲ၊ တွေ့ထိဆိုရာမှာ စိတ်နဲ့ အာရုံတို့ တွေ့ဆုံလိုက်တဲ့အခါ ဓာတ်သဘောအလိုက်၊ ထိခိုက်မှုဖြစ်လောက်အောင်၊ ဓာတ်ခိုက်တဲ့ သဘောပေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ ဘုရား"

"အဲဒီ ခါတ်ခိုက်၊ ခါတ်တွေ့၊ ခါတ်ထိဆိုတာမျိုးဟာ အချို့နေရာတွေမှာ ကိုယ်ထိလက်ရောက် တွေ့ထိရသလိုမျိုး ခံစားရပေတယ်"

"မရှင်းလို့ ထပ်ရှင်းပြတော်မူပါ ဘုရား"

"ဒီလိုလေ၊ ဥပမာအနေနဲ့ ပြောရရင် နာလန်ထစ လူမမာတစ်ယောက်အနေနဲ့ တခြားလူတွေ သံပရာသီး စားနေတာမြင်ရရင် ပါးတွေကျင်၊ သွားတွေကျိန်းပြီး သွားရေကျမလာဘူးလား"

"ကျကြောင်းပါ ဘုရား"

"နောက်ပြီး ကြောက်တတ်သူအဖို့ သူတစ်ပါးတို့ သတ်ပုတ်တိုက်ခိုက်နေတာကို မြင်ရရင် ကြောက်လန့်ပြီး ဒူးတွေ၊ အသားတွေ တဆတ်ဆတ် တုန်လာတယ် မဟုတ်လား"

"တုန်ကြောင်းပါ ဘုရား"

"အပျို၊ လူပျိုတို့ တွေ့ဆုံကြတဲ့ အခါမျိုးမှာ လှပတဲ့အဆင်းစွဲမက်ဖွယ်ရာအနံ့၊ သာယာတဲ့ အသံတွေကြောင့် ရင်တွင်း စိတ်နှလုံး ချောက်ချားအောင် ခံစားရတတ်တယ် မဟုတ်လား"





"မှန်ပါ့ ဘုရား"

"အဲဒီလိုဖြစ်ရာမှာ စိတ်ဟာ ခန္ဓာကိုယ်တိုင်အောင် ထိုးဖောက်ဝင်ရောက် ပျံ့နှံ့စေတာမို့ ဖဿဆိုတဲ့ ခါတ်ခိုက်၊ ခါတ်ထိ၊ ခါတ်တွေ့ခြင်း သဘောတွေ ဖြစ်ပေါ်လာရတာပဲ"

"မှန်ပါ့ ဘုရား"

"မှတ်ရမှာက အဲဒီ ဖဿဟာ ကုသိုလ်ဆိုင်ရာ အာရုံကိုရော၊ အကုသိုလ်ဆိုင်ရာ အာရုံကိုရော၊ ထိတွေ့ရတာကြောင့် စိတ်ကောင်း၊ စိတ်ဆိုး နှစ်မျိုးစလုံးမှာ ပါဝင်တယ်ဆိုတာပါပဲ"

"အင်မတန် မှတ်သားစရာပါ ဘုရား"

"ဟုတ်ပြီ၊ ဖဿပြီးတော့ ဝေဒနာဆီ ခရီးဆက်ကြဦးစို့ရဲ့"

"မှန်ပါ့"

"ဝေဒနာဆိုတာ အာရုံရဲ့ သဘောသဘာဝကို ခံစားခြင်းပေပေါ့"

"မှန်ပါ့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



“အာရုံအနေနဲ့ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ ဆိုပြီး (၃)မျိုးစီ ခွဲထားတဲ့အတွက် အာရုံအားဖြင့် (၆)ပါးလို့ မှတ်သားရတယ် မဟုတ်ပါလား”

“မှန်ပါ့ ဘုရား”

“အေး…အဲဒီနည်းတူ ‘ဝေဒနာ’မှာလည်း သောမနဿဆိုတဲ့ သုခ၊ ဒေါမနဿဆိုတဲ့ ဒုက္ခ၊ ဥပေက္ခာဆိုပြီး အကျဉ်းသုံးမျိုး၊ အကျယ်သုံးမျိုး ကွဲပြားတယ်လေ”

“သိပ်မရှင်းလှပါ ဘုရား”

“ရှင်းရရင် ဣဋ္ဌာရုံမှာ ကောင်းသောအရသာတွေ ပါရှိလာတော့ အဲဒီကောင်းတဲ့ အရသာကို ခံစားတတ်တဲ့ သဘောကို ‘သုခဝေဒနာ’လို့ ခေါ်ပါတယ်”

“မှန်ပါ့ ဘုရား”

“ကောင်းတဲ့ ဝေဒနာကို အဲသလို ခံစားကြရာမှာ၊ ဝမ်းပမ်းတသာ ခံစားရတာဖြစ်သော သဘောမျိုးကိုတော့ သောမနဿဝေဒနာလို့လည်း တစ်နည်းအားဖြင့် ခေါ်ဆိုနိုင်ပေသေးရဲ့”





“ဪ…ဒီလိုကိုး”

“ကိုယ်ချမ်းသာမှုဖြစ်စေတတ်တဲ့ ခံစားမှုကို ‘သုခဝေဒနာ’လို့ ခေါ်ပြီး စိတ်မှာ ငြိမ်းအေးချမ်းသာမှုကို ဖြစ်စေတတ်တဲ့ ခံစားမှုကိုတော့ ‘သောမနဿ ဝေဒနာ’လို့ ခေါ်ကြောင်းပါလည်း ဆက်လက်မှတ်သားပါလေ”

“မှန်ပါ ဘုရား”

“အဲဒီလို သုခ သောမနဿဆိုတဲ့ ဝေဒနာတွေရဲ့ ဖြစ်ပုံဟာ ရူပါရုံ၊ သဒ္ဒါရုံ စတဲ့ ကာမဂုဏ်အာရုံများနှင့် တွေ့ကြုံခံစားရတဲ့ အခါများမှာရော ဘုရားအာရုံ၊ တရားအာရုံတို့နဲ့ တွေ့ကြုံရခြင်းကြောင့် ချမ်းသာရွှင်ပြတဲ့ အခါတို့မှာ ထင်ရှား ပေါ်လွင်လှပါတယ်”

“ရှင်းပါတယ် ဘုရား”

အနိဋ္ဌာရုံများမှာတော့ မကောင်းတဲ့သဘော အရသာတွေ ပါရှိနေတာမို့ အဲဒီ မကောင်းတဲ့သဘော အရသာကို ခံစားရတဲ့ ဝေဒနာကို ဆင်းရဲတဲ့ ခံစားမှုအပြင် စိတ်မချမ်းသာစွာ ခံစားရမှုကို ဒေါမနဿ ဝေဒနာလို့လည်း ခေါ်ဆိုနိုင်ပြန်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ ဘုရား"

"ဣဋ္ဌမဇ္ဈတ္တာအာရုံမှာဆိုရင် အကောင်းသဘောလည်း မထင်ရှား၊ မကောင်းသောသဘောလည်း မထင်းရှားတဲ့ အရသာတွေပါဝင်ပြီး အဲဒီသဘောတရားကို 'ဥပက္ခာ ဝေဒနာ'လို့ ခေါ်ပေတယ်။ အဲဒီ ဥပေက္ခာ ဝေဒနာကို ခံစားရပုံတွေက မထင်ရှားတဲ့အတွက် မိမိကိုယ်တိုင် အာရုံရဲ့ အရသာကို ခံစားနေရမှန်းတောင်မသိနိုင်ပါဘူး"

"မှန်ပါ"

အဲဒီဝေဒနာဟာ ကုသိုလ်ဆိုင်ရာ အာရုံရဲ့ အရသာကို ခံစားသလို အကုသိုလ်ဆိုင်ရာ အာရုံရဲ့ အရသာလည်း ခံစားကြောင်းသိမှတ်ထားရမယ်။ ဒီလို အကောင်းအဆိုး နှစ်မျိုးလုံးရဲ့ အာရုံတွေကို ဖမ်းစားနိုင်တာကြောင့် ကာမဂုဏ်စည်းစိမ်ကို ခံစားတယ်၊ တရားအရသာကို ခံစားတယ်ဆိုတာမှာ ဒီဝေဒနာရဲ့ သဘောပဲချည်းပေါ့"

"မှန်ပါ့ ဘုရား"





"အကောင်းအာရုံဖြစ်ဖြစ်၊ အဆိုးအာရုံဖြစ်ဖြစ်၊ ခံစားတာကို ဝေဒနာလို့ ဆိုရာမှာ တစ်ခါက ယောဂီတစ်ဦးရဲ့ အဖြေကြောင့်တော်တော် အံ့အားသင့်သွားမိရသေးတယ်လေ"

"ဘယ်လိုများလိမ့် ဘုရား"

"သူဟာ တရားထိုင်ရာမှာ ဝေဒနာကို မကျော်လွှန်နိုင်ပါဘူးတဲ့"

"ဩော်...ဩော်"

"အမှန်က သေချာကြည့်တတ်မှ ယောဂီဟာ ခန္ဓာကိုယ်ကြီးရဲ့ ဖောက်ပြန်စွာ နာကျင်မှုတွေကို မကျော်လွှန်နိုင်မှန်း သိကြရမှာပါ"

"ဒီလိုကိုး"

"ဒီတော့ ဖောက်ပြန်မှုက ဖောက်ပြန်မှု၊ ဝေဒနာက ဝေဒနာဆိုတာ ကွဲကွဲပြားပြား မှတ်သားသင့်ပေပေါ့လေ"

"မှန်လှပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com




"တကာယ့်အမှန်က ခံစားခြင်းကသာ ဝေဒနာပေါ့ဘဲလေ"

"ရှင်းပါပြီ ဘုရား"

■





# သညာစေတနာ သိစေရာ

"သညာဆိုတာ မှတ်သားခြင်း သဘောဆိုတာတော့ သိပြီး ဖြစ်မှာပါ"

"မှန်ပါ့၊ သိကြောင်းပါ ဘုရား"

"သညာရဲ့ မှတ်သားပုံတွေဟာ ဗဟုသုတ အသိဉာဏ်နည်းပါးသူတွေမှာ ရှားလှတယ်လို့ ဆိုနိုင်ပေတယ်၊ လူကြီးသူမတွေက မိမိတို့ရဲ့ သားငယ်၊ မြေးငယ်၊ ကလေးငယ်တွေကို သူတို့ မသိသေးတဲ့ အကြောင်းအရာတွေကို စိတ်ဝင်တစား ပြောပြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးတယ်၊ ဒါတွေကို ကလေးတွေက မှတ်သားကြတယ် မဟုတ်လား၊ အဲဒါတွေဟာ သညာရဲ့ သဘောတွေပါပဲ''

''မှန်ပါ့ ဘုရား''

''သညာရဲ့ မှတ်သားမှုဆိုတာက ပညာလို အမှန်ကိုချည်း သိတာမျိုး မဟုတ်ပေဘူး၊ အမှန်ကို မှတ်သလို အမှားကိုလည်း မှတ်တာပါပဲ''

''မှန်ပါ့''

''ဥပမာ...ညအခါ မှောင်မည်းမည်းမှာ တစ္ဆေကြောက်သူဟာ ထန်းပင်ငုတ်ကို တစ္ဆေလို့ ထင်သလိုပါပဲ၊ ဒါဟာ အမှားကို မှတ်ခြင်း သဘောတွေ မဟုတ်ပါလား''

''မှန်ပါ့ ဘုရား''

''နောက်ပြီး လူတွေက မစင်ကို စက်ဆုပ်ဖွယ်ရာအဖြစ် မှတ်သားတာဟာ အမှန်သဘောတွေပါ၊ သို့ကြား ဝက်တွေကတော့ အလွန် ကောင်းတဲ့အရသာလို့ မှတ်ကြပေပြန်ရော''

''မှန်ပါ့''





''ခွေးသေကောင်ပုပ်ကို ဋ္ဌင်းတတို့ မက်မောခြင်းကလည်း အမှတ်အသား အမှားကြောင့်လို့ ဆိုရမှာပဲ။ မှားသောအရာမှာ သညာအမှတ်၊ အလွန် စွဲနေပြီဖြစ်တာကြောင့် အသိဉာဏ်တွေဟာ အမှန်ကို မမြင်နိုင်လောက်အောင် အထိပါပဲ။

''မှန်ပါ့''

''စောစောက ပြောခဲ့တဲ့ ဋ္ဌင်းတတို့၊ ဝက်တို့လိုပဲ ဘုရား၊ ရဟန္တာများက လောကီအာရုံ ကာမဂုဏ်တွေကို လွန်စွာ စက်ဆုပ်ဖွယ်ရာအဖြစ် အမှန်အတိုင်း မြင်ပေမယ့် ပုထုဇဉ်လူသားတွေကတော့ လောကီအာရုံ ကာမဂုဏ်တွေဆိုတာ အလွန်ကောင်းကြောင်း၊ အလွန်ကောင်းတဲ့အရာလို့ ထင်မှတ်မှားပြီး တွယ်တာနေကြလို့ပဲ၊ မရမက နည်းမျိုးစုံနဲ့ ရအောင် ရှာဖွေနေကြတယ် မဟုတ်လား''

''မှန်လှကြောင်းပါ ဘုရား''

''အမှားကို အမှန်ထင်နေကြတဲ့ သညာ သဘောက အင်မတန် ကျယ်ဝန်းလှပါတယ်၊ အဝိဇ္ဇာတဏှာဆိုတဲ့ တရားဆိုးတွေသာမက အမှတ်လွဲမှားမှုဆိုတဲ့ သညာသဘောတွေဟာ လူသား



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက်၊ အလွန်ကောင်းတဲ့အရာလို့ ထင်မှတ်မှားပြီး တွယ်တာနေကြလို့ပဲ၊ မရမက နည်းမျိုးစုံနဲ့ ရအောင် ရှာဖွေနေကြတယ် မဟုတ်လား"

"မှန်လှကြောင်းပါ ဘုရား"

"အများကို အမှန်ထင်နေကြတဲ့ သညာ သဘောက အင်မတန် ကျယ်ဝန်းလှပါတယ်၊ အဝိဇ္ဇာတဏှာဆိုတဲ့ တရားဆိုးတွေ သာမက အမှတ်လွဲမှားမှုဆိုတဲ့ သညာသဘောတွေဟာ လူသားတွေကို သံသရာထဲမပါ ;ပါအောင် ဆွဲခေါ်တတ်တယ်ဆိုတာ သိထားသင့်ကြပေတယ်"

"မှန်ပါ့ ဘုရား"

"ဒီတော့ သံသရာကြောမှာ ကြာရှည်မမြောစေချင်ကြရင် ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ၊ သညာဆိုတဲ့ အမှတ်သား





တရားဆိုးတွေကို အမှန်သိ သညာအဖြစ် ဖော်ထုတ်နိုင်အောင် ဝိပဿနာတရားဓမ္မကို ရှုမှတ်ပွားများရမယ်ဆိုတာပါပဲ"

"မှန်ပါ့ ဘုရား"

"အေး...သညာအကြောင်းကို ဒီမှာတင်ရပ်ပြီး ရှေ့ဆက်ကြဦးစို့"

"မှန်ပါ့"

"အာရုံတစ်ခုကို စိတ်ကယူရာမှာ ဖဿက အာရုံကို ထိတယ် မဟုတ်လား"

"ထိပါတယ် ဘုရား"

"ဝေဒနာကရော"

"ခံစားပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဖြင့် သညာက”

“မှတ်ပါတယ် ဘုရား”

“အေး…အဲဒီလိုပဲ၊ စေတနာ ဓီဝိတိန္ဒြေ မနသိကာရတို့က လည်း သက်ဆိုင်ရာ တာဝန်တွေကို ဆောင်ရွက်ကြရင်း စိတ်နဲ့ တစ်ပြိုင်နက် ဖြစ်ကြပေတယ်”

“သြော် ဒီလိုကိုး”

“ထို သဘောတူပါပဲ၊ လောဘ ဒေါသ စတဲ့ မကောင်းမှု တရားတွေ၊ သဒ္ဓါ သတိစတဲ့ ကောင်းတဲ့တရား သဘောတွေကို စိတ်က အာရုံအဖြစ် ယူရာမှာ ပါဝင်လေ့ရှိကြပေတယ်။

“မှန်ပါ”





“အဲသလို ဆိုင်ရာ စေတသိက်ကို စိတ်က အာရုံအဖြစ် ယူရာမှာ မည်သည့် စေတသိက်ကမှ နောက်ချန် မနေရစ်ကြဘဲ စိတ်နဲ့အတူ အာရုံကို စေ့စေ့စပ်စပ် ကပ်နေသလိုကို ယူကြပေ ကယ်လို့ မှတ်ပါ”

“မှတ်သားစရာပါ ဘုရား”

“ဒီလို အာရုံနဲ့ စိတ်စေတသိက်တို့ စေ့စပ်မိအောင် နှိုးဆော် တိုက်တွန်းသမှုပြုတာက ဘယ်သူလဲ သိလား”

“မသိပါ ဘုရား”

“တခြားဟုတ်ရိုးလား ဒကာရယ်၊ စေတနာ ဆိုတဲ့ တရား ပေါ့”

“သြော်…ဒီလိုပါလား”



www.burmeseclassic.com

www.burmeseclassic.com



"စေတနာဆိုတာ ပေါ်လွင်အောင် ဥပမာ တစ်ခုနဲ့ကြည့်ကြရအောင်"

"မှန်ပါ့"

"ကောင်းပြီ၊ ဒီတော့ စေတသိက်နဲ့ စိတ်ကို အသင်းအဖွဲ့တစ်ခု အနေထား ကြည့်လိုက်မယ်၊ စိတ်က အဲဒီအသင်းအဖွဲ့မှာ ခေါင်းဆောင်ဥက္ကဋ္ဌ နေရာမှာလို့ မှတ်ထားပါ"

"မှန်ပါ့"

"စေတနာက အကျိုးဆောင်နေရာက ယူထားတယ် ဆိုတာပါ မှတ်ခဲ့လိုက်ဦး"

"မှန်ပါ့"

"ပေါ့သေးသေး မမှတ်လိုက်နဲ့၊ အဖွဲ့အစည်းတစ်ခုမှာ အကျိုးဆောင်ဟာ အလွန် ဗျာပါဒ များလွန်းလှသူပါ၊ ကြည့်လေ၊





အသင်းအဖွဲ့ဝင်တွေကိုလည်း ဆိုင်ရာကိစ္စတွေ မလစ်ဟင်းရအောင် နှိုးဆော်ရ၊ တိုက်တွန်းရ၊ ပြောကြားရ၊ ဆော်ဩရသလို အသင်းဥက္ကဋ္ဌရဲ့ ကိစ္စအဝဝ အဆင်ပြေအောင် တာဝန်ထမ်းဆောင်ရသူပါ၊ ကိုယ်တိုင်ကလည်း အသင်းကိစ္စအတွက် ကြိုးစားရနဲ့ သာမန် အသင်းသားထက် အကျိုးဆောင်ဟာ နှစ်ဆ, သုံးဆ ပင်ပန်း တယ်လို့ မဆိုနိုင်ပေဘူးလား"

"မှန်ပါ့ ဆိုနိုင်ပါတယ် ဘုရား"

"ဒီ ဥပမာတိုင်းပဲ၊ စေတနာဟာ အခြား အခြားသော စေတသိက်တွေကို ဆိုင်ရာကိစ္စတွေမှာ မလစ်ဟင်းစေဘဲ အာရုံတွေနဲ့ တစ်ထပ်တည်း ကပ်နေအောင် စေ့စပ်ရပါတယ်၊ ဗျာပါများရတယ်လေ"

"မှန်ပါ့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စတစ်ခု ပြုလုပ်ရာမှာ စေတနာ ညံ့လို့ကတော့ စိတ်က လည်း မပါတပါ၊ အခြား စေတသိက်တွေလည်း ညံ့သွားကြမှာ သေချာတယ်"

"မှန်ပါ"

"အဲ ဒီသဘောအတိုင်းပါပဲ၊ စေတနာ ထက်သန်နေရင် ကတော့ စိတ်, စေတသိက်တွေကလည်း နိုးကြားတက်ကြွလာပြီး ထက်ထက်သန်သန် ရှိလာလိမ့်မယ်"

"မှန်ပါ ဘုရား"

"အဲဒီလို စေတနာ နှိုးဆော်မှုနဲ့ စိတ်, စေတသိက်တွေ ထက်သန်လာတဲ့အခါ ရုပ်ခန္ဓာကလည်း တစ်ပါတည်း သွက် လက်လာတော့တာလို့ မှတ်ပါ၊ ဒါကြောင့် မည်သည့်အာရုံမျိုး မဆို ယူရာမှာ 'စေတနာ'ကသာ အချုပ်အချာ ဖြစ်တယ် သဘောပေါက်သင့်လှပေတယ် ဒါယကာ"





"မှန်ပါ ဘုရား"

"အမှုကိစ္စတစ်ခု ကြိုးစားအားထုတ်ရာမှာ ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေ၊ စေတနာမှာသာ တာဝန် အပြည့်အဝ ရှိပါ တယ်၊ စေတနာညံ့ရင် အကျိုးပေး ညံ့မယ်၊ စေတနာ မပါရင် ဘယ်အရာမှာမှ ဖြစ်မြောက်အောင်မြင်ဖို့ရာ မဖြစ်နိုင်ပါဘူး၊ ဒီလို ပါပဲ၊ စေတနာကောင်းရင် ကံကောင်းမယ်၊ အကျိုးပေး ကောင်း မယ်ပေါ့၊ စေတနာပါရင် ဘာမဆို အောင်မြင်နိုင်စွမ်း ရှိပါတယ်၊ ဒါကြောင့် သိထားရမှာက ဘာပဲလုပ်လုပ် စေတနာပါပါ စေတနာ ထက်သန်စွာ လုပ်ရမယ် ဆိုတာပါပဲ"

"မှန်ပါ"

"ဒါန, သီလ စတဲ့ ကုသိုလ်ကံ၊ ပါဏာတိပါတာ စတဲ့ အကုသိုလ်ကံတို့ကို စိတ်,စေတသိက်တို့ ပူးပေါင်းပြုလုပ်ကြတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာရယ်၊ စေတနာသည်သာ သတ္တိ အထက်ဆုံး၊ သတ္တိ လွန်ကဲဆုံး၊ ဗျာပါရ လွန်ကဲဆုံးဆိုတာရယ်၊ စေတနာရဲ့ သတ္တိသာလျှင် ကံပြုသူမှာ အဖတ်တင်ကျန်ရစ်မှာ ဖြစ်ကြောင်း ပြောကြားရင်း စေတနာအကြောင်း ဒီမျှနဲ့သာ ရပ်ကြပါစို့ ဒါယကာကြီးရေ"

"မှန်လှပါ ဘုရား"

■



# လောကကြီးမှာ ချစ်စရာ

"သမီးလေးရေ၊ သမီးလေးကို အမေတို့ကတော့ဖြင့် ချစ်လိုက်ရတာ၊ အမေ့အသက်ထက်တောင် ပိုပါတယ်၊ အခုတော့ သမီးလေးက အမေတို့ကို ခွဲသွားရက်ပြီပေါ့နော်"

"သိပ်မကြာပါစေနဲ့၊ အမြန်ဆုံး ပြန်လာနိုင်အောင် ကြိုးစားပါ သားရယ်၊ သားကို အမေ ဘယ်လောက်ထိ ချစ်တယ်ဆိုတာ သား သိပါတယ်၊ ဖြစ်နိုင်ရင် ရင်ကိုတောင် ခွဲပြလိုက်ချင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်၊ မောင့်ကိုလေ အမေ့အသက်ခန္ဓာ ကိုယ်ထက်တောင် ပိုချစ်ပိုမြတ်နိုးပါတယ်၊ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ မောင့်ထက် ပိုပြီးချစ်ရမယ့်သူဆိုတာ မရှိတော့ပါဘူး"

"ခင်ရယ်၊ ခင့်ကိုလေ မောင့်အသက် မောင်ခန္ဓာထက်တောင် ပိုချစ် ပိုမြတ်နိုးပါတယ်၊ ခင့်ကိုလေ မောင်ချစ်တဲ့ အချစ်တွေဟာ ဘယ်အရာနဲ့မှ နှိုင်းပြလို့ရမယ်တောင် မထင်ပါဘူး၊ ဒီကမ္ဘာလောကကြီးမှာ ခင့်ထက် ပိုပြီး ချစ်ရမယ့်သူဆိုတာ အခုလည်း မရှိပါဘူး၊ နောင်လည်း ရှိနိုင်မှာ မဟုတ်တော့ပါဘူး"

"ဒီလိုစကားတွေ ပြောကြ၊ ဆိုကြခိုင်း နှိုင်းယှဉ်နေကြတာတွေဟာ ချစ်သူရည်းစားချင်း၊ မိဘ သားသမီး၊ တော်စပ်သူချင်း ခင်မင် သမုဒယဖြစ်ကြတဲ့ မိတ်ဆွေသူငယ်ချင်း အချင်းချင်း ပြောဆိုကြတဲ့ လက်သုံးစကားတွေ ဖြစ်တယ်ဆိုတာ ဒါယကာ သိမှာပေါ့လေ"

"မှန်ပါ၊ သိပါတယ် ဘုရား"

"အေး အဲဒီ စကားတွေဟာ တရားမမှန်နဲ့ လျော်ညီစွာ လေ့လာဆန်းစစ်မှုမရှိ၊ လျှာအရိုးမရှိ ပြောဆိုနေကြတဲ့ စကားတွေ





ခင်ဖိုလ်နိဗ္ဗာန်မှ ဖီလာဆန့်ကျင်ဖြစ်နေတဲ့ စကားတွေအဖြစ် သူတော်ကောင်းတွေက သတ်မှတ်မှာ အသေအချာပဲ"

"ဘာကြောင့်လဲ ဘုရား၊ အဲဒီလို ပြောကြ ဆိုကြတာတွေဟာ တစ်ဦးနဲ့တစ်ဦး အဆမတန် ချစ်ကြလို့ ပြောကြတာ မဟုတ်ပေဘူးလား"

"အင်း...ဒကာ့အမေးက မှန်ပါတယ်၊ ဒါပေမယ့် လောကကြီးမှာ အချစ်ဆုံးက ဘယ်သူလဲ၊ ဘယ်သူ့ကို အချစ်ဆုံးလဲ၊ မိမိ ကိုယ်ကိုလား၊ ဇနီးမယား၊ သမီးသားတွေလား ဒါမဟုတ် မိမိ ပိုင်ဆိုင်တဲ့ ရုပ်ဝတ္ထု ပစ္စည်းတွေလားဆိုတာကို ကိုယ့်ဘာသာ စစ်တမ်း ထုတ်မကြည့်လို့၊ အဲဒီလို ပြောဆိုနေကြတာဘဲ ဆိုရပေလိမ့်မယ်။

"တပည့်တော် မသိတာမို့ ရှင်းပြတော်မူပါ ဘုရား"

"မိမိကိုယ်ကို မေးချင်းမေး၊ သူတစ်ပါးကို မေးချင်သပ့် ဆိုလည်း မေးကြည့်လိုက်ပါ၊ 'လောကကြီးမှာ အချစ်ဆုံးက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ’လို့ ဒီမေးခွန်းကို မေးလို့ ရှုးသွပ်နေသူလို့တောင် အထင်ခံရဦးမယ်၊ သတိတော့ ထားပေါ့”

“မှန်ပါ့”

“ဆိုလိုတာက မိမိထက် ပိုပြီး အမိ, အဖကို ချစ်တယ်လို့ ထင်လိမ့်မယ်၊ နောက်ပြီး ခင်ပွန်းတို့၊ ဇနီးတို့ဟာ အချစ်ရဆုံး၊ ရည်းစားသနားတာ အချစ်၊ အချစ်ဆုံး၊ အသက်ထက်တောင် ပိုချစ်ရသူ၊ သမီးနဲ့ သားလေးကတော့ မိမိထက် ပိုပြီး တုန်မတတ် ချစ်ရသူ စသည်အမျိုးမျိုး မှတ်ထင်နေကြတဲ့ လောကလူသားတွေကိုမှ သင်က ဒီစကားသွားမေးမိတာကိုး၊ ဒါကြောင့် ရှုးသွပ်နေသူလို့ အထင်ခံနေရဦးမယ်၊ သတိထားလို့ ပြောတာပေါ့”

“မှန်…မှန်ပါ့ ဘုရား”

“ဒါပေမယ့် တကယ်စစ်တမ်းထုတ် တွက်ချက်ကြည့်မယ်ဆိုရင်တော့ လောကကြီးမှာ အချစ်ရဆုံး၊ အချစ်ဆုံးဆိုတာ မိမိကိုယ်ကိုမိမိသာလျှင် ဖြစ်လိမ့်မယ်ဆိုတာ နောက်ဆုံးမှာ ပေါ်လာပေလိမ့်မယ်”

“အို…ဒီလိုကိုး”





“အချစ်ဆုံး ဘယ်သူလဲဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဘုရားသက်တော်ထင်ရှားရှိစဉ် အချိန်အခါက သာဓကဝတ္ထုတစ်ပုဒ်ကို ပြောပြမှ ပိုရှင်းသွားလိမ့်မယ်”

“ကြားပါရစေ ဘုရား”

“ပသေနဒီကောသလမင်းကြီးဟာ သူ့ခေတ်၊ သူ့အခါမှာ အင်မတန် ထင်ရှားကျော်ကြားလှတဲ့ ဘုရင်တစ်ပါး ဖြစ်တယ်ဆိုတာတော့ ဒါယကာ သိမှာပါ”

“မှန်ပါ့”

“မင်းကြီးရဲ့ မိဖုရားခေါင်ကတော့ မလ္လိကာလို့ ခေါ်တယ်၊ ပြေပြစ်ချောမောလှပပြီး မိန်းမမြတ်တို့ရဲ့ ကျန်အင်လက္ခဏာ အပြည့်နဲ့ အင်မတန် တင့်တယ်လှသူပါ”

“မှန်ပါ့”

“သူတို့နှစ်ဦး ဖူးစာဆုံခဲ့ရပုံ၊ မင်းကြီးက ချစ်ခင်စုံမက် မြတ်နိုးလွန်းလှလို့ မိဖုရားမြှောက်ပုံ အခန်းက စပြောမှဖြစ်မယ်ထင်တယ်”

“မှန်ပါ့ ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



"မလ္လိကာရဲ့ အပျိုစင်ဘဝကို ပြန်ကြည့်ရင် သူမဟာ ပန်းသည်မိဘနှစ်ပါးရဲ့ သမီးပါ၊ မဟာသွေး မဟာနွယ် မင်းသမီးတစ်ပါးတော့ မဟုတ်ပါဘူး၊ အတိတ်ဘဝအကြောင်း မကောင်းခဲ့လို့ ပန်းသည်သမီး ဖြစ်ရပေမယ့် သူမတူအောင် ချောမောလှပလွန်းပြီး အလှသွေးကြွယ်သူ တစ်ဦးပါ၊ မိန်းမကောင်း၊ မိန်းမမြတ်တို့ ရှိသင့်၊ ရှိထိုက်တဲ့ ကြန်အင်လက္ခဏာ အပြည့်အစုံနဲ့ အင်မတန် တင့်တယ်လှသူပါ"

"မှန်ပါ့"

"သူမဟာ မိဘတွေကို ရိုသေစွာပြုစုတယ်။ အိမ်မှုကိစ္စအဝဝကို ကျေပွန်အောင် ဆောင်ရွက်တယ်၊ စကားအပြောအဆိုဟန်ပန် အမူအရာ ယဉ်ကျေးသိမ်မွေ့တယ်၊ ဒါပေမယ့် လိုအပ်လာရင်ကျားရဲလို သတ္တိရှိပြီး ခြင်္သေ့လိုရဲရင့်သူတစ်ဦးပါ"

"မှန်ပါ့ဘုရား"

"အတိတ်အကြောင်းကံတွေ အကျိုးပေးသက်ရောက်လာမယ့်တစ်နေ့ရဲ့ နံနက်ခင်းမှာ ဖခင်က ဈေးကို ပန်းရောင်းထွက်သွားချိန်ပန်းခြံစောင့်ရင်း စားဖို့ရာ မုန့်ယုက်ပြားလေးကိုကိုင်၊ ပန်းခြံထဲကို အဝင်…"





"ဆက်ပြီး မိန့်တော်မူပါ ဘုရား"

"ပြောရရင် တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို သတ္တဝါတို့ရဲ့ ...မ်းသာကို အထူးဆောင်တော်မူသော ဘုရားရှင်ဟာ နောက်ပါ ...ံဃာတော်တွေ ခြံရံပြီး ဆွမ်းခံကြွလာတာနဲ့ဆုံတော့…"အို… ...ကြည်ညိုစရာ ကောင်းလိုက်တာ၊ ဘုရားရှင်ဆိုတာ ဖူးတွေ့ခွင့် ...ခဲ့တယ်၊ ဒီတော့ ငါ စားမယ့် မုန့်ယုက်ကို မဖြစ်မနေ လှူမယ်" ...သလို အတွေးနဲ့ သူ့လက်ထဲကမုန့်ကို ဘုရားရှင်ထံ ရိုရိုသေသေ ... ရက်ရက်ရောရော နှမြောတွန့်တိုခြင်း ကင်းစွာ ဆက်ကပ် ...ောင်းလှူလိုက်တော့တယ်"

"ထူးဆန်းတယ်လို့ ဆိုရမှာပေါ့နော်"

"ဒါပေါ့၊ ဘုရားရှင်ကလည်း သူ့တန်ခိုးတော်နဲ့ မလ္လိကာ ...လေးရဲ့ စေတနာ၊ သဒ္ဓါ၊ ဒါနကုသိုလ်ကံသည် အချိန်မကြာ ...နေ့မှာပင် အကျိုးပေးမည်ဆိုတာ မြင်လို့ အလှူခံခြင်းဖြစ်ပေ ...တယ်"

"ဒီလိုပေကိုး ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"မလ္လိကာရဲ့ အလှူထမြောက် အောင်မြင်အောင် ရည်ရွယ်ချက်ရယ်၊ သူမ ဗိုပြီး ကြည်ညိုသဒ္ဓါ ပွားရေးအတွက် ငှဲကွက်ပြီး အခုချက်ချင်း ဘုဉ်းပေးမယ့် အမူအရာကို ပြလိုက်တော့ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးဟာ သင့်လျော်ရာ နေရာတစ်ခုမှာ ခင်းကျင်းပြီး ဘုရားရှင်ကို သီးတင်းသုံးစေပါတယ်"

"သြော်…သြော်"

"ဘုရားရှင် ထိုင်တော်မူပြီး ဘုန်းပေး၊ ခံတွင်းရှင်း၊ ကိုယ်လက်သန့်စင်ပြီးချိန်မှာ ထူးခြားစွာ ပြုံးတော်မူပါတယ်၊ ပြုံးတော်မူခြင်း အကြောင်းအရင်းကို အရှင်အာနန္ဒာ မထေရ်မြတ်က မေးမြန်း လျှောက်ထားတော်မူပါတယ်၊ ဘုရားရှင်ဆိုတာ ဘယ်တော့မှ အကြောင်းမဲ့ ပြုံးတော်မမူဘူးကိုး"

"ဒီတော့ကော ဘုရား"

"ဒီတော့ ဘုရားရှင်က ချစ်သား အာနန္ဒာ၊ တခြား မဟုတ်ပါဘူး၊ ယနေ့ အလှူရှင် မလ္လိကာ အမျိုးသမီးလေးရဲ့ မုန့်ကောင်မှု အလှူတော်သည် ချက်ချင်း အကျိုးပေးလျက် ပသေနဒီ ကောသလမင်းကြီးရဲ့ မိဖုရားခေါင်ကြီးစစ်စစ် ဧကန်ဖြစ်လိမ့်





ည်ကို သိသောကြောင့် ပြုံးတော်မူရခြင်း ဖြစ်ပေတယ်လို့ ပြန်လည် ဖြေကြားတော်မူပါတယ်"

"သြော်…လက်စသတ်တော့ ဒီလိုကိုး ဘုရား"

"နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ဆိုတာလို အဲဒီနေ့ ထဲ ပသေနဒီကောသလမင်းကြီးဟာ ကာသိကရွာမှာ ဘူတော် အာတသတ်မင်းသားနဲ့ စစ်မက်ပြိုင်ဘက် တိုက်ခိုက်ရာက ခံရှုံးပြီး ထွက်ပြေးခဲ့ရတာကြောင့် မောမောပန်းပန်းနဲ့ တိုင်းပြည် ပြန်လာတဲ့အချိန်…"

"ဆက်ပြီး မိန့်တော်မူပါ ဘုရား"

"နောက်မှာ ကျန်ရစ်တဲ့ မှူးမတ်၊ သေနာပတိနဲ့ စစ်သည် ာ်တွေကိုစောင့်ရင်း မလ္လိကာ အမျိုးသမီးလေးရှိနေတဲ့ ပန်းခြံ တွင်းကို ဝင်လိုက်မိတယ်လေ"

"ဟဲ…ဟဲ…ဟဲ၊ အဆင်ပြေသွားတာပေါ့နော် ဘုရား"

"တိုတိုပြောရရင် ပန်းခြံထဲရောက်လာတဲ့ မင်းကြီးကြောင့် ကာမှတစ်ပါး အခြားမိန်းမပျိုလေးတွေ ကြောက်ပြီး ထွက်ပြေး ကြတာပေါ့၊ မင်းကြီးကလည်း ရုတ်တရက်ကြီး ရောက်လာ

www.burmeseclassic.com



တာကိုး၊ ဒီတော့ ကြောက်လန့်ထွက်ပြေးကုန်မှာပေါ့၊ ဒါပေမယ့် မလ္လိကာကတော့ ကြောက်လန့်ထိတ်လန့်ခြင်း ဖြစ်ဟန်မတူပါဘူး၊ အိမ်ရှင်ပီပီ ရှိရှိသေသေ၊ ပျူပျူငှာငှာ၊ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့၊ ဝတ္တရားကျေစွာ ဆီးကြိုညွှန်ခံလေတော့ မင်းကြီး အနေနဲ့ ယဉ်ကျေးတဲ့ အမူအရာ၊ လှပတဲ့ ရုပ်ရည်ရူပကာ၊ ချိုသာတဲ့ အသံ၊ အမြင်၊ တင့်တယ်ပြေပြစ်လှတဲ့ ကိုယ်နေ အချိုးအစား တို့ကို သတိပြုမိသွားပြီး မလ္လိကာကို မြင်းပေါ်တင်၊ သူမ မိဘ အိမ်သို့ပို့ကာ နောက်တစ်နေ့မှာပင် ဝေါယာဉ်လွှတ်၊ နန်းတော်သို့ အရောက်လာစေပြီး အဂ္ဂမဟေသီဘွဲ့ထူးနဲ့ မိဖုရားမြှောက်စား လိုက်တော့ပါတယ်''

''အတိတ်ဘဝက အကျိုးပေးက ထူးထူးခြားခြား ကောင်း လွန်းလှတယ်လို့ ဆိုရမှာပဲနော် ဘုရား''

''သိပ်မှန်တာပေါ့၊ အတိတ်ဘဝအကြောင်း ကံကြောင့် အခုလို ကောင်းတဲ့အကျိုးကို ရရှိပေတာပေါ့လေ''

''မှန်ပါ့''





''ဆက်ပြောဦးမယ်၊ မိဖုရားကြီးဖြစ်တာနဲ့အညီ ရွှေနန်းစည်း စိမ်ကို ခံစားရတော့ နဂိုရ်လှတဲ့ မလ္လိကာဟာ ပိုပြီး ခန့်ညား လာတယ်၊ ကျက်သရေရှိလာတယ် ဆိုရမှာပဲ''

''မတောင့်မတ မကြောင့်မကျ နေရတဲ့အပြင် စားကောင်း သောက်ဖွယ်တွေစား၊ ဝတ်ကောင်းစားလှတွေ ဝတ်ရတာမို့ တကယ့်ကို စိုစိုပြည်ပြည် ဝါဝါဝင်းဝင်းနဲ့ ကျက်သရေရှိလှတယ် ဆိုရပေမှာပဲ''

''မှန်ပါ့ ဘုရား''

''သို့ပြား သူမကို အရိပ်တကြည့်ကြည့်နေတဲ့ ပသေနဒီ ကောသလမင်းကြီး အတွေးက မလ္လိကာရဲ့ ချမ်းသာပျော်ရွှင်ခြင်း အားလုံးဟာ ငါ့ကြောင့်ပေပဲ၊ ငါပြုစုစောင့်ရှောက်လို့သာ၊ ဒါ ကြောင့် သူမအနေနဲ့ လောကကြီးတစ်ခုလုံးမှာ ငါ့ကိုသာ အချစ် ဆုံး ဖြစ်ပေလိမ့်မယ်ဆိုပြီး တွေးနေမိတယ်''

''မင်းကြီးအတွေးကလည်း ခပ်ဆန်းဆန်း ဆိုသလိုပါလား ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပေတယ်၊ အဲဒီလိုလည်း ဆိုနိုင်ပါတယ်၊ ဒီလိုနဲ့ ကောသလ မင်းကြီးဟာ တစ်နေ့ ကြုံကြိုက်ချိန်မှာ မလ္လိကာကို 'ဘယ်သူ့ကို အချစ်ဆုံးလဲ' သူမဘဝတစ်လျှောက်လုံး လောက ကြီးမှာ ဘယ်သူ့ကို အချစ်ဆုံးလဲဆိုတဲ့ မေးခွန်းမေးဖို့ ရည်ရွယ်သ ပြုထားခဲ့တယ်"

"ဩော်…ဩော်…"

"ရည်ရွယ်ထားတဲ့အတိုင်း နှစ်ဦးတွေ့ကြတော့ ပသေန ကောသလမင်းကြီးက ရှင်မ မလ္လိကာ၊ ငါ အသိချင်ဆုံး မေးခွ ကို နှလုံးသားထဲက ထုတ်နုတ်ပြီးမေးမယ်၊ ရှင်မအနေနဲ့ အမ ဖြေပေတော့လို့ ဆိုတော့ မလ္လိကာက ရိုရိုသေသေ ပြုံးပြုံးရွှင်ရွှ နဲ့ 'မောင်တော်ဘုရင်မင်းမြတ် အမေးရှိရင် ကျွန်တော်မျိုးမ အမ အတိုင်း ဖြေဆိုပါ့မယ်' လို့ ပြန်လည် လျှောက်ထားတယ်၊ ဒီတေ မှ မင်းကြီးက မေးတယ်"

"ချစ်နှမ မလ္လိကာ၊ လောကကြီးမှာ သင့်အနေနဲ့ ဘယ်သူ့က အချစ်ဆုံးလဲတဲ့"

"ဩော်…ဩော်"





"မင်းကြီးရဲ့ ဒီလိုမေးခွန်းကြောင့် ထင်မှတ်မထားတဲ့ မလ္လိ ကာဟာ ကနဦးအစမှာ ဘာပြန်ပြောရမှန်း မသိအောင် တုံ့ဆိုင်း သွားရတယ်၊ အဲဒီလို ဖြစ်သွားရခြင်းမှာ မလ္လိကာ မိဖုရားကြီးဟာ ရတနာသုံးပါးအပေါ် ကြည်ညိုရိုသေတာနဲ့အမျှ တရားနှလုံး လက်ကိုင်ထားသူမို့ အမှန်အတိုင်း ဖြေဆိုဖို့ရာ သင့်မသင့် ချိန်ဆ နေလို့ပါပဲ"

"မှန်ပါ့ ဘုရား"

"ပြီးမှ ဖြစ်လိုရာဖြစ်စေ၊ တရားသဘော သဘာဝအရ အမှန် အတိုင်းသာ ဖြေဆိုမယ်ဆိုတဲ့ အတွေးနဲ့ မလ္လိကာ မိဖုရားကြီးက ဟောသလို ဖြေရှာတယ်"

"မိန့်တော်မူပါဦး ဘုရား"

"အရှင်မင်းကြီး၊ အမှန်စင်စစ် ဆိုငြားအံ့၊ လောကတစ်ခွင် ဘွင် မိမိထက် ပိုပြီး ချစ်ရမည့်သူဆိုတာ မရှိပါကြောင်းပါ ဘုရား" တဲ့လေ"

"အို…ဒီအဖြေက မင်းကြီး အမျက်ပွားလို့ ရာဇသံသင့်မယ့် အဖြေမျိုးပါလား ဘုရား"

www.burmeseclassic.com



"မှန်ပေသပေါ့၊ ကြားရတဲ့ ဖြေဆိုချက်ကြောင့် မှန်းတာက တခြား၊ ကြားရတာက တလွဲဆိုတော့ မရှုနိုင်၊ မကယ်နိုင် မကျေမနပ် ဖြစ်သွားရတာပေါ့၊ သို့ဗြား ဘုရင်တစ်ပါးပီပီ မကျေ နပ်မှုကို မျိုသိပ်ပြီး ရာဇဣန္ဒြေသည်လို အောင့်အည်းမျိုသိ လိုက်ရတာပေါ့"

"ဟဲ…ဟဲ…ဟဲ"

"ဒါပေမယ့် ဒီအဖြေကို မကျေနပ်မှန်းသိတော့ မလ္လိက မိဖုရားက ဥပါယ်တံမျဉ်းနဲ့ ဘုရင်ကြီးကို ဘုရားရှင်နဲ့ဆုံေ စေလိုက်တော့ မင်းကြီးဟာ သူမကျေနပ်တဲ့ အဖြေကိုစ မေးလျှောက်တော့တာပေါ့။"

"အင်း အင်း မှန်ပါ့ဘုရား"

"ဒီတော့မှ ဘုရားရှင်က မင်းကြီး၊ လောကဓာတ်တစ်ခ အရပ်ခပ်သိမ်းတို့၌ စိတ်ဖြင့် လှည့်ပတ်ရှာဖွေသည်ရှိသော် မ ထက်ပိုပြီး ချစ်အပ်သောသူကို မတွေ့ရာ၊ မိမိကိုယ်မိမိ ချစ် သလိုပါပဲ၊ အခြားတစ်ပါးသော သတ္တဝါတို့သည်လည်း မိ ကိုယ်ကို ချစ်ကြသည်သာတည်း။ ထို့ကြောင့် ကိုယ်ကျိုးစီးပွား အလိုရှိသောသူသည် သူတစ်ပါးအား မညှဉ်းဆဲရာလို့ မိန့်တေ





မှုမှသာ ပသေနဒီကောသလမင်းကြီး သဘောပေါက်သွားရတော့ တယ်လေ"

"မှန်ပါ့ ဘုရား"

"ဒါကြောင့် လူတိုင်း လူတိုင်းဟာ မိမိကိုယ်ကို မိမိသာ အချစ်ဆုံးဖြစ်သလို အခြားသူများသည်လည်း သူတို့ကိုယ်သူတို့ ချစ်လိမ့်မယ်ဆိုတဲ့ **မျှတသော** အတွေးတွေနဲ့ ကိုယ်ချင်းစာပြီး မေတ္တာစိတ်အပြည့်နဲ့ နေသင့်ကြကြောင်း ပြောကြားရင်း ဒီကနေ့ ဒါလောက်နဲ့ပဲ ရပ်ကြစို့လား"

"မှန်ပါ၊ သာဓု…သာဓု…သာဓုပါ ဘုရား"

■



www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကိုဆင်ခြင် ဉာဏ်နဲ့မြင်

"အရှင်ဘုရား၊ တပည့်တော် ကျက်မှတ်ထားတဲ့ လင်္ကာ တစ်ပုဒ်ကို ရွတ်ဖတ်ပြပါရစေ၊ ခွင့်ပြုတော်မူပါ ဘုရား"

"အေး…ကောင်းပါ့၊ ရွတ်ပြပေါ့ ဒါယကာတော်"

"**အဝေးလည်းသွား၊ တစ်ပါးတည်းလည်၊ ကိုယ်ထည်မရှိ၊ ဂူအောင်းဘိ**တဲ့၊ အဲဒီလင်္ကာဟာဘာကိုရည်ရွယ်ပြီး စပ်ဆိုထားတယ်ဆိုတာ သိပါရစေဘုရား"

"သြော်…ဒါလား၊ ဒီလင်္ကာဟာ စိတ်ရဲ့ဖြစ်စဉ် သဘောသဘာဝကို ပြဆိုတဲ့ အဖိုးတန်လင်္ကာပေပေါ့"





"သြော်…ဒီလိုကိုး ဘုရား"

"ဒီလင်္ကာကို အကျယ်ရှင်းမပြမီ ဓမ္မပဒပါဠိတော်လာ ဘုရားရှင် ဟောထားချက်ကို ပြောပြချင်တယ်"

"မှန်ပါ့"

"စိတ်သည် အဝေးသို့လည်း သွားနိုင်၏၊ စိတ်သည် အဖော်မရှာ တစ်ပါးတည်းသာ လှည့်လည်သွားလာလျက် ရှိသည်၊ ခန္ဓာကိုယ် အထည်ဒြပ်ဆိုတာလည်း မရှိ၊ ခန္ဓာကိုယ်အတွင်း နှလုံးဟာဒယလိုဏ်ဂူ၌သာ အများအားဖြင့် ဖြစ်လေ့ရှိ၏တဲ့"

"မှန်ပါ့ ဘုရား"

"အဲဒီလို ဘုရားရှင် ဟောကြားမှုကို အခြေပြုပြီး စပ်ဆိုထားတဲ့ အဖိုးတန် လင်္ကာသာ ဖြစ်ပေတာပေါ့"

"သဘောပေါက်ပါပြီ ဘုရား"

"ကဲ…လင်္ကာသဘောကို ရှင်းကြစို့"

"မှန်ပါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဝေးလည်းသွားဆိုတာ စိတ်ဆိုတာ ခြေနဲ့ လျှောက်သွားသလိုမျိုး၊ အဝေးရောက်အောင် သွားတာမဟုတ်ဘဲ အလွန့်အလွန် ဝေးလံတဲ့ အရပ်ဒေသတွေအထိ လှမ်းပြီး အာရုံပြုနိုင်တဲ့အတွက် အဝေးရောက်အောင် သွားသလိုမျိုး ထင်မှတ်ရတယ်လို့ ဆိုလိုတာပါ"

"ရှင်းပါတယ် ဘုရား"

"ပိုပြီး ရှင်းအောင် ပြောရရင် ဥပမာ ဝေးလံတဲ့ အရပ်ဒေသတစ်ခုကနေ ရန်ကုန်မြို့မှာရှိတဲ့ အာရုံတွေကို လှမ်းပြီး အာရုံပြုရာမှာ စိတ်က ရန်ကုန်ရောက်သွားတယ် မဟုတ်လား"

"မှန်ပါ"

"ရောက်သွားတယ်ဆိုပေမယ့် ကိုယ်ထည်ဒြပ် သဘောမျိုးနဲ့တော့ ပြစရာ မရှိဘူးပေါ့၊ ဒီလို အဝေးတစ်နေရာကို ကိုယ်တိုင်သွားစရာမလိုဘဲ အဝေးလည်း မသွားဘဲနဲ့ အဲဒီလို လှမ်းပြီး အာရုံယူတာကို '**အဝေးလည်းသွား**'လို့ တင်စားပြီး ဆိုလိုထားတာပဲလေ"

"ရှင်းသွားပါပြီ ဘုရား"





"တစ်ပါးတည်းလည်း ဆိုတာကတော့ စိတ်ဟာ သိပ်ပြီးမြန်တယ်၊ အလွန့်အလွန်ကို မြန်တယ်၊ မြန်သမှ လျှပ်တစ်ပြက်အချိန်ကလေးအတွင်းမှာပင် စိတ်ပေါင်းကုဋေတစ်သိန်းမျှ ရှေ့နောက်ဆက်ပြီး ဖြစ်နိုင်သတဲ့"

"မှန်ပါ"

"အဲသလောက် အဖြစ်အပျက် မြန်လွန်းတဲ့အတွက် စိတ်နှစ်မျိုး၊ သုံးမျိုး တစ်ပြိုင်နက်ဖြစ်ပြီး အာရုံနှစ်ခု၊ သုံးခုကို တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ယူနိုင်တယ် မှတ်ထင်ရတယ်"

"မှန်ပါ ဘုရား"

"တကယ်က အဲဒီလို ထင်နေတာဟာ မှားတယ်၊ စင်စစ်စိတ်အနေနဲ့ နှစ်စိတ်၊ သုံးစိတ်ပြိုင်ပြီး ဖြစ်ရိုးထုံးစံ မရှိပါဘူး၊ စိတ်တစ်ခုဖြစ်ပြီး ချုပ်ပြီးမှ စိတ်တစ်ခု ဖြစ်တယ်၊ အာရုံတစ်ခုယူပြီး ချုပ်ပြီးမှ အာရုံတစ်ခုကို ဆက်ယူခြင်းသာ ဖြစ်ပေတယ်"

"မှန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဥပမာ၊ ဥပမေယျနဲ့ ထပ်ပြီး ရှင်းအောင် ပြောပြဦးမယ်၊ ကဲ…အလွန် အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်မှာထိုင်၊ ပန်ကာ၊ အဲယားကွန်းရဲ့ အရသာကိုခံပြီး သီဆိုကနေသူကို ခံစားကြည့်ရှုရာမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဆိုတဲ့ အာရုံငါးပါးစလုံး အနီးအပါးမှာ ရှိနေလေရဲ့"

"မှန်ပါ့ ဘုရား"

"ဒီလို အာရုံငါးပါးလုံး အနီးအပါးမှာ ရှိနေပေမယ် စိတ်ဟာ အဲဒီအာရုံငါးပါးကို ငါးမျိုးစလုံး တစ်ချိန်တည်း၊ တစ်ပြိုင်နက် သိတာ မဟုတ်ပါဘူး။ မိမိ နှစ်သက်ဆုံး အာရုံတစ်ခုခုကို ဦးစွာ သိပြီးမှ အခြား အခြားသော အာရုံတွေကို တစ်ခုပြီးတစ်ခု ဆက်ဆက်ပြီး သိတာမျိုးပါ၊ အဲဒီလိုတစ်ခုတည်း၊ တစ်စိတ်တည်း ဖြစ်တဲ့ သဘောကို '**တစ်ပါတည်းလည်**'လို့ ဆိုလိုတာပါ"

"အလွန့်အလွန် ရှင်းလှပါတယ် ဘုရား"

"တကယ်တော့ အဲဒီလို ဉာဏ်မျက်စိဖြင့်သာ မကြည့်နိုင်၊ မမြင်နိုင်ကြရင် စိတ်ဆိုတာ လျှပ်တစ်ပြက် အချိန်ကလေးအတွင်းမှာ ကုဋေတစ်သိန်းမျှ ဖြစ်နိုင်၊ ချုပ်နိုင်တယ်ဆိုတာကို သိကြ၊ သတိထားမိကြမှာ မဟုတ်ပါဘူး။ ဒီလိုပညာရှင်တွေ သိရတာ





လည်း မြတ်စွာဘုရားရှင်ရဲ့ တုနှိုင်းမဲ့တဲ့ ဉာဏ်တော်ကြောင့် သိခွင့်ရကြတာပေါ့၊ ဒီလိုမှ ဘုရားရှင် မဟောခဲ့ရင် သာမန်လူတွေအနေနဲ့ မြင်မြင်ချင်း၊ ကြားကြားချင်း၊ နံနံချင်း၊ ထိထိချင်း သိတယ်လို့ မှတ်ထင်နေကြမှာပဲ"

"မှန်ပါ့ ဘုရား"

"ပိုပြီး ပေါ်လွင်အောင် ပြောရရင် စိတ်ရဲ့ လျင်မြန်စွာဖြစ်ပေါ်နေပုံကို အခုခေတ် အလင်းရောင်သွားပုံ၊ အသံထွက်ပုံ၊ လျှပ်စစ်စီးပုံ၊ လျှပ်စီးလက်ပုံ၊ လေယာဉ်သွားပုံ၊ ပန်ကာလည်ပုံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် သဘောပေါက်လာမှာ အမှန်ပဲ"

"အလွန် ရှင်းပါတယ် ဘုရား"

"နောက်တစ်ချက် ဆက်ရမှာက လင်္ကာမှာပြဆိုထားတဲ့ 'ကိုယ်ထည်မရှိ'တဲ့၊ ဟုတ်ရဲ့လား"

"မှန်ပါ့"

"စိတ်ဆိုတာမျိုးဟာ ကိုယ်ထည်ဒြပ် ရှိပါသလား"

"မရှိကြောင်းပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပေတယ်၊ ရုပ်တရားနဲ့ မတူဘဲ သိပ်ပြီး သိမ်မွေ့လွန်းလှတယ် ဆိုရမယ်"

"မှန်ပါ့ ဘုရား"

"စိတ်ကို မျက်စိနဲ့ရော၊ မှန်ဘီလူးနဲ့ရော၊ တယ်လီစကုတ်နဲ့ရော ဘယ်လို သိပ္ပံကိရိယာပစ္စည်းနဲ့မှ စမ်းသပ်လို့ မရပေဘူးလို့ မှတ်ပါ"

"ဘယ်လိုနည်းနဲ့မှ သိနိုင်ပါသလဲ ဘုရား"

"ဘုရား၊ ရဟန္တာတို့လို ပုဂ္ဂိုလ်ထူးကြီးများမှာသာ အာသိဉာဏ်၊ ဝိပဿနာဉာဏ်တို့ရဲ့ အစွမ်းနဲ့ သိနိုင်ပေတယ်လို့ အဖြေပေးရမှာပဲ ဒကာရေ"

"မှန်ပါ့၊ သင့်လျော်လှတဲ့ အဖြေပါ ဘုရား"

"စိတ်ကို ဖြူတယ်၊ မည်းတယ်၊ ပိန်တယ်၊ ဝတယ်၊ ပုတယ်၊ ရှည်တယ်လို့ ဆိုနိုင်သလား"

"မဆိုနိုင်ကြောင်းပါ ဘုရား"





"ဘယ်ဆိုနိုင်ပါ့မလဲ၊ စိတ်ဆိုတာ အာရုံကို သိနိုင်တဲ့ သဘောသက်သက်သာ ထင်ရှားပေတယ်"

"မှန်ပါ့"

"အဲဒီလို အကောင်အထည်၊ ကိုယ်၊ ဒြပ် စသည်မရှိဘဲ ဆန်းကြယ်လှတဲ့ တန်ခိုးသတ္တိထူးရှိတဲ့စိတ်ကို 'ကိုယ်ထည်မရှိ' လို့ ဆိုလိုတာလေ"

"မှန်ပါ့ ဘုရား"

"နောက်ဆုံးအပိုဒ်ဖြစ်တဲ့ 'ဂုအောင်းဘိ' ဆိုရာမှာ စိတ်ဟာ အမျိုးမျိုး၊ အစားစား များစွာ ရှိလေတော့ အဲဒီ စိတ်အမျိုးမျိုး တည်ရာမှီရာ ဌာနခြောက်ခုတို့ကို အကြောင်းပြုပြီး စိတ်ကို ခြောက်မျိုးခြောက်စား ခွဲနိုင်ပြန်တယ်"

"ဟာ…စိတ်ဟာ ခြောက်မျိုးတောင်မှာလား ဘုရား"

"မှန်တယ်၊ မြင်သိတဲ့စိတ်ဟာ မျက်လုံးအိမ်တွင်းမှာ တည်မှီတယ်"

"မှန်ပါ့"

"ကြားသိစိတ်ဟာ နားအတွင်းမှာ ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ"

"နံသိစိတ်ဟာ နှာခေါင်းအတွင်းမှာ ဖြစ်တယ်"

"မှန်ပါ"

"အရသာသိ သိတဲ့စိတ်ဟာ လျှာအတွင်းမှာ၊ အဲ…လျှာ အလယ်မှာ တည်မှီတယ်"

"မှန်ပါ"

"အတွေ့သိ သိတဲ့စိတ်ဟာ ကိုယ်ခန္ဓာ ထိမိရာတိုင်းမှာ ဖြစ်တယ်"

"မှန်ပါ"

"မနောဝိညာဉ်လို့ခေါ်တဲ့ အာရုံပြုသိ၊ သဘောသိ စိတ်တွေလို့ အကြမ်းဖျင်း ခေါ်ဆိုနိုင်သော များပြားလှတဲ့ စိတ်တွေကတော့ ဟဒယခေါ် နှလုံးအိမ်အတွင်းမှာ တည်မှီဖြစ်ကြတာကြောင့် ဝတ္ထုအောင်းဘိလို့ ဆိုလိုခြင်းဖြစ်ကြောင်း မှတ်သားပေတော့"

"ကျေးဇူးကြီးလှပါတယ် ဘုရား"





"လူတွေဟာ ဟိုဟာသိ၊ သည်ဟာသိနဲ့ အချိန်ရှိသမျှ အာရုံတွေကို သိနေကြတယ် မဟုတ်လား"

"မှန်ပါ"

"သို့ပေမယ့် အဲဒီအသိဟာ ဉာဏ်မျက်စိဖြင့် သိမြင်ခြင်း မဟုတ်ကြောင်းနဲ့ အာရုံကို ရအောင်ယူနိုင်ခြင်း၊ အရောင်အဆင်း ပုံသဏ္ဌာန် အမျိုးမျိုးကို သာမန်သိခြင်းမျှသာ ဖြစ်ပေတယ်"

"မှန်ပါ ဘုရား"

"ဒါကြောင့် လျင်မြန်စွာ လှည့်ပတ်လေ့ရှိတဲ့စိတ်ကို ကြည့်၊ သိနိုင်ဖို့ ဝိပဿနာဉာဏ်စဉ် စခန်းတက်လှမ်းနိုင်အောင် ကြိုးစား ကြပါလို့ တိုက်တွန်းနှိုးဆော်ချင်တယ် ဒါယကာရေ"

"မှန်လှပါ ဘုရား"

■



www.burmeseclassic.com

www.burmeseclassic.com

# ရှစ်ပါးမဂ္ဂင် မြတ်ကျင့်စဉ်

“ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ ‘မရှိ(ေ)... ပဋိပဒါ’ အလယ်အလတ်လမ်းစဉ်ဆိုတာကို ဂဃနဏ အကျယ်... အားဖြင့် သိလိုလှတာကြောင့် ရှင်းပြပေးတော်မူပါ ဘုရား”

“ကောင်းပြီလေ၊ ဒါဆို ဘုရားရှင် ဟောကြားခဲ့တဲ့ ဒွေမေ... **ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ**ဆိုတဲ့ ပါဠိတော် အနက်... ကို အရင်ရှင်းပြပေးမယ်”

“မှန်လှပါ ဘုရား”





“ဆိုလိုတာက အယုတ်တရားနှစ်ပါး(၁)သို့မဟုတ်/အစွန်းနှစ်ဖက်ရှိ တရားနှစ်ပါး သို့မဟုတ် အလွန်တရားနှစ်ပါးကို ဖော်ထုတ်လိုက်ခြင်းလို့ ဆိုရမှာပါ”

“မှန်ပါ”

“အဲဒီတရားနှစ်ပါးကတော့ နံပါတ်(၁) ကာမသုခလ္လိကာနုယောဂ ကာမချမ်းသာတို့ကို အလွန် ကပ်ငြိတွယ်တာပြီး စည်းလွတ်၊ ဝါးလွတ်၊ အစွန်းရောက်တဲ့အထိ လိုက်စားခြင်းကို ပြောတာပါ”

“မှန်ပါ”

“နောက်တစ်ပါးက အတ္တကိလမထာနုယောဂ မိမိခန္ဓာကိုယ်စိတ်တို့ကို အစွန်းရောက်ဝါဒီအဖြစ် အလွန်ပင်ပန်း ဆင်းရဲအောင် ညှဉ်းပန်းနှိပ်စက်ပြီး ကျင့်သောအကျင့်တရား တစ်မျိုးဖြစ်ပါတယ်”

“သြော်...သြော်”

“အဲဒီ အကျင့်တရားနှစ်ပါးဟာ လောကလွတ်မြောက်ရေး အကျိုးကို မဖြစ်စေဘဲ အချည်းအနှီး အကျင့်တွေသာဖြစ်ကြောင်း ဟောကြားပြီး မကျင့်အပ်ဘူးလို့ တားမြစ်ခဲ့ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ"

"မြတ်စွာဘုရားရှင်ဟာ အဲဒီ အစွန်းတရား နှစ်ပါးကို ရှောင်ရှားဖို့ တားမြစ်ရင်း တရားဦးဒေသနာ ဓမ္မစကြာ ဟောကြားရာမှာ မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်အလတ် လမ်းစဉ်ကို လိုက်နာကျင့်သုံးဆောင်ရွက်ကြဖို့ လမ်းညွှန်ပြသမှုပြုခဲ့တယ် ဆိုပါတော့"

"သြော်...သြော်၊ ဒီလိုကိုး ဘုရား၊ အခုမှပဲ ရှင်းတော့တယ် ဘုရား"

"မဇ္ဈိမ ပဋိပဒါ အလယ်အလတ်လမ်းစဉ်အဖြစ် မဂ္ဂင်ရှစ်ပါးကို ဟောကြားခဲ့တယ်လေ၊ အဲဒါတွေကို တစ်ခုချင်းစီ ရှင်းပြပေးမယ် ဟုတ်လား"

"မှန်ပါ၊ ကျေးဇူးကြီးလှကြောင်းပါ ဘုရား"

၁။ **သမ္မာဒိဋ္ဌိ** = ဆိုတဲ့ အမြင်မှန်ရအောင် အား ထုတ်ခြင်း။

၂။ **သမ္မာသင်္ကပ္ပ** = ကောင်းမြတ်သော ကုသိုလ်အကြံ အစည်များကိုသာ ကြံစည်ခြင်း။





၃။ **သမ္မာဝါစာ** = ကောင်းမြတ်သော စကားကိုသာ ပြောဆိုခြင်း။

၄။ **သမ္မာကမ္မန္တ** = ကောင်းမြတ်သော အပြုအမူကိုသာ ပြုလုပ်ခြင်း။

၅။ **သမ္မာအာဇီဝ** = ကောင်းမြတ်သော အပြစ်မရှိ စင်ကြယ်သော အသက်မွေးမှုကိုသာ ပြုလုပ်ခြင်း။

၆။ **သမ္မာဝါယာမ** = ကောင်းမြတ်သော၊ မှန်ကန်သော ကြိုးစားအားထုတ်မှုရှိခြင်း။

၇။ **သမ္မာသတိ** = ကောင်းမြတ်မှန်ကန်သော အမှတ်ရမှု၊ သတိပြုမှုတို့နှင့် ပြည့်စုံခြင်း။

၈။ **သမ္မာသမာဓိ** = ကောင်းမြတ် မှန်ကန်သော တည်ကြည်ခြင်း သမာဓိ တရားနှင့် ပြည့်စုံခြင်း။

"ဒါတွေဟာ ဘုရားရှင် ဟောကြားခဲ့တဲ့ နိဗ္ဗာန်ရောက်ကြောင်း ရှစ်ပါး မဂ္ဂင်မြတ်ကျင့်စဉ်တွေ ဖြစ်ပေတယ် ဒကာတော်"



www.burmeseclassic.com

"မှန်ပါ ဘုရား"

"အဲဒီရှစ်ပါးကို အကျဉ်းအားဖြင့် မှတ်မယ်ဆိုရင်တော့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သုံးမျိုးလို့သာ မှတ်ထားပေတော့"

"ဘယ်လိုပါလဲ ဘုရား၊ တစ်စိတ်ရှင်းပြပေးတော်မူဦး ဘုရား"

"အဲဒီ မဂ္ဂင်ရှစ်ပါးကို အမျိုးတူရာ ပေါင်းလိုက်မယ်ဆိုရင် သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင် နှစ်ပါးဆိုပြီး ပေါင်းလိုက်ရင် ရှစ်ပါးရပါတယ်"

"ထပ်ပြီး အသေးစိပ် ရှင်းပါဦး ဘုရား"

"သီလမဂ္ဂင်သုံးပါးဆိုတာက **သမ္မာဝါစာ**၊ **သမ္မာကမ္မန္တ**၊ **သမ္မာအာဇီဝ**တို့ ဖြစ်ပါတယ်"

"မှန်ပါ ဘုရား"

"သမ္မာဓိမဂ္ဂင်သုံးပါးဆိုတာက **သမ္မာဝါစာ**၊ **သမ္မာသတိ**၊ **သမ္မာသမာဓိ**တို့ပေပဲ"

"မှန်ပါ"





"နောက်ပြီး ပညာမဂ္ဂင် နှစ်ပါးဆိုတာက **သမ္မာဒိဋ္ဌိ**၊ **သမ္မာသင်္ကပ္ပ**တို့ပေပဲ၊ ဒီလိုပေါင်းချင်းအားဖြင့် သီလ၊ သမာဓိ၊ ပညာ ရယ်ဆိုပြီး ဖြစ်လာတာပါ"

"မှန်ပါ ဘုရား"

"နောက်ပြီး သမာဓိမဂ္ဂင်သုံးပါးရယ်၊ ပညာမဂ္ဂင်နှစ်ပါး ရယ်တို့ကို လောကီမဂ္ဂင်ငါးပါး၊ ရှုဉာဏ်တရားဆိုပြီး ခေါ်ပါသေး တယ်၊ အဲဒါတွေကို ပုဗ္ဗဘာဂမဂ်၊ လောကီမဂ်၊ ပဋ္ဌဂိကမဂ်၊ ဝိပဿနာမဂ်လို့၍လည်း အမည်နာမအားဖြင့် လေးမျိုးခေါ်ဆိုပါ သေးတယ်၊ ဟုတ်ပြီလား"

"မှန်ပါ"

"အဲဒီလောကီမဂ္ဂင် ငါးပါးထဲကို သီလမဂ္ဂင်သုံးပါးဖြစ်တဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုပြီး သီလမဂ္ဂင် သုံးပါး ထပ်ပေါင်းလိုက်ရင် မဂ္ဂင်ရှစ်ပါး ဖြစ်လာတာပေါ့၊ မဂ္ဂင်ရှစ်ပါး ကိုလည်း ၁။ **လောကုတ္တရာမဂ်**၊ ၂။ **အင္ဂဂိကမဂ်**၊ ၃။ **အရိယာ မဂ်**၊ ၄။ **ပဋ္ဌာဘာဂမဂ်**ဟူ၍ သူကလည်းပဲ အမည်လေးမျိုး ရှိပါတယ်။

"မှန်ပါ၊ ကျေးဇူးကြီးလှကြောင်းပါ ဘုရား"

www.burmeseclassic.com



"အဲဒီ မဇ္ဈိမပဋိပဒါလမ်းစဉ် အလယ်အလတ် ကျင့်စဉ်တွေကို ဟောကြားပြီးတဲ့နောက်မှာ ဘုရားရှင်ဟာ မဂ္ဂင်ရှစ်ပါးနဲ့ ဆက်နွယ်နေတဲ့ မိမိကိုယ်တော်တိုင် ဉာဏ်ဖြင့် ထိုးထွင်းသိရှိတော်မူပြီးဖြစ်တဲ့ သစ္စာလေးပါး တရားတော်ကို ပဉ္စဝဂ္ဂီ ငါးဦးတို့ နာကြားနိုင်ဖို့ ဟောကြားတော်မူပြန်တယ်"

"မှတ်သားလောက်ကြောင်းပါ ဘုရား"

၁။ **ဒုက္ခသစ္စာ**၊ ဆင်းရဲခြင်း သဘောတရား၊ ယင်းသဘောတရားမှာ သတ္တဝါတွေဟာ အဖန်ဖန် ပဋိသန္ဓေနေရခြင်း ဒုက္ခတွေ၊ ဒီခန္ဓာငါးပါးကြောင့် ဖြစ်လာရတဲ့ အိုမင်းရင့်ရော်ရခြင်းဆိုတဲ့ ဆင်းရဲဒုက္ခတွေ၊ ဒီခန္ဓာကြီးမှာ မိမိအလိုမလိုက်၊ ဖျားနာရခြင်းဆိုတဲ့ ဆင်းရဲဒုက္ခတွေ၊ မိမိ မချစ်၊ မနှစ်သက်သူတွေနဲ့ အတူ နေထိုင်ရတဲ့အတွက် ဆင်းရဲခြင်းဒုက္ခတွေ၊ မိမိချစ်သောသူနှင့် ရှင်ကွဲ၊ သေကွဲ၊ ကွဲကွာရတဲ့ ဆင်းရဲခြင်းဒုက္ခတွေ၊ လိုတာမရခြင်းကြောင့် ဖြစ်ပေါ်ခံစားရတဲ့ ဆင်းရဲဒုက္ခတွေ၊ ဒီခန္ဓာငါးပါး ရုပ်နာမ်တရားကြီးဟာ ဆင်းရဲခြင်း အတိဒုက္ခဖြစ်တယ်ဆိုတာ သိစေဖို့ရာ ဒုက္ခသစ္စာတရား ဟောကြားခဲ့ပါတယ်။

"မှန်ပါ့ ဘုရား"





"**သမုဒယသစ္စာ** ဆင်းရဲခြင်းဖြစ်ကြောင်းတရားမှာ၊ ပထမဆုံး ဒုက္ခသစ္စာကို ပြတယ်၊ သတ္တဂါတွေရဲ့ ဒီခန္ဓာငါးပါး၊ ရုပ်,နာမ်တရားဆိုတာ အင်မတန် ဆင်းရဲခြင်း ဒုက္ခတရားတွေ ပြည့်နက်နေတဲ့ သဘောတရားကြီးလို့ ဆိုတာ၊ ဒုက္ခသစ္စာကို ဟောကြားသိစေခဲ့ပါတယ်၊ ဝဋ်ဆင်းရဲသဘောကို သိစေပြီးနောက် ထိုဝဋ်ဆင်းရဲခြင်းကို ဖြစ်စေတတ်တဲ့ သမုဒယသစ္စာ သဘောတရားကို ပယ်သတ်ကြဖို့အရေး မိန့်ကြားခဲ့ပါတယ်"

"မှန်ပါ့"

"သတ္တဝါတို့ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်တဲ့ အကြောင်းအရင်းကား တွယ်တာကပ်ငြိခြင်းဆိုတဲ့ လောဘ၊ တဏှာသာ ဖြစ်ကြောင်း၊ အဲဒီ တဏှာကပဲ ဖြစ်မှုအစုစုကိုလိုက်ပြီး ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဆိုပြီး သုံးမျိုးသုံးစား ကွဲပြားသွားပြန်ကြောင်းနဲ့ ဒီတဏှာ သုံးမျိုးစလုံးသည်ပင် ဒုက္ခရဲ့ အကြောင်းမှန်ဖြစ်ကြောင်းအပြင် ဘဝသစ်ကို ဖြစ်စေတဲ့အတွက် သမုဒယသစ္စာကို ပယ်သတ်ကြရမယ်လို့ မိန့်ကြားတော်မူခဲ့ပါတယ်"

"ရှင်းလှပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲခြင်း အမှန်ကို သိကြပြီ ဆိုရင် ဒီဆင်းရဲခြင်းတွေ ဘာကြောင့် ဖြစ်ရတာလည်းဆိုပြီး ဆင်းရဲခြင်းဖြစ်ကြောင်း လက်သည် တရားခံကိုရှာဖို့ မလိုအပ် ပေဘူးလား"

"လိုအပ်ပါတယ် ဘုရား"

"ဆင်းရဲခြင်း အဆက်မပြတ် ဖြစ်ပေါ်နေရတာဟာ ဒီခန္ဓာ ကြီးရှိနေလို့ဆိုတာ ပထမသိဖို့ အရေးကြီးတယ်၊ သိအောင်လည်း ပဲ ကြိုးစားရမယ်၊ ဟုတ်ပြီးလား"

"မှန်ပါ ဘုရား"

"ခန္ဓာဆိုတာ ဆင်းရဲခြင်းတွေ ဖြစ်ပေါ်ရာနေရာဌာနကြီး ဒီတော့ ခန္ဓာကြီး ရလာလို့၊ ဒီခန္ဓာကြီး ရှိနေလို့ ဆင်းရဲအပေါင်း ရရှိနေတာပဲ သိလာပြီဆိုရင် ဒီဘဝခန္ဓာကို အဖန်ဖန် ဖြစ်စေတဲ့ လောဘ၊ တဏှာဆိုတဲ့ သမုဒယသစ္စာကို ပယ်သတ်နိုင်အောင် ကြိုးစားကြမယ်ပေါ့၊ ဒါလောက်ဆို ဒုက္ခသစ္စာက သိရှိရမည့် တရား၊ သမုဒယသစ္စာက ပယ်သတ်ရမည့် တရားဆိုတာ ဒါ ယကာတော် သဘောပေါက်ပြီ ထင်ပါတယ်။





"မှန်ပါ"

"**နိရောဓသစ္စာ** ဆင်းရဲငြိမ်းမှု အမှန်တရား၊ ဆက်လက် ဟောကြားရမှာ ဆင်းရဲဒုက္ခ ခံစားနေရသူသည် ထိုဆင်းရဲဒုက္ခ တွေရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ချမ်းသာသုခကို လိုလားတောင့်တ ကြမှာ အမှန်စင်စစ် ဖြစ်ပေလိမ့်မယ်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် ဘုရားရှင်က ဆင်းရဲဒုက္ခအပေါင်းတို့ ချုပ်ငြိမ်း ရာအရပ်ကို ပြလိုတဲ့အတွက် နိရောဓသစ္စာ ဟောပြောတာဖြစ် ကြောင်း မှတ်သားသင့်လှပေတယ်"

"မှန်ပါ ဘုရား"

"အမှန်ကလည်း နိရောဓသစ္စာဆိုတာ ဘဝသစ်ကို ဖြစ်စေ တတ်သော တဏှာ၊ လောဘတို့ကို အကြွင်းမဲ့ ပယ်သတ်ချုပ်ငြိမ်း ရာနေရာဌာန တစ်ခုပါပဲ၊ သို့အတွက် ဒုက္ခအားလုံး ကင်းငြိမ်းရာ နိရောဓသစ္စာကို ဆိုက်ရောက်စေနိုင်တဲ့ မဂ္ဂသစ္စာကို ဆက်လက် ဟောကြားတယ် မှတ်ပေတော့"

"မှန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မစ္ဈိမ ပဋိပဒါ အလယ်အလတ်လမ်းစဉ်ဖြစ်တဲ့ မဂ္ဂသစ္စာဆိုတာ ပွားများအားထုတ်ရမယ့် သဘောတရားပဲ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ တရားသဘောတွေဟာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သုံးပါးသာဖြစ်ကြောင်း ဒါယကာကို ရှင်းပြီးပြီ၊ ဒါကြောင့် သိ၊ ပယ်၊ ဆိုက်၊ ပွား သဘောတရားကြောင်း ထပ်မံ ရှင်းပြမယ်"

"မှန်ပါ့ ဘုရား"

"ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲခြင်းသဘောကို သိအောင် ကြိုးစားရမယ်၊ ဆက်လက်ပြီး ဆင်းရဲခြင်းတွေကို အဖန်ဖန် ဖြစ်စေတတ်တဲ့ သမုဒယသစ္စာဆိုတာ ပယ်သတ်ရမယ့်၊ သဘောတရားတွေပဲ။ ဒုက္ခဆင်းရဲတွေ ကင်းလွတ်ရာ နေရာဖြစ်တဲ့ နိရောဓသစ္စာကတော့ ဆိုက်ရောက် မျက်မှောက်ပြုရမယ့် တရားသဘောပဲ။ နောက်ပြီး ဆင်းရဲကင်းရာ နိဗ္ဗာန်သို့ ရောက်စေကြောင်း အကျင့်တွေဖြစ်တဲ့ မဂ္ဂသစ္စာကတော့ ပွားများအားထုတ်ရမယ့် သဘောတရားတွေပဲ။ ဒါဆို သိ၊ ပယ်၊ ဆိုက်၊ပွား တရားလေးပါး သဘောကို ရှင်းလောက်ပြီထင်ပါတယ်"





"အခုမှပဲ ရှင်းရှင်းကြီး သဘောပေါက်ရပါတော့တယ် ဘုရား"

"ဆင်းရဲမှု များပြားလှတဲ့ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်၊ လွတ်မြောက်ချင်တယ်ဆိုရင် ဘုရားရှင် ဟောကြားခဲ့တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ပွားများအားထုတ်ကြရပါမယ်၊ ဒီမဂ္ဂင်ရှစ်ပါး မြတ်တရားတွေဟာ ချိန်ခါမလင့်၊ ကာလမခြားဆိုသလို အားထုတ်ရမယ့် တရားတွေပါ၊ ဒီလို သီလ၊ သမာဓိ၊ ပညာဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို လျော်ညီစွာ နှေးသ ကြိုးစားအားထုတ်ကြမယ်ဆိုရင် ဒုက္ခအပေါင်း ချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်ကို ဧကန်ရောက်မှာပါလို့ ပြောကြားရင်း ဒီနေ့အတွက် ဒီလောက်နဲ့ပဲ နားကြစို့လား ဒကာတော်"

"မှန်ပါ့၊ သာဓု…သာဓု…သာဓုပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

## ရာဂအမှောင် ဝေးစွာ့ရှောင်

“ဒီနေ့တော့ တဏှာရာဂနဲ့ ပတ်သက်ပြီး သတိသံဝေရစေတဲ့ ဇာတကဇာတ်တော်လာ မုဒုလက္ခဏဇာတ်တော်အကြောင်း ပြောဖို့ စိတ်ကူးရမိတယ်”

“ကောင်းလှပါတယ် ဘုရား”

“ကိလေသာ၊ တဏှာ၊ ရာဂဆိုတာ အင်မတန် ကြောက်ဖို့ ကောင်းလှတယ်၊ ဘာကြောင့်လဲဆိုရင် တကယ့်ပညာရှိသူတော်ကောင်းကိုပင်လျှင် ပျက်စီးအောင် ဖျက်ဆီးနိုင်စွမ်းရှိလို့ပဲ”

“မှန်ပါ့ ဘုရား”





“ပစ္စုပ္ပန်ဝတ္ထုလို့ ဆိုရမယ်၊ ဇာတ်တော်ဟောကြားရခြင်း အခြေခံက မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ်အခိုက် သာဝတ္ထိမြို့ကနေ ရဟန်းလာပြုတဲ့ အမျိုးကောင်းသားတစ်ယောက်ဟာ ရဟန်းကျင့်ဝတ်နဲ့ လျော်ညီစွာ နေထိုင်ပြီး ကမ္မဋ္ဌာန်းတရားကိုသာ အမြဲနှလုံးသွင်း အာရုံပြု၍ သမာဓိကို မြဲမြံအောင် ကျင့်ကြံလေ့ရှိသတဲ့”

“မှန်ပါ့ ဘုရား”

“သို့ပေမယ့် တစ်နေ့မှာ မြို့ထဲ ဆွမ်းခံကြွရင်း မိန်းမလှလေးတစ်ယောက်ကို အမှတ်မထင် တွေ့မြင်ခဲ့ရာက စွဲလမ်းတဲ့အာရုံ ကပ်ငြိပြီး မေ့ဖျောက်မရ ကမ္မဋ္ဌာန်းတရားတွေပျောက်၊ ကိလေသာဝင်နှောက်မှုကြောင့် စိတ်ပန်း၊ ကိုယ်နွမ်း သာသနာတော်မှာ မပျော်နိုင်တဲ့အထိ ဖြစ်လာခဲ့တယ်”

“တရား ရစရာပေါ့နော်”

“ဘယ်လောက်အထိ စိတ်ညှိုးနွမ်းနေသလဲဆိုရင် ရဟန်းတရားကို အားမထုတ်နိုင်တော့တဲ့အပြင် ဆွမ်းခံ၊ ဆွမ်းစားပျက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆံမုတ်ဆိတ် စသည်မရိတ်၊ ခြေသည်း၊ လက်သည်းတွေမလှီး ရေချိုးသန့်စင်မှု မပြုနိုင်တော့တဲ့ အထိပါပဲ"

"တော်တော်ကို ခံစားနေရလို့ နေမှာပေါ့ ဘုရား"

"သက်နီး စသည်တို့လည်း မလျှော်နိုင်၊ တစ်နေ့ တစ်နေ့ ငေးငေးငိုင်ငိုင်နဲ့သာ အချိန်တွေကို ကုန်ဆုံးစေတယ်၊ အဲဒီလို အဖြစ်ကို မြင်တွေ့ကြရတဲ့ သီတင်းသုံးဖော် ရဟန်းတွေက အကြောင်းရင်းကို မေးကြ၊ မြန်းကြတာပေါ့"

"သြော်...သြော်"

"အကြောင်းရင်းကို သိပြီး သာသနာတော်မှာ မပျော်နိုင်တဲ့ အဖြစ်ကို သိကြရတဲ့အခါ အဲဒီရဟန်းကို မြတ်စွာဘုရား ရှေ့တော် မှောက်ရောက်အောင် ခေါ်ဆောင်ခဲ့ကြပြီး အဖြစ်မှန်ကို ဘုရား ရှင်ထံ လျှောက်ထားသမှု ပြုကြတာပေါ့"

"ဒီတော့..."

"ချစ်သား...ရဟန်း၊ သူတို့လျှောက်ထားတာ မှန်သလား၊ အဘယ်ကြောင့် သာသနာတော်၌ မပျော်မွေ့သနည်း၊ မှန်စွာ





ဖြေလော့"ဟု မြတ်စွာဘုရားက သို့ကလို မေးတော့ ရဟန်းကလည်း အမှန်အတိုင်း ပြန်လည် လျှောက်ထားတာပေါ့"

"တပည့်တော် မြို့အတွင်း ဆွမ်းခံကြွစဉ် မာတုကာမ အချောအလှတစ်ဦးကို တွေ့မြင်ရာမှ စွဲလမ်းမှုဖြစ်ကာ ယခုကဲ့သို့ စားမဝင် အိပ်မပျော်ဖြစ်နေရကြောင်းပါ ဘုရား"တဲ့။

"ဒီတော့ ဘုရားရှင်က ဘယ်လို မိန့်သလဲ ဘုရား"

"ဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘုရားရှင်က အပြစ်တင် တော်မမူပါဘူး၊ "ချစ်သား...သင်သည် သင့်အဖြစ်ကြောင့် ရဟန်း များအလယ်မှာ ရှက်ဖွယ်ဟု ယူဆပြီး မပျော်ပိုက်မှု ဖြစ်လာရ သည်။ ထိုအဖြစ်ကြောင့် ရှက်ဖွယ်မရှိ၊ တဏှာ၊ ရာဂ၊ ကိလေသာ တို့သည် သင်ကဲ့သို့ ပုထုဇဉ်ရဟန်းတို့ကို မဆိုထားပါနဲ့၊ ဈာန် သမာပတ်ဖြင့် ကောင်းကင်ခရီးကို လှည့်လည်သွားနိုင်သော ဘုရားအလောင်းတော်သည်ပင်လျှင် ဝိသဘာဂအာရုံကို မြင်ကာ ဈာန်လျှောကျရသည် အဖြစ်မျိုးနဲ့ ကြုံခဲ့ရဖူး၏"လို့ မိန့်တော်မူ လိုက်ပါတယ်"

"မှန်ပါ့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနောက်တော့ အဲဒီရဟန်းကို အကြောင်းပြုပြီး မုဒုလက္ခဏာဇာတ်တော်ကို ရဟန်းအားလုံး ဆင်ခြင်သတိပြုနိုင်ဖို့ ဟောကြားတော်မူတော့တယ်"

"မှန်ပါ့ ဘုရား"

"ဇာတ်တော်အစက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် အခါသမယပေါ့"

"မှန်ပါ့ ဘုရား"

"ဘုရားအလောင်းတော်ဟာ ပုဏ္ဏားမျိုးမှာ လူသွားဖြစ်ရပြီး တစ်ဆယ့်ရှစ်ရပ်သော အဋ္ဌာရသ အတတ်ပညာတွေကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြားပြီးနောက် လောကီစည်းစိမ်အားလုံးကို ဆင်ခြင်ရာက ငြီးငွေ့တာကြောင့် တောထွက် ရသေ့ရဟန်းပြု တရားဓမ္မဖြင့် ပျော်မွေ့နေခဲ့ပါတယ်"

"မှန်ပါ့"

"လူသူကင်းဝေး တောထူထပ်လှတဲ့ ဟိမဝန္တာတော တစ်နေရာမှာ အကျင့်စရဏာတွေကို အမြဲ နှလုံးသွင်း ကျင့်ကြံတာ





ကြောင့် မကြာခင်မှာပဲ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ရရှိလာတော့တယ်"

"မှန်ပါ့ ဘုရား"

"တစ်နေ့တော့ ကိုယ်ခန္ဓာ သပ္ပါယမျှတစေဖို့ချဉ်း ဆားတို့ မှီဝဲရန် အလို့ငှာ ဗာရာဏသီပြည်ကို ကြွမြန်းဆွမ်းခံဝင်လေတယ်၊ ဘုရားအလောင်းတော်ကို တွေ့မြင်တာနဲ့ ဗာရာဏသီမင်းကြီးဟာ ကြည်ညိုလွန်းမက ကြည်ညိုသွားရတယ်ဆိုပါတော့။ ဘာဖြစ်လို့လဲဆိုတော့ သူ တွေ့ဖူး၊ မြင်ဖူးသမျှ ရဟန်းတွေထဲမှာ ကြည်ညိုဖွယ် ဥပဓိနဲ့ တည်ကြည်ငြိမ်သက်မှု ဣန္ဒြေမှာ အထူးကဲဆုံး ဖြစ်နေလို့ပါပဲ"

"မှန်ပါ့"

"ဒါကြောင့် ဘုရားအလောင်းတော် ရှင်ရသေ့ကို အမြဲဖူးတွေ့နိုင်ဖို့ သူ့ဥယျာဉ်၌ သီတင်းသုံးရန်အပြင် မင်းဆွေ၊ မင်းမျိုးတို့ကို အဆုံးအမတရားနဲ့ သံသရာမှ လွတ်မြောက်ကြောင်း တရားများကို ဟောပြောဆုံးမပေးပါရန် လျှောက်ထားပေတယ် ဒကာတော်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ ဘုရား"

"ဒါကို ဘုရားလောင်းရသေ့ကလက်ခံပြီး မင်းဥယျာဉ်တော်မှာ တစ်ဆယ့်ခြောက်နှစ်လုံးလုံး သီတင်းသုံး နေထိုင်ခဲ့တယ်"

"တစ်ဆယ့်ခြောက်နှစ်ဆိုတော့ တော်တော်ကြာအောင် သီတင်း သုံးခဲ့တာပဲနော်"

"မှန်ပေတယ်၊ ဒါကြောင့် ဆရာ၊ ဒါယကာသံယောဇဉ် သွေးသားသံယောဇဉ် တော်စပ်သူလို ရင်းနှီးကြမှာခြင်းဖြစ်မိတယ်၊ ဒီလိုနဲ့ တစ်နေ့မှာ ဗာရာဏသီမင်းကြီးလည်း ပစ္စန္တရာဇ်အရပ်ကို ထကြွသောင်းကျန်းလျက်ရှိတဲ့ လူဆိုးများကို နှိမ်နင်းဖို့ရန်အတွက် အကြောင်းတစ်ခု ဖန်လာခဲ့တာပေါ့၊ ဒီအတွက် သူ့ရဲ့မိဖုရားကြီးမုဒုလက္ခဏာကိုလည်း အရှင်မြတ်အား ဆွမ်းလုပ်ကျွေးဖို့ မှာကြားသမှု ပြုခဲ့တယ်ပေါ့လေ"

"မှန်ပါ့ ဘုရား"

"မိဖုရားကြီးဟာ ဘုရင်မင်းမြတ် မှာကြားတော်မူခဲ့တဲ့အတိုင်း ရှင်ရသေ့ကို နေ့စဉ်ဆိုသလို တာဝန် လစ်မဟင်းမှု မရှိစေဘဲ ကိုယ်တိုင် စီမံကာ ရှိသေစွာ ဆွမ်းကပ်လှူဒါန်းပေတယ်၊ သို့ပြ





တစ်နေ့တော့ ရှင်ရသေ့ဆွမ်းခံ နောက်ကျတာကြောင့် ဆွမ်းပွဲပြင်စောင့်နေရာက အိပ်ချင်စိတ်ဖြစ်လာတာနဲ့ အနီးရှိ သလွန်ထက်မှာ မှေးလိုက်တဲ့အခါ မေ့ခနဲ အိပ်ပျော်သွားရှာတယ်"

"ဒီနောက်တော့ကော ဘုရား"

"ဒါပေမယ့် သတိကရှိနေတာမို့ ရှင်ရသေ့ ကောင်းကင်ကဝင်ရောက် ကြွမြန်းလာတဲ့ လျှော်တေးသက်နံသံကို ကြားလိုက်ရချင်း မိဖုရားကြီးဟာ ရုတ်တရက် အလူးအလဲ ရုတ်တရက်ထလိုက်တဲ့အခါ..."

"ဘာဖြစ်သွားပါသလဲ ဘုရား"

"ဟိုလေ...အင်း၊ အဲဒီလို ထလိုက်ချိန် အစဉ်ချောမွေ့နူးညံ့တဲ့ ကိုယ်ဝတ်ဟာ လျှောကျသွားတော့တာပေါ့"

"ဘုရား...ဘုရား"

"ဒီတော့ အလာတုန်းက ပြတင်းတံခါးကနေ ဈာန်နဲ့ဝင်လာတဲ့ ရှင်ရသေ့မှာ ဝိသဘာဂအာရုံကို မြင်ပြီး "အင်း...ချောမွေ့နူးချည်းရဲ့၊ ပြေပြစ်လှချည့်ရဲ့၊ တင့်တယ်လှချည့်ရဲ့လို့ ဆိုပြီး စောင့်မတောင် နှလုံးသွင်းမိလိုက်တဲ့အခါ စိတ်အတွင်းက ရေရွတ်

www.burmeseclassic.com



နေပြီဆိုတာနဲ့ ဘဝအဆက်ဆက်က ငုပ်လျှိုနေကြတဲ့ တဏှာ ရာဂစိတ်တွေဟာ နှလုံးအိမ်မှာ ဝင်ရောက်လာကြပြီး နှလုံးသား ဟာ တဆတ်ဆတ်တုန်လာရုံမျှမက တစ်ကိုယ်လုံး ကိလေသာ အနီးအငွေ့တွေ လျှံတက်လာတာကြောင့် ချက်ချင်းလိုလို ချာ သမာပတ်တို့ လျှောကျပျောက်ကွယ်သွားတဲ့ အထိပါပဲ"

"တကယ့်ကို သံဝေဂရစရာ၊ တရားကျစရာပါလား ဘုရား"

"မိဖုရားကြီးက ဆွမ်းကပ်ပေမယ့် ကတုန်ကယင်ဖြစ်၊ ဆွမ်း စားနိုင်တော့တာကြောင့် ပြသာဒ်ကနေ အလျင်အမြန်ဆင ခြေကျင်ခရီးနဲ့ပဲ မိမိ သီတင်းသုံးရာ ဥယျာဉ်တော်အတွင်း ပြန် လာခဲ့တော့တယ်"

"မှန်ပါ့ ဘုရား"

"ကျောင်းပြန်ရောက်တယ်ဆိုရင်ပဲ ကြမ်းပြင်ပေါ်မှာ ဝ လျားမှောက်အိပ်၊ အဲဒီအချိန်ကစပြီး အစာရေစာ လုံးဝ မ တော့ဘဲ ရာဂမီးလောင်မြိုက်မှုကို အလူးလူး အလဲလဲ ခံစား ရရှာတယ်"





"ကျွတ်...ကျွတ်...ကျွတ်၊ ရာဂ သဘောဟာ အတော် ကြောက်စရာပါလား ဘုရား"

"ခပ်တိုတိုပြောရရင် ရန်သူတွေ နှိမ်နင်းပြီး တိုင်းပြည်ပြန် လာတဲ့မင်းကြီး နန်းတော်မရောက်ခင် ရှင်ရသေ့ကို ဖူးရအောင် ဆိုပြီး ဥယျာဉ်တော်ကိုဝင်တော့ ကျောင်းပေါ်မှာ အဖြစ်ဆိုးနဲ့ ကြုံတွေ့နေရှာတဲ့ ရသေ့ဖြစ်အင်ကို မြင်ရပါလေရော"

"မှန်ပါ"

"ဒီတော့ မင်းကြီးက ရှင်ရသေ့ကို အကျိုးအကြောင်းမေး တော့တာပေါ့၊ ရသေ့ကြီးက တဏှာဘာဝသဘောဖြင့်သာ ဆိတ် ဆိတ်နေပြီး ရုတ်တရက် ပြောမထွက်အောင် ဖြစ်နေရှာတယ်၊ အမျိုးမျိုး လှည့်ပတ် မေးတော့မှ ရှင်ရသေ့ရဲ့အဖြစ်မှန်ကို မင်းကြီး သိခွင့်ရတော့တယ်၊ ဘုရင်မင်းမြတ်က "စိုးရိမ်တော်မမူပါနှင့် ရှင်ရသေ့၊ သို့ဆိုလျှင် မုဒုလက္ခဏာအား ရှင်ရသေ့ကို" ပေးအပ် ပါမည်၊ နန်းတော်သို့ တစ်ပါတည်း ကြွမြန်းတော်မူပါဆိုပြီး နန်းတော်ကို ခေါ်သွားခဲ့ပါတယ်"

"အင်မတန် စိတ်ရင်း စေတနာကောင်းတဲ့ ဘုရင်ပါလား ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"နန်းတော်ရောက်တော့ ရှင်ရသေ့ထံ အပ်နှံပြီး မုဒုလက္ခဏာ ကို ဒီလို မှာကြားလိုက်ပါတယ်၊ "အသင်မိဖုရား၊ တို့ဆရာအရှင် ရသေ့သည် လူ့လောကီ အနေအထားဆိုတာ ဘာမှ ကျွမ်းကျင် မရှိသေးပါ၊ ဒါကြောင့် သင် မိဖုရားကသာ အရှင်မြတ်ကို လူ လောကီရေးရာ အဖြာဖြာ အဝဝ ညွှန်ပြလျက် အထူးကြိုးစား စောင့်ရှောက်ပါလေတဲ့"

"အိုး…တကယ့်ကို မယုံနိုင်ဖွယ်ပါပဲ ဘုရား"

"အင်း…တကယ့်ကို မယုံနိုင်ဖွယ်လို့ ဆိုရမှာပါ၊ မိဖုရားကြီး မုဒုလက္ခဏာလည်း 'ကောင်းပါပြီ' လို့ ဝန်ခံကတိပြုပြီး ရှင်ရသေ့ နဲ့အတူ ဥယျာဉ်အတွင်းမှာရှိတဲ့ သစ်ရွက်မိုး ကျောင်းသင်ခန်း ကလေးဆီ ရောက်ရှိသွားတော့တယ် ဆိုပါတော့"

"မှန်ပါ့"

"ရောက်ရောက်ချင်း မိဖုရားကြီးက "အိမ်ရာထူထောင်ပြီး ဖြစ်လို့ ကျောင်းသင်ခန်းနဲ့ လားလားမှ မလျှော်ကန်ပါ၊ လူ့ရပ် လူ့ဌာနမှာ အိမ်တစ်ဆောင် မီးတပြောင်နဲ့နေမှ သင့်ပါလိမ့်မယ်" ဆိုပြီး ပြောလိုက်တော့ ရှင်ရသေ့က ဘာလုပ်ရမှန်းမသိ ဖြစ်သွား ရတယ်၊ ပြောရရင် ကြောင်စီစီနဲ့ပေါ့"





"ရုတ်တရက် စိတ်ရှုတ်သွားတာ ထင်ပါရဲ့ ဘုရား"

"ဟုတ်မှာပါ၊ သူ အရင်က ဒါတွေ တွေးထားခဲ့ဟန် မတူပါ ဘူး၊ လွယ်ပါတယ်လေ၊ ဘုရင်မင်းမြတ်ထံ အိမ်တစ်အိမ် တောင်း ပေါ့" လို့ မိဖုရားက ဆိုလိုက်တော့ ရှင်ရသေ့လည်း ခေါင်းညိတ်ပြီး နန်းတော်ကိုပြေး၊ ရှင်ဘုရင်ထံ အိမ်တစ်အိမ်တောင်းဆိုတာပေါ့၊ ဘုရင်မင်းမြတ်က ချက်ချင်းပဲ၊ အရင်က မိသားစုတွေ နေထိုင်ဖူး ခဲ့တဲ့ အိမ်ဟောင်းတစ်အိမ်ကို ချီးမြှင့်လိုက်ပါတယ်"

"မှန်ပါ့"

"အိမ်က လူမနေတာ နှစ်ပေါင်း အတော်ကြာပြီဆိုတော့ နေချင်စရာ ဘယ်ရှိပါ့မလဲ၊ အိမ်ကိုရောက်တော့ မိဖုရားကြီးက ငြီးတွားကာ ပြန်ပြောလိုက်တယ်"

"ဟင်း…အိမ်ကလည်း အိုဟောင်းယိုယွင်းပြီး ညစ်ပတ် ပေကျံနေတာပဲ၊ ဒါကြောင့် အိမ်ထဲကိုတောင် မဝင်ချင်တော့ ပါဘူးတဲ့လေ၊ ဒီတော့ ရှင်ရသေ့ လူထွက်ခများ မကြံတတ်လို့ ခေါင်းကုတ်ပြီး"

"ဒီတော့ ဘယ်လိုလုပ်ရမှာလဲလို့ မေးရှာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…တော်တော် မလွယ်ပါလားနော်"

"ဒီတော့ မုဒုလက္ခဏာ မိဖုရားကြီးက လွယ်ပါတယ်လေ၊ မင်းကြီးထံသွားပြီး ပေါက်တူးတစ်လက်နဲ့ တောင်းတစ်လုံးကို တောင်းချေပေါ့"ပြောတော့ ခေါင်းညိတ်ပြီး ရှင်ရသေ့ခမျာ နန်းတော်ကိုပြေးလို့ လိုအပ်တဲ့ ပေါက်တူး၊ တောင်းတွေ ထပ်မံတောင်း ရပြန်ပါရော။ ရလာပြန်တော့ မိဖုရားကြီးက ညွှန်ပြတဲ့အတိုင်း အမှိုက်တွေကိုကျုံး၊ အညစ် အကြေးတွေကို ပေါက်တူးနဲ့ပေါက် တောင်းထဲ ကျုံးထည့်ပြီး တော်ရာကို သွားပြစ်ရတယ်လေ"

"မှတ်လောက်ပါပေရဲ့ ဘုရား"

"ဒါတင် ဘယ်ကဦးမလဲ၊ မိဖုရားကြီးရဲ့ ထပ်မံ ညွှန်ကြား ချက်အတိုင်း နွားချေးတွေကို လိုက်လံရှာဖွေ ရေနဲ့သမအောင် မွှေစေပြီး ပိုးစားနေတဲ့ အိမ်နံရံတွေ အနှံ့လိုက်လံ သုတ်လိမ်း ရပြန်တယ်"

"မှတ်ကရော"

"ပြီးပြန်တော့ ခုတင်ရှာခဲ့ပါဦး၊ အိပ်ဖို့အတွက် ခင်းစရာ၊ နောက် သုံးရေအိုး၊ သောက်ရေအိုး ရှာပါဦး၊ အနီးအနား ရေကန်က





ရေခပ် ထည့်ပါဦး၊ စသဖြင့် အစုံအစေ့ ခိုင်းပြန်တော့ ရာဂဖိစီး နေတဲ့ ရှင်ရသေ့ဟာ ဖပ်ဖပ်မောအောင် လုပ်ရပြန်ပါလေရော"

"ဟဲ…ဟဲ…ဟဲ"

"ကိစ္စဝိစ္စ အားလုံးပြီးတော့မှ ရေချိုးသန့်စင်ပြီး တင်ပါးလွှဲ ထိုင်နေတဲ့ မိဖုရားကြီး မုဒုလက္ခဏာအနားကို ချဉ်းကပ်ထိုင်မိ တယ်ပေါ့"

"အင်း…အင်း"

"ဒီအခါမှာ မိဖုရားကြီးက ရှင်ရသေ့ကို တကယ့် သနား စရာအနေအထားနဲ့ကြည့်၊ ရသေ့လူထွက်ရဲ့ မုတ်ဆိတ်ကျင်စွယ်ကို စောင့်ဆွဲပြီး ဒီလို ပြောလိုက်တယ်၊ "မိမိအနေနဲ့ ကဏှာပေမ စသည် ကိလေသာတွေကို စွန့်ပစ်လို့ ရသေ့ရဟန်းအဖြစ် ဈာန် သမာပတ်တွေရနေတဲ့ သူတော်သူမြတ်ကြီးအဖြစ်ကိုတောင် မေ့ရ တယ်လို့နော်၊ သူတော်သူမြတ် ဘဝကို လုံးဝ မေ့ပြီး သတိမရ တော့ဘူးလားဟင်""တဲ့"

"သြော်…သြော်"

"ကရုဏာဒေါသောနဲ့ ပြောလိုက်တဲ့ မိဖုရားကြီးရဲ့ စကားဟာ တဏှာ၊ ရာဂတွေ၊ ဖိစီးနေတဲ့ ရှင်ရသေ့ကို သတိပေးလိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



မျိုး ရင်ထဲမှာ တဆတ်ဆတ် တုန်လှုပ်သွားရတယ်၊ ဒိန်းခနဲဖြစ်သွားတယ်''

''အိမ်း အိမ်း''

''ဒီမှာတင် ချက်ချင်း သတိတရားရ ဆင်ခြင်စဉ်းစား မိပြီး ရာဂ တဏှာကို လျှော့ချ၊ အတွေးမှန်တွေ တွေးလိုက်မိ တယ်၊ 'အို…ဟုတ်ပေသားပဲ၊ မှားပြီ၊ မှားပြီ၊ ငါ အကြီးအကျယ် မှားပါပေါ့၊ ကိလေသာတို့မည်သည် မိုက်မဲတွေဝေတတ် ရုံမျှမက ဉာဏ်မျက်စိကိုပင် ကန်းစေသည်မဟုတ်ပါလော၊ ဆက်လက်ပြီး တဏှာ၊ ရာဂကိုသာ ဦးစားပေး ပွားများခဲ့ပါမူ အပါယ်လေးပါးမှာ ခေါင်းထောင်ထနိုင်တော့မည် မဟုတ်၊ အချိန်မီ ရပ်တန်းက ရပ်မှ တော်တော့မည်' လို့ သတိသံဝေဂရ၊ ချက်ချင်း ဆိုတာလို မိဖုရားကြီးကိုခေါ် နန်းတော်သို့ကို ကတိုက်ကရိုက် ထွက်လာခဲ့တော့တယ်''

''ဟူး…တော်ပါသေးရဲ့ ဘုရား''

''မင်းကြီးထံရောက် အကျိုးအကြောင်း ပြောပြ၊ မိဖုရားကြီးကို ပြန်လည်အပ်နှံပြီးတဲ့အဆုံးမှာ ရှင်ရသေ့က အခုလို မိန့်ကြားတယ်''





''ဘယ်လိုပါလိမ့် ဘုရား''

''မြတ်သောမင်းကြီး၊ မုဒုလက္ခဏာကို မရမီက သူမကို လိုချင်တပ်မက်ခြင်းကြောင့် တဏှာဖြစ်ခဲ့ရပြီ၊ ပြေပြစ်ချောမော တင့်တယ်လှသော မုဒုလက္ခဏာကို အမှန်တကယ် ရရှိခဲ့သည်တွင် မုဒုလက္ခဏာမှသာ မဟုတ်၊ ဖိုတို့၏ ဆန္ဒကျင်ဘက် ငယ်ငယ်ကြီးကြီး 'မ'တို့သည် တဏှာကို ဖြစ်စေတတ်သောအကြောင်း ပေတကားဟု ငါဆင်ခြင် သိခဲ့ရပေပြီတဲ့''

''မှတ်သားလောက်စရာပါ ဘုရား''

''ဒီနောက် ရှာန်ကသိုဏ်းကို ပွားများတဲ့အခါ ကိလေသာဆိုလို့ မြူမှုန်မျှမရှိတော့တာကြောင့် သမာပတ်ရှစ်ပါးလုံး ပြန်လည်ရရှိကာ ကောင်းကင်ကို ပျံတက်ပြီး ဘုရင်နဲ့ မိဖုရားတို့ကို ကိလေသာ၊ တဏှာ၊ ရာဂမီးတို့၏ ကြောက်စရာကောင်းပုံတွေ၊ တရားဓမ္မ၏ အေးမြချမ်းသာပုံတွေကို ဟောပြောဆုံးမလေတော့တယ်''

''အချိန်မီ အသိတရား ရပေလို့ပေါ့ ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်နဲ့ မိဖုရားတို့လည်း ရှိသေစွာ နာကြားပြီး ကောင်းချီး အနုမောဒနာ ပြုကြတယ်၊ ရှင်ရသေ့ဟာ အဆုံးအမပေးပြီးလျှင် ပေးပြီးချင်း ဈာန်သမာပတ်ခရီးနဲ့ လူသူကင်းဝေးရာ ဟိမဝန္တာ တောအုပ်ဆီကို ပျံသန်းကြွမြန်းသွားတော့တယ်"

"သြော်...သြော်"

"အဲဒီနေ့ကစပြီး ဘုရားအလောင်းတော် ရှင်ရသေ့ဟာ လူ့ ရပ်ဌာနေကို လုံးဝ မကြွတော့ဘဲ တောတောင်တွေထဲမှာသာ ရသေ့ရဟန်း အကျင့်ကို ကျင့်ကြံပွားများနေတော့တယ်လေ"

"ကောင်းပါ့ ဘုရား"

"အဲဒီလိုနဲ့ သေလွန်တဲ့အခါမှာ မယုတ်သောဈာန် သမာပတ် ကောင်းမှု အရှိန်အဝါကြောင့် ဗြဟ္မာ့ပြည်ကို လားရောက်စံမြန်း ရပေတော့တယ်"

"မှန်ပါ့ ဘုရား"

"ဒီဇာတ်တော်ကို နာကြားရခြင်းကြောင့် မိန်းမလှလေးကို မြင်တွေ့ရွဲလန်းရာမှ မေ့ဖျောက်မရဖြစ်ပြီး သာသနာတော်မှာ မပျော်ပိုက်တဲ့ ရဟန်းတော်လေးဟာလည်း သတိ၊ သံဝေဂရပြီး





သာသနာတော်မှာ ပျော်မွေ့လာခဲ့ပါတော့တယ်၊ ဒီဇာတက ဇာတ် တော်အကြောင်းကို ဆင်ခြင်ပြီး ပူပြင်းလောင်မြိုက်စေတဲ့ ကိလေ သာ ရာဂမီးကို တတ်နိုင်သမျှ ကြိုးစားကာ တောက်လောင်ခြင်း မရှိအောင် ငြိမ်းသတ်ရမယ် မဟုတ်ပါလား"

"မှန်ပါ့၊ မမေ့သင့်ကြောင်းပါ ဘုရား"

"နောက်ပြီး မျက်စိမြင်ရာ မရှုပါ၊ ကိလေသာဖြစ်မည်တဲ့၊ မျက်စိနဲ့ မြင်တွေ့ရာမှာ ပညာအသွင်ဖျောက်ပြီး ပရမတ်သဘော ရုပ်၊နာမ်တရားတွေအဖြစ် မြင်နိုင်၊ သိနိုင်အောင် ဘာဝနာတရား တွေနဲ့ ရှုမြင်တတ်ရမယ် ဟုတ်လား"

"မှန်ပါ့၊ ကျေးဇူးကြီးလှကြောင်းပါ ဘုရား"

"မြင်တိုင်း မှတ်ရှု၊ ကိလေစု ဖြစ်မှုငြိမ်တော့သည်တဲ့၊ ဒီ တရားသဘောကို မြင်တိုင်းမြင်တိုင်းမှာ မပွားဒတရား လက်ကိုင် ထားပြီး ကြိုးစားကြပါလို့ တိုက်တွန်းပြောကြားရင်း ဒီနေ့ ဓမ္မ သာကစ္ဆာပွဲကို နားကြစို့လား"


"မှန်ပါ့၊ သာဓု...သာဓု...သာဓုပါ ဘုရား"

■



www.burmeseclassic.com

www.burmeseclassic.com



# အရှက်နဲ့အကြောက်

“လူ့ဘဝ၊ လူ့ဝန်းကျင်မှာ နေထိုင်သရွေ့တော့ အရှက်၊ အကြောက်တရားဆိုတဲ့ အရာတွေနဲ့ ကင်းလွတ်နေလို့ကလည်း မဖြစ်၊ သိပ်ကို အရေးပါတဲ့ တရားတွေဖြစ်လို့ အလေးထားအပ်လှပါတယ်၊ ဒါကြောင့် ဟီရိဩတ္တပ္ပဆိုတဲ့ အရှက်နဲ့အကြောက်တရားနှစ်ပါးအကြောင်းကို ပြောပြချင်လာမိပါတယ်၊ ဘုရားရှင်လက်ထက်တော်အခါက ရဟန်းတစ်ပါးဟာ သာသနာတော်မှာ ပျော်ပိုက်ခြင်း မရှိတော့တာနဲ့ ပတ်သက်ပြီး အနည်းငယ် ပြောပြပါဦးမယ်”





“မပျော်ပိုက်ရတဲ့ အကြောင်းက ဂန်းတော်များရဲ့ ဝိနည်းစည်းကမ်းတွေ များပြားလွန်းလှတဲ့အတွက် ခြေမလှုပ်သာ၊ လက်မလှုပ်သာ၊ ပါးစပ်မဟသာဖြစ်နေလို့ဆိုပဲ၊ အဲဒီ ရဟန်းရဲ့ဖြစ်စဉ်ကို ကြားကြရတဲ့ သီတင်းသုံးဖော် ရဟန်းတွေက ထိုရဟန်းကို မြတ်စွာဘုရားထံမှောက် ရောက်ရောက်အောင် ခေါ်ဆောင်ခဲ့ကြပြီး အဖြစ်အပျက် အလုံးစုံကို လျှောက်ထားကြပါတယ်၊ ဒီအခါမှာ မြတ်စွာဘုရားရှင်က…”

“ချစ်သား၊ သာသနာတော်မှာ အဘယ်အကြောင်းကြောင့် မပျော်ပိုက်ပါသလဲ ဘာ့ကြောင့် လူထွက်ချင်ရပါသလဲလို့ မေးတော့”

“မှန်လှပါ ဘုရား၊ ဝိနည်း စည်းကမ်းတွေ များလှတာကြောင့် မပျော်ပိုက်တော့ကြောင်းပါ ဘုရားလို့ အမှန်အတိုင်း လျှောက်ထားလိုက်တယ်၊ မြတ်စွာဘုရားက…”

“ဒီကိစ္စလေးအတွက်နဲ့ဆို လူထွက်စရာမလိုပါ၊ သင်ချစ်သားအတွက် ငါဘုရား ဝိနည်းစည်းကမ်းတွေ လျှော့ပေါ့ပေးမယ်ဆိုရင်ရောလို့ မေးမြန်းလိုက်ပါတယ်”

“အို…ဘယ်အထိ လျှော့မှာလဲ ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



"အခြား အခြား ပြောလှတဲ့ ဝိနည်းတွေကို ထားလိုက်ပါတော့၊ နှစ်ပါးသောတရားကို ကောင်းစွာ ထိန်းသိမ်းနိုင်မယ်ဆိုရင်လို့ မိန့်တော်မူလိုက်ပေ ရဟန်းတော်လေးဟာ အလွန့်အလွန် ဝမ်းသာသွားရှာတာပေါ့"

"ဒါဆို အဲဒီနှစ်ပါးကို မိန့်ဟော်မူပါ ဘုရားလို့ဆိုတော့ မြတ်စွာဘုရားက **ဟီရိဩတ္တပ္ပ** တရားနှစ်ပါးကိုသာ လိုက်နာစောင့်ထိန်းပါ ချစ်သား"

"အဲသလိုဆိုတော့ အရမ်းပျော်သွားပြီး ဒီရဟန်းဟာ သာသနာတော်မှာ မွေ့လျော်သွားတော့တာပေါ့၊ ဒါက စာရေးသူ ငယ်စဉ်ကတည်းက လူကြီးတွေ စကားဝိုင်းမှာ ကြားဖူးခဲ့တဲ့ သာဓကဇာတ်တော်တစ်ပုဒ် ပြန်ပြောပြတာပါ"

"အရွယ်ရောက်လာတော့မှ ဟီရိဩတ္တပ္ပဆိုဟာ အရှက်အကြောက်တရား နှစ်ပါးကို ပြောတာပါလားဟု သေချာသေချာဂဃဏန အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ဖတ်ရှုလေ့လာခွင့်ရပါတော့တယ်၊ ဟီရိ အရှက်တရား၊ မကောင်းသော ဒုစရိုက်အမှုတို့ကို လူမြင်ရာမှာဖြစ်စေ၊ ဆိတ်ကွယ်ရာမှာဖြစ်စေ၊ ကိုယ့်အကြောင်း





ကိုယ်သိ၊ ကိုယ့်အကြောင်း ကိုယ်ပြန်ဆန်းစစ်ပြီး ပြုလုပ်ရမှာရှက်တတ်တဲ့ သဘောတရားကို ပြောတာပါ၊ နောက်ပြီး…"

"ဩတ္တပ္ပ အကြောက်တရား၊ မကောင်းသောဒုစရိုက်အမှုတို့ကို လူမြင်ရာမှာဖြစ်စေ၊ ဆိတ်ကွယ်ရာမှာဖြစ်စေ၊ ကိုယ့်အကြောင်းကိုယ်သိ၊ ကိုယ့်အကြောင်းကို ကိုယ်ပြန်ဆန်းစစ်ပြီး အကုသိုလ်အမှုကို ပြုလုပ်ရာမှာ ကြောက်လန့်တတ်တဲ့ သဘောတရားကို ပြောတာပါ"

"ထိုသို့ ကိုယ့်အကြောင်းကိုယ်သိ၊ ကိုယ့်အကြောင်းကိုယ်ပြန်ဆန်းစစ်ပြီး လူမြင်ရာမှာရော၊ ဆိတ်ကွယ်ရာရော၊ မကောင်းသော အကုသိုလ် ဒုစရိုက်တရားတို့ကို ပြုလုပ်ရမှာ ရှက်ခြင်း၊ ကြောက်ခြင်း တရားနှစ်ပါးကို ဟီရိ ဩတ္တပ္ပဆိုပြီး ခေါ်ပါတယ်၊ ဟီရိ ဩတ္တပ္ပတရား နှစ်ပါးတွင် ဟီရိသည် မိမိ၏ ဂုဏ်သိက္ခာကို စောင့်ရှောက်လေ့ရှိသူတို့မှာ ထင်ရှားလျက် ဩတ္တပ္ပ တရားကမူ ဆရာမိဘ ဆွေမျိုးအမျိုးအနွယ် စသည် တစ်ပါးသူရဲ့ ဂုဏ်သိက္ခာကို လေးစားတတ်သူတို့အထံမှာ ရှိပေတတ်လေ"

"ယခု ကာလများတွင် မကြားဝံ့ မနာသာသတင်း၊ မကြားဝံ့မနာသာဖြစ်ရပ်၊ မကြားဝံ့မနာသာ စကားတွေ ကြားရမြင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ယိုသူမရှက်၊ မြင်သူရှက်လို့ ပြောရမှာပဲ၊ ဒါမျိုးတွေဟာ ဟိရိ ဩတ္တပ္ပ တရားတွေ ကင်းမဲ့နေကြလို့သာ ယခုလို မပြောသင့်တာတွေ၊ မပြုလုပ်သင့်တာတွေ ပြုလုပ်နေကြတာပါ၊ လောက ကြီးမှာ ဟိရိ ဩတ္တပ္ပ တရားနှစ်ပါးကိုသာ လေးစားစွာ လိုက်နာ ပြုမူကြမယ်ဆိုရင် ကမ္ဘာကြီး အေးချမ်းသာယာမှု အမှန်လွှမ်းမိုး ကြီးစိုးလာမှာဆိုတာ ပြောစရာတောင် မလိုတော့ပါဘူး''

''ငါဟာ အမျိုးကောင်းသားတစ်ဦးဖြစ်တယ်၊

ငါဟာ သက်ကြီးရွယ်အိုဖြစ်တယ်၊

ငါဟာ ဆရာကြီး၊ သမားကြီးတစ်ဦးဖြစ်တယ်၊

ငါဟာ ဒီလုပ်ငန်းကြီးရဲ့ အကြီးအကဲ ဖြစ်တယ်''

''ဒါကြောင့် ဆိုးရွား ယုတ်မာ မကောင်းမှုသဘော သက် ရောက်တဲ့ ဒုစရိုက်အမှုတို့ကို ပြုရန်မသင့် ပြုလို့မတော်ဆိုပြ မိမိမှာရှိတဲ့ ဂုဏ်တစ်ခုခုကို လေးစားတတ်သူအနေနဲ့ ဟိရိ ဩတ္တ တရားအတိုင်း စောင့်ရမှာ ဖြစ်ပေတယ်၊ ဒါ့အပြင် ငါ့အနေ မကောင်းတဲ့ ဒုစရိုက်အကုသိုလ်အမှုကို ပြုလိုက်ရင် ငါ့မိ၊ ငါ့ ငါ့ဆွေမျိုး၊ ငါ့တိုင်းပြည်၊ ငါ့လူမျိုးနဲ့ ငါ့ဆရာသမားတွေ တစ်ပါးရဲ့ အကဲ့ရဲ့ကို မုချခံရမှာ မလွဲဘူးဆိုပြီး သက်ဆိုင်





အစုစု လူတွေရဲ့ဂုဏ်ကို ငဲ့ညှာထောက်ထားသူဟာဆိုရင် ဟိရိ ဩတ္တပ္ပ တရားကို လေးစားလိုက်နာသူဖြစ်တယ်လို့ ဆိုရမှာပါ''

''လောကကြီးမှာ ကြံသင့်ကြံထိုက်တဲ့ကိစ္စ၊ ပြောသင့်ပြော ထိုက်တဲ့ကိစ္စ၊ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စဆိုတာ ရှိပါတယ်၊ အဲသလို ကြံသင့်ကြံထိုက်၊ ပြောသင့်ပြောထိုက်၊ လုပ်သင့် လုပ်ထိုက်တဲ့ ကိစ္စမှန်သမျှကို ဟိရိ ဩတ္တပ္ပတည်းဟူသော ပေတံ နဲ့ တိုင်းတာလုပ်ဆောင်သင့်လှပေတယ်၊ အဲဒီ ပေတံနဲ့ ကင်းလွတ် နေရင်တော့ ရှောင်သင့်တဲ့ကိစ္စဆိုတာ သေချာပါတယ်''

''ဒီလို လောကရေးရာတွေအတွက် ထေရ-အဋ္ဌကထာ-၂ နှာ-၁၄၈ မှာ မြင်ကြား ပြောပြုလျှင် သတိယှဉ်ဖို့အရေး အရှင် ကစ္စည်းမထေရ်က စဏ္ဍပဇ္ဇောတမင်းကြီးကို သတိပေးစကား ဟောကြားခဲ့တဲ့ သာဓကတစ်ပုဒ်ရှိခဲ့ပါတယ်၊ မင်းကြီးကို မထေရ် မြတ် တရားဟောကြားပုံက အရမ်းထူးဆန်းပါတယ်၊ အရှင်ကစ္စည်း မထေရ်မြတ်က စဏ္ဍပဇ္ဇောတမင်းကြီးအား အိပ်မက်ပေး၍ ဟော ကြားခဲ့တဲ့ ဒေသနာပါ၊ ဆိုလိုရင်းက မင်းဆိုတာ လောကရေးရာ အတွက် ဆောင်ရွက်စရာတွေက သာမန်လူတွေအထက် အဆ များစွာ ရှိပါတယ်၊ သာမန်လူတွေအဖို့ တချို့ကိစ္စတွေမှာ မလုပ် ချင်ရင် ရှောင်လွှဲလို့ ရနိုင်ပေမယ့် မင်းဆိုတာ အဲဒီလို နေလို့



www.burmeseclassic.com

www.burmeseclassic.com



မရပါ၊ လုပ်ချင်လည်းလုပ်၊ မလုပ်ချင်လည်း လုပ်ရပါမယ်၊ ကိုယ်တိုင် မလုပ်ချင်သော်မှ အခြားတစ်ယောက်ကို အမိန့်ပေးပြီး လုပ်စေရပါတယ်''

''ဒီတော့ စိတ်ဖိစီးမှုဒဏ်မှ ကင်းဝေးစေရန်အတွက် မြင်သင့်မှမြင်၊ ကြားသင့်မှကြား၊ ပြောသင့်မှပြော၊ ပြုသင့်မှပြု၊ ဤလေးခု မှတ်ရှု သတိယှဉ်ဆိုတဲ့ သဘောဆောင်တဲ့ ဒေသနာတော်ကို မထေရ်က မေတ္တာရှေ့ထားပြီး မင်းကြီးအား အိပ်မက်ပေး၍ ဟောရခြင်း ဖြစ်ပါတယ်၊ ဒီလေးမျိုးကို တစ်ခုချင်းစီရှင်းပြရရင်…''

၁။ မမြင်သင့်ရာ မြင်သောအခါ ပမာသူကန်းတည်း။

မမြင်လေအောင် ဟန်တွေဆောင် ရှောင်လေကိုယ်လွတ်တည်းတဲ့။

လောကမှာ တချို့ မမြင်သင့်၊ မမြင်အပ်တဲ့ အမှုကိစ္စတွေ မြင်ရ၊ ကြုံရနိုင်ပါတယ်၊ အဲဒီလိုအခါမျိုးတွေမှာ မမြင်သကဲ့သို့ နေရပါမယ်တဲ့၊ ဒီလိုမှမဟုတ်ဘဲ ပြဿနာထဲ တည့်တည့်ဝင်တိုး သွားခဲ့မယ်ဆိုရင် မိမိအတွက် အကျိုးမဲ့ကိုသာ ဖြစ်စေပါလိမ့်မယ်၊ ရှေ့ကဏ္ဍတွေတုန်းက မမြင်သင့်တဲ့အရာကို မြင်တွေ့





မိသွားလို့ ဈာန်လျှောရတဲ့အထိ အခြေအနေမျိုးတောင် ရောက်သွားတဲ့ ဟရိတစရသေ့အကြောင်းကို ပြောပြပြီးပါပြီ၊ ယောကျ်ားတွေအတွက် လောကမှာ ယောကျ်ားတို့ရဲ့ စိတ်ကို ဆွဲဆောင်မှု အကောင်းဆုံးအရာမှာ မိန်းမတို့ရဲ့ ရူပါရုံအဆင်း ဖြစ်သလို မိန်းမသားတွေအတွက် လောကမှာ မိန်းမသားတို့၏ စိတ်ကို ဆွဲဆောင်မှု အကောင်းဆုံးအရာမှာ ယောကျ်ားတို့ရဲ့ ရူပါရုံအဆင်း ဖြစ်တယ်လို့ ဆိုတာ ရှင်တော်ဘုရား ဟောကြားပြီးသားပါ''

''ဒီဟရိတစ ရသေ့ဟာ မုဒုလက္ခဏာ မိဖုရားကြီးရဲ့ မမြင်သင့် မမြင်အပ်တဲ့ အခြေအနေတစ်ရပ်ကို မြင်တွေ့မိသွားရာမှ ဈာန်လျှောသွားရတဲ့အထိ သူ့မှာ ဖြစ်သွားရပါတယ်၊ တကယ်တမ်း သူ ကျင့်သုံးရမှာက အဲဒီလို အခြေအနေမျိုးကို မြင်တွေ့ရပြီဆိုရင် 'မမြင်အပ်သည့် သူကန်းအလား' ပမာကျင့်သုံးရမှာပါ၊ ဒါဟာလည်း တကယ့်တကယ် ရင်ဆိုင် ကြုံတွေ့ရပြီဆိုရင် လိုက်နာကျင့်သုံးဖို့ မလွယ်ပါဘူး၊ ဇာတ်တော်ရ ဘုရားအလောင်းတော်တောင်မှ ဒီအခြေအနေမျိုးနဲ့ ရင်ဆိုင်သွားရတဲ့ သာဓကတွေကို ကြည့်ခြင်းအားဖြင့် မလွယ်ကူမှန်း သိသာလှပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်ပင်၊ ဒီလို အခြေအနေမျိုးတွေ ရင်ဆိုင်နေရပြီ ဆိုရင် မမြင်သင့်ရာ၊ မြင်သောအခါ၊ ပမာသူကန်းတည်း၊ မမြင်လေအောင်၊ ဟန်တွေဆောင်၊ ရှောင်လေကိုယ်လွတ်တည်း ဆိုပြီး ဟောကြားခဲ့တာပါ"

၂။ မကြားသင့်ရာ ကြားသောအခါ ပမာနားပင်းတည်း။

မကြားလေအောင် ဟန်တွေဆောင် ရှောင်လေကိုယ်လွတ်တည်းတဲ့။

"ဒီသဘောကတော့ သိတိုင်းလည်း မဟနှင့်၊ ရှိတိုင်းလည်း မပြနှင့်ဆိုတဲ့ သဘောပါပဲ၊ ဒါကိုလည်း ကာလိဒါသ ပညာရှိ ဘဝဇာတ်ကြောင်းက သက်သေခံနေပါတယ်၊ ဖြစ်ပုံက ဒီလိုပါ၊ ရှင်ဘုရင်ကြီးမှာ ကြာမျိုးငါးပါးနဲ့ ပြည့်စုံပြီး အင်မတန် နှလုံးကို နှစ်လိုဖွယ်ရှိတဲ့ ရေကန်ကြီး ရှိပါတယ်၊ ကြာတွေရဲ့ ဝတ်မှုန်တွေကို ပျား၊ ပိတုန်းတွေ စုပ်ယူကြမှာပေ့ါ၊ ကြာမျိုးငါးပါးထဲမှာ ပဒုမ္မာကြာဆိုတာ ပါပါတယ်၊ ပဒုမ္မာကြာဆိုတာ နေရောင်နဲ့ ထိတွေ့ခွင့်ရမှ ပွင့်ကြတာပါ၊ နေဝင်သွားတာနဲ့အမျှ ပွင့်ပြီး သား ပဒုမ္မာကြာဆိုတာ ပြန်လည်ငုံသွားတတ်တဲ့ သဘောရှိပါတယ်၊ ဖြစ်ချင်တော့ ပိတုန်းတစ်ကောင် ပဒုမ္မာကြာရဲ့ ဝတ်မှုန်ကို





ဆုပ်ယူနေချိန် နေကဝင်သွားလေတော့ ပဒုမ္မာကြာက အငုံဖြစ်သွားစုနဲ့ တိုက်ဆိုင်ထွက်မရ ဖြစ်တော့တာပေ့ါ၊ ကြာဖူးငုံထဲက ပိတုန်းဟာကြောက်လန့်တကြား လွတ်လို့ လွတ်ငြား ပျံသန်းလိုက်တဲ့အခါ ကြာဖူးငုံမှာ ဘယ်ညာလိုက်ပြီး လှုပ်ယမ်းနေတာကို မင်းကြီးနဲ့ အခြွေအရံပရိသတ်တွေ့မြင် အံ့သြပြီး စဉ်းစားမရအောင် ဖြစ်နေရတယ်လေ"

"ဒီတော့ မင်းကြီးက ပဒုမ္မာ ကြာငုံထဲမှာရှိတဲ့ အရာကို မှန်ကန်အောင် ပြောပြနိုင်တဲ့ မည်သူ့ကိုမဆို ယောကျ်ားသားဆို အိမ်ရှေ့မင်း မိန်းမသား သူ့ရဲ့ မိဖုရားကြီးအရာမြှောက်ပြီး ချီးမြှင့်မယ်လို့ အမိန့်တော်ထုတ်လိုက်ပါတယ်၊ ကာလီဒါသ ပညာရှိကလွဲရင် ကြာငုံထဲမှာ ဘာရှိနေတယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး၊ ကာလီဒါသမိန်းမက ဒီအကြောင်းအရာကို မေးတဲ့အခါမှာ ဒါများဘာထူးဆန်းလို့ ရှင်မရာ၊ ကြာငုံထဲမှာ ပိတုန်း ရှိနေတဲ့အတွက်ကြောင့် ပိတုန်းပျံတဲ့အခါတိုင်း ကြာငုံဟာ လှုပ်ယမ်း ယိမ်းယိုင်နေတာပါလို့ ပြောပြမိလိုက်တယ်"

"ဒါကြောင့် သူ့မိန်းမက အိမ်ရှေ့မင်းသားရဲ့ မိဖုရားကြီး တော့ မလုပ်ချင်ပေါင်၊ ဘုရင်ရဲ့ မိဖုရားကြီးပဲ လုပ်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ယောကျ်ားဖြစ်သူ ကာလီဒါသကို လုပ်ကြံသတ်ဖြတ်လိုက်ပါတယ်၊ မိန်းမသားဆိုရင် ဘုရင်က သူ့ရဲ့ မိဖုရားကြီးဖြစ်ရစေမယ် ဆိုပေမယ့် သူမ ပဒ္မာကြာထဲမှာ ပိတ်နှံရှိကြောင်း လျှောက်တင်ရင်လည်း သူမမှာ လင်တော်မောင် ကာလီဒါသ ရှိနေလေတော့ ဘုရင့်ရဲ့ မိဖုရားကြီးဖြစ်စရာ အကြောင်းမရှိတော့ဘူး၊ မသကာဖြစ်ဦးတော့ သူ့ယောကျ်ား ကာလိဒါသက အိမ်ရှေ့မင်းသား၊ သူမက အိမ်ရှေ့မိဖုရားပဲပေါ့၊ ဒီတော့ လင်ယောကျ်ား ကာလီဒါသကို သတ်ပစ်မှသာလျှင် သူမ ဘုရင့်ရဲ့ မိဖုရားကြီးဖြစ်တော့မှာဆိုတဲ့ အတွေးမှားနဲ့ ကာလီဒါသကို လုပ်ကြံသတ်ဖြတ်လိုက်တာဆိုပါတော့''

ကာလီဒါသဟာ ပညာရှိတစ်ဦးပါတယ်၊ ဒါပေမယ့် **သိတိုင်းလည်း မဟာနှင့်၊ ရှိတိုင်းလည်း မပြနှင့်**ဆိုတဲ့ သဘောကို မလိုက်နာခဲ့လို့ သေဆုံးရတယ်လို့ ပြောနိုင်ပါတယ်၊ ဒါကြောင့် မထေရ်မြတ် စဏ္ဍာပဇ္ဇောတမင်းကြီးကို မကြားသင့်ရာ ကြားသောအခါ ပမာနားပင်းတည်း၊ မကြားလေအောင် ဟန်တွေဆောင်၊ ဆောင်လေ ကိုယ်လွတ်တည်းဟု မိန့်ခဲ့တာပါ''





၃။ မပြောသင့်ရာ တွေ့သောခါ ပမာသူတည်း။

မပြောတတ်ယောင် ဟန်တွေဆောင် ရှောင်လေ ကိုယ်လွတ်တည်း။

၄။ မပြုသင့်ရာ တွေ့ကြားသောခါ ပမာကန့်ချည့်နဲ့ လှသူတည်း။

မပြုနိုင်ယောင် ဟန်တွေဆောင် ရှောင်လေ ကိုယ်လွတ်တည်းတဲ့။

''မထေရ်မြတ် ဟောကြားခဲ့တဲ့ ဒီသဘောတွေဟာ တကယ့်မှတ်သားလိုက်နာဖွယ်ရာတွေဖြစ်ပြီး အဖိုးတန်သော ဩဝါဒတွေပါပဲ၊ လောကမှာ ဘယ်အရာမှ လျှော့ဆားထစ်မှတ်လို့ မရပါဘူး၊ မြင်သင့်မှမြင်၊ ပြောသင့်မှပြော၊ ကြားသင့်မှကြား၊ ပြုသင့်မှပြုဆိုတဲ့ မထေရ်၏ ဟောကြားမှုတွေ၊ သတိထား လိုက်နာသင့်ပါတယ်၊ မိမိရဲ့ လုပ်ဆောင်ချက်တွေဟာ နေရာတကာမှာ အသုံးဝင်မယ်လို့တော့ မထင်ပါနဲ့၊ သူ့နေရာနဲ့ သူပါပဲ၊ သင့်လျော်ရာမှာ မှန်မှန်ကန်ကန် အသုံးချတတ်မှသာ အသုံးဝင် တန်ဖိုးရှိမှာပါ''

''သို့မဟုတ်လျှင်တော့ အရာမဟုတ်၊ လူလည်လုပ်၊ လူရှုပ်ဖြစ်တတ်သည်တဲ့၊ ပိုထင်ရှားအောင် သာဓကတစ်ခုကို ပြရရင်



www.burmeseclassic.com

www.burmeseclassic.com



ရှေးတုန်းက ခဝါသည်တစ်ဦးမှာ မြင်းရယ်၊ ခွေးရယ် ရှိပါတယ်၊ တစ်နေ့ ခဝါသည်၏အိမ်မှာ သူခိုးကပ်တော့ ခဝါသည်နဲ့ ခွေးက တော့ အိပ်ပျော်နေကြပါတယ်၊ မြင်းကတော့ အိပ်မပျော် တဲ့အတွက် သူခိုးရဲ့ အခြေအနေကို ကြည့်နေပါတယ်၊ ခွေး ကလည်း မဟောင်၊ သခင်ကလည်း အိပ်ပျော်နေတာဆိုတော့ သူလည်း ကြံရာမရဖြစ်ပြီး ပါးစပ်က အသားကုန် ဟီးလိုက်ပါ တယ်၊ ဒီတော့ ခဝါသည်က နေ့ခင်းဘက် အလုပ်ကလည်း ပင်ပန်း၊ ဒီကြားထဲ မြင်းဟီသံကြောင့် လန့်နိုးရလို့ စိတ်ဆိုး ဒေါသဖြစ်ကာ မြင်းကို ရိုက်သတ်လိုက်ပါသတဲ့၊ ဒါဟာ မြင်း သည် သူ့အလုပ်သူမလုပ်ဘဲ ခွေးအလုပ် မြင်းဝင်ရှုပ်လို့ အချောင် သေဆုံးသွားရတာပါ၊ ဒါကြောင့် ပညာရပ်တစ်ခုဟာ သင့်လျော် ရာမှာ မှန်မှန်ကန်ကန် အသုံးချတတ်ဖို့ အရေးကြီးပါတယ်''

''သို့မဟုတ်လျှင်တော့ မိမိအတွက် အကျိုးမဲ့ကိုသာ ဖြစ်စေ ပါလိမ့်မယ်၊ ဒါကြောင့် ပညာရှိတွေက ဘယ်အရာ ဘာအလုပ်ပဲ လုပ်လုပ်၊ ဟီရိ ဩတ္တပ္ပ ပေတံနဲ့ ကင်းလွတ်လို့ မရပါဘူး။ ယင်းပေတံနဲ့ တိုင်းတာပြီးမှ လုပ်ဆောင်သင့်ပါတယ်၊ အဲဒီ ပေတံ နဲ့ ကင်းနေရင်တော့ ရှောင်ရှားသင့်တဲ့ ကိစ္စဆိုတာ သေချာပါ တယ်လို့ ပြောကြတာပါ''





မိမိဂုဏ်သိက္ခာကို အလေးမထား၊ ဆရာသမား၊ မိဘဆွေမျိုး၊ အမျိုးအနွယ်ကို မငဲ့ရဲ့ချင်တိုင်း ရှဲ့သူမျိုးကတော့ ဟီရိ ဩတ္တပ္ပ နှစ်မျိုးစလုံးကင်း၊ ဒုစရိုက်မှုတွေနဲ့ ထာဝရ ယှက်နွယ်ပတ်သက် နေသူ စင်စစ်ဖြစ်ပေမှာပဲ၊ ဒါကြောင့် ဟီရိ ဩတ္တပ္ပတရား နှစ်ပါးဟာ ကမ္ဘာသူ၊ ကမ္ဘာသား လူအများကို သားနဲ့အမိ၊ မောင် နဲ့နှမ စတာနဲ့မခြား စောင့်ရှောက်နိုင်တာကြောင့် လောကပါလ၊ ကမ္ဘာစောင့် တရားလို့တောင် သုံးနှုန်းနိုင်တယ် ထင်ပါတယ်၊ လောကကြီးမှာ ဒီတရားနှစ်ပါးသာ ရှိမနေခဲ့ရင် တိရစ္ဆာန်တွေနဲ့ မခြား မှားချင်တိုင်းမှားပြီး မကြားဝံ့ မနာသာကိစ္စ အကြောင်း ချင်းအရာတွေ ထပ်မနား ဖြစ်ပေါ်ကြားသိလာရမှာ အသေအချာ ပါပဲ''

''ဒါပေမယ့် ဟီရိ ဩတ္တပ္ပဆိုတာ မကောင်းမှုဒုစရိုက်ကို ပြုခြင်းအား ရှက်ခြင်း၊ ကြောက်ခြင်းလို့ ဆိုထားတာပါ၊ ဒါကို တလွဲ အထအနကောက်ပြီး မရှက်သင့်တဲ့ နေရာမှာရှက်၊ မကြောက် သင့်တဲ့နေရာမှာ ကြောက်တာကတော့ မသင့်တော်ပါဘူး၊ ဥပမာ ဥပုသ်စောင့် တရားနာ၊ ဘုရားသွားဖူးရမှာကိုရှက်၊ ပရိသတ် အလယ်မှာ ရဲရင့်စွာ စကားပြောရမှာရှက် တရားဟောရမှာ ရှက်ဆိုတာမျိုး မရှက်သင့်တဲ့ အလုပ်မျိုးပါ''



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်လက်မဲ့ သူတစ်ပါးဆီ အောက်ကျ၊ နောက်ကျခံပြီး လက်ဖြန့်တောင်းတာကျတော့ မရှက်၊ ဒါ့အပြင် မိမိတတ်မြောက်ထားတာထက် ပိုမို ကြွားဝါတာကို မရှက်၊ မိမိ အရည်အချင်းနဲ့ ထိုက်တန်တဲ့ အလုပ်တစ်ခုကို လုပ်ရမှာကျတော့ မတန်သလို ရှက်သလို၊ ကြောက်သလို၊ လောကမှာ အရှက်အကြောက် လွဲနေတဲ့ ဒီလို လူစားတွေ အများကြီး ရှိပါတယ်"

"တချို့က လူချင်းတွေ့ကြုံစကား ပြောရာမှာ ဟီရိ ဩတ္တပ္ပ ရှိသလိုမျိုး ဟန်ရေးပြကြတယ်၊ တကယ်က အဲဒါ ဟီရိ ဩတ္တပ္ပ အစစ် မဟုတ်ပေဘူး ပြောရဦးမယ်၊ တရားရုံးရောက်တော့ အရာရှိကြီးတို့ တရားသူကြီးတွေကို ကြောက်လန့်မှု၊ လူပုံအလယ်မှာ မှန်ကန်တဲ့ စကားကို မပြောဆိုရဲမှု သားရဲတိရစ္ဆာန်တွေကို ကြောက်လန့်တာမျိုး၊ သရဲတစ္ဆေ၊ ဝိညာဉ်တွေကို ကြောက်လန့်တာမျိုး အဲဒါတွေဟာ ဩတ္တပ္ပ အတုတွေပဲ"

"ပြောရရင် အဲဒီအဖြစ်အပျက်တွေဟာ သတ္တိညံ့ဖျင်းမှု၊ သရဲဘောကြောင်မှုတွေ မဟုတ်ပါလား၊ တရားသဘောအတိုင်းဆိုရင် ဒေါသ၊ ဒေါမနဿ ပြဋ္ဌာန်းတဲ့ မကောင်းတဲ့စိတ် အစုအဝေးတွေသာ ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်၊ ဒါကြောင့် မှန်ကန်





သော အရှက်၊ အကြောက်တရားများကို ဦးစီးပြီး လူ့ဘဝကို လျှောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



## စရိုက်ဝါသနာ ဆန်းစစ်ပါ

"လူချင်းတူပါလျက် သူတကာထက် ထူးကဲလှစွာ လွန်လွန်ကဲကဲ ဖြစ်တတ်တဲ့သဘောကို စရိုက်လို့ ခေါ်ပါတယ်၊ စရိုက်ဆိုရာမှာ ရာဂ၊ ဒေါသ၊ မောဟ၊ သဒ္ဓါ၊ ဗုဒ္ဓိ၊ ဝိတက်ဆိုပြီး ခြောက်ပါးရှိပြန်ပါတယ်၊ သတ္တဝါတစ်ဦးဦးမှာ အဲဒီစရိုက် ခြောက် ပါးထဲက တစ်ပါးပါးဖြစ်စေ၊ နှစ်ပါး၊ သုံးပါးဖြစ်စေ ရောနှော ပါဝင်လျက်ရှိတယ်လို့ မှတ်ရပါမယ်၊ သတ္တဝါတွေဟူသမျှဟာ အနမတဂ္ဂ သံသရာက စတင်ဖြစ်ပေါ်လာခဲ့ပြီး ယခုလည်း ဖြစ်၊ နောက်၊ နိဗ္ဗာန်မရောက်မီ တစ်ဘဝပြီး တစ်ဘဝ ဆက်လက် ဖြစ်ပေါ်နေဦးမှာ အသေအချာပဲ"





"ဒီလို တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ ဖြစ်ကြရာမှာ သံသရာတစ်လျှောက် လောဘ၊ ဒေါသ စတဲ့ တရားဆိုးတွေနဲ့ သက်ဆိုင်သော အကုသိုလ်အမှု၊ အလောဘ၊ အဒေါသနဲ့ သက်ဆိုင်သော ကုသိုလ်အမှုကိစ္စတွေကို အနည်းနဲ့အများ ပြုခဲ့ကြမှာ မလွဲပါဘူး၊ ထိုသို့ပြုရာမှာ အကုသိုလ်မှုအပြုတိုင်း လောဘစတဲ့ မကောင်းတဲ့စိတ်၊ အဟိတ်သတ္တိတွေဟာ ပြုလုပ်သူရဲ့ စိတ်သန္တာန်မှာ စွဲကပ်ကိန်းဝပ် တည်နေကြတယ် ဆိုရင် မမှားပါဘူး၊ နောင်ဘဝအဆက်ဆက်မှာလည်း အဲဒီပုဂ္ဂိုလ် သန္တာန်မှာ ဒီအတိုင်း စွဲကပ်နေလေ့ ရှိဦးမယ်ဆိုတာ မှတ်ထားပါ"

"အဲဒီနည်းတူ အလောဘ စတဲ့ကောင်းတဲ့ စိတ်သတ္တိတွေကလည်း ပြုလုပ်သူရဲ့ စိတ်သန္တာန်မှာ အစဉ်တစိုက် စွဲကပ်ကိန်းဝပ် တည်နေလေရဲ့၊ နောင်ဘဝ အဆက်ဆက်မှာလည်း အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒီအတိုင်း စွဲကပ်တည်ရှိနေမယ်ဆိုတာ မှတ်ထားပါ၊ ယခုဘဝ ပြုလုပ်နေတဲ့ အမှုကိစ္စတိုင်းမှာ ရှေးရှေးဘဝက ကောင်းခြင်း၊ မကောင်းခြင်း ဂုဏ်သတ္တိတွေရဲ့ စွမ်းအားအလိုက် အောင်မြင်မှု၊ ကျရှုံးမှု ဆက်နွယ်ပတ်သက်နေတဲ့ အကျိုးတရား ခံစားနေရဦးမှာပဲ၊ ကံမရှိ ဉာဏ်ရှိတိုင်းမွဲလို့ဆို ထားတယ် မဟုတ်လား၊ မိမိ ပြုလုပ်ခဲ့တဲ့ ကံတရားအလိုက် ကံတရား၏



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ် အစီအမံကို နိဗ္ဗာန်ဆိုတဲ့ လမ်းဆုံးကို မရောက်ခင်အထိ ခြယ်လှယ်ခံနေကြရဦးမှာပဲ''

''ဒါကြောင့် စိတ်ဆိုး၊ စိတ်ကောင်း အမျိုးမျိုး ဖြစ်တည်နေရမှုတွေ ယခု တစ်ဘဝတည်းနဲ့သာ သက်ဆိုင်တာမဟုတ်လို့ ဆိုနိုင်ပါတယ်၊ ရှေးရှေးဘဝက အထုံဝါသနာကောင်း ပါလာသူဟာ ယခုဘဝမှာလည်း စိတ်ကောင်းရှိတတ်တယ်၊ သူတစ်ပါးကို စေတနာပါပါ ကူညီစောင့်ရှောက်တတ်တယ်၊ ရက်ရက်ရောရော ပေးကမ်းကျွေးမွေးတတ်တယ်၊ လူကြီးသူမတို့ကို ရိုသေဆည်းကပ်တတ်တယ်၊ အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေးတတ်တယ်ဆိုတဲ့ အပြုအမူကောင်းလေးတွေ တွေ့ရှိနိုင်ပါတယ်''

''ရှေးရှေးဘဝက ဝါသနာဆိုး၊ ဓာတ်ခံပါလာကြသူတွေအဖို့ကတော့ အခုဘဝမှာလည်း မဟုတ်တာနဲ့ မကောင်းတာတွေ ကြံစည်လုပ်ကိုင်ရန် ကြိုးစားနေတတ်ပြီး ယင်းစိတ်ဆိုး၊ စိတ်ယုတ်တွေ ပပျောက်အောင် ပြုပြင်ဖို့ အတော်ကို ခက်ခဲမှာ မလွဲပါဘူး၊ ဒါကြောင့် စရိုက်နဲ့ ဝါသနာဆိုတာ ပြုပြင်ဖို့ ခက်ခဲတယ်လို့ ဆိုကြတာပေါ့၊ ဘယ်အထိလည်းဆိုရင် ဘုရားမှလွဲပြီး ရဟန္တာများသော်မှ ဝါသနာစရိုက်ကို ထိန်းချုပ်နိုင်စွမ်း မရှိကြတာဖတ်ဖူး၊





ကြားဖူးကြမှာပေါ့၊ အကြွင်းမဲ့ ပယ်သတ်နိုင် စွမ်းမရှိပါဘူး၊ ဘုရားရှင်မှသာ စရိုက်၊ ဝါသနာကို အကြွင်းမဲ့ ပယ်သတ်နိုင်တာပါ''

''စာရေးသူကိုယ်တိုင် စရိုက်၊ ဝါသနာ ပေါင်းစုံ အတော်များများကို တွေ့ဖူးပါတယ်၊ တချို့က သီချင်းဝါသနာပါကြတယ်၊ တချို့ကျတော့ ရုပ်ရှင်၊ ဗီဒီယို မင်းသား၊ မင်းသမီးလုပ်ဖို့ ဝါသနာပါတယ်၊ လောကမှာ စရိုက်မျိုးစုံကို တွေ့ဖူးပါတယ်၊ တချို့များ တရားနာချင်တဲ့စရိုက်၊ တုံဏှာဘာဝေ ဆိတ်ဆိတ်နေချင်တဲ့စရိုက်၊ သောက်စားချင်တဲ့စရိုက်၊ လောင်းကစားချင်တဲ့စရိုက်၊ ပျော်ပါးချင်တဲ့စရိုက် ကူညီချင်တဲ့စရိုက်၊ ချက်ပြုတ် စားသောက်မှုကို နှစ်ခြိုက်တတ်တဲ့စရိုက်၊ သူတစ်ပါးကို ချောက်ချတတ်တဲ့စရိုက်၊ ပြောင်လှောင်ပြက်ရယ်ပြုချင်တဲ့စရိုက်၊ အတင်းအဖျင်းပြောချင်တဲ့စရိုက်၊ သူတစ်ပါးအပေါ် မလိမ်ရ၊ မညာရရင် စားမဝင် အိပ်မပျော်ဖြစ်တတ်တဲ့စရိုက်၊ သူတစ်ပါးပစ္စည်းကို ခိုးချင်ဝှက်ချင်တဲ့စရိုက် ပြောရရင် မဆုံးနိုင်ပါဘူး၊ စရိုက်ဆိုး၊ စရိုက်ကောင်းတွေရှိနေသူ အတော်များများကို မြင်တွေ့ဖူးပါတယ်။

စရိုက်ကောင်းနဲ့ လူ့လောကထဲကို ရောက်လာသူတွေအတွက် မိဘ ဆွေမျိုးသားချင်းတွေက သူ့အတွက် ဂုဏ်ယူဆုံးမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဝမ်းမြောက်နေကြမှာပါ၊ သို့ပြား စရိုက်ဆိုးတွေကို ယူဆောင်လာခဲ့သူအတွက်တော့ မိဘဆွေမျိုးသားချင်းတွေမှာ သူ့အတွက်ကြောင့် မျက်နှာပျက်စရာပါ၊ ပိုပြီး ထင်ရှားအောင် ပြောရရင် စာရေးသူနဲ့ အင်မတန် ရင်းနှီးတဲ့ မိသားစုတစ်စု ရှိပါတယ်၊ မိသားစုဆိုပေမယ့် သိပ်များများစားစား မရှိပါဘူး။ သူတို့ လင်မယားနဲ့ သားနှစ်ယောက်ဆိုပြီး မိသားစုလေးယောက်သာ ရှိပါတယ်၊ ရှိတဲ့သားနှစ်ယောက်အနက် အငယ်ဆုံးသားထွေးလေးမှာ တစ်နှစ်သာသာ ရှိနေသေးတဲ့အတွက် ပြဿနာ မရှိပါဘူး၊ ပြဿနာ ဖြစ်နေတာက အကြီးဆုံးသားပါ၊ သူတစ်ပါးပစ္စည်းကို အကြိမ်ကြိမ် ခိုးယူတတ်ခြင်းကြောင့် သူ့မိဘများမှာ အရှက်ရပေါင်း မနည်းတော့၊ ဘယ်လိုသွန်သင်ဆုံးမ ပုံစံပေးလို့မှလည်း မရပါဘူး''

''စာရေးသူအနေနဲ့ သူတို့လင်မယားဟာ အင်မတန် ရင်းနှီးကြတာမို့ ကလေးရှေ့ရေးနဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တိုင်ပင်လေ့ ရှိပါတယ်၊ သူတို့လင်မယားမှာ ပစ္စည်းဥစ္စာ မချမ်းသာသော်လည်း ရိုးသားသော ဂုဏ်တစ်ခုနဲ့ သမ္မာအာဇီဝကျကျ လုပ်ကိုင်စားသောက်ပြီး နေလိုချင်ကြသူတွေပါ၊ သို့ပြား ခက်နေတာက မကောင်းတဲ့စရိုက် ဝါသနာတွေနဲ့အတူ





လူ့လောကထဲကို မွေးဖွားလာခဲ့တဲ့ သူတို့ သားကြီးအတွက်ကြောင့်ပါပဲ၊ ရပ်ကွက်ထဲမှာ ဟိုလူ့ပစ္စည်းခိုးလို့၊ ဒီလူ့ပစ္စည်းခိုးလို့ဆိုပြီး တိုင်ကြတဲ့သူတွေ မနည်းတော့၊ ဒီအတွက်နဲ့ သူတို့လင်မယားမှာ အရှက် ရကြတာပေါ့၊ အဖေဖြစ်သူမှာ သား‌ရဲ့ စရိုက်ဆိုးတွေကို [illegible]ပြင်ဖို့ အကြိမ်ကြိမ် ကြိုးစားကြည့်ပေမယ့် မရခဲ့ပါဘူး''

''အလုပ်ခွင်ဝင်ရမယ့် အရွယ်ရောက်လာပြန်တော့လည်း လက်ကြောတင်းတင်းဖြင့် ဘာအလုပ်မှ မလုပ်ချင်၊ အိမ်မှာထားခဲ့ပြန်တော့လည်း စိတ်မချရ၊ ဒီကြားထဲ လမ်းသူရဲလေးဖြစ်ပြီး အပေါင်းအသင်းတွေနဲ့ ဝိုင်းဖွဲ့ တစ်ခွက်တစ်ဖလားကစပြီး ယဇ်ထုပ်ကြီးဘဝတောင် ရောက်နေရပြီဆိုပဲ၊ ဒါဆိုရင်တော့ ဒီကလေး အခြေအနေဟာ သိပ်ကို ဆိုးဝါးနေပြီ ဆိုရတော့မှာပါ၊ ဒါပေမယ့် မတတ်နိုင်ဘူးလေ၊ သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ မိဘနှစ်ပါးကလွဲပြီး အခြား ဘိုးဘွားဆွေမျိုး ဉာတကာ တွေက တော့ ဒီစရိုက်ဆိုးရှိသူကလေးကို အိမ်အလာခံမို့ဝေးစွ၊ လမ်းမှာ တွေ့ခဲ့ရင်တောင် ဆွေမျိုးလို့ ပြောရမှာရှက်လို့ မျက်နှာလွှဲ သွားကြ တော့တဲ့အထိပါပဲ၊ စရိုက်ဆိုးဟာ မိမိအတွက်အကျိုးမဲ့တွေ ဖြစ်စေရုံမျှမက



www.burmeseclassic.com

www.burmeseclassic.com



မိဘဆွေမျိုးတွေအတွက် အရှက်ရဖွယ် နှောင့်ယှက်ဆိုးကျိုးတွေကို ပေးစေတာမို့ အတော်ကြောက်စရာ ညပါ။

"ဒါကြောင့် သတိချပ်ထားရမှာက အထုံဝါသနာဆိုးခေတ်ခံ ပါရှိလာခဲ့သူအနေနဲ့ အခုဘဝမှာ ပညာရှိ၊ သူတော်သူမြတ်၊ ဆရာကောင်းတို့နဲ့ အလျဉ်းသင့် ဆုံတွေ့ပေါင်းဖက်မိပြီး ထိုသူတွေရဲ့ ဆုံးမ ဩဝါဒကြောင့် မိမိစိတ်ကို တတ်နိုင်သမျှ ပြုပြင်တယ် ဆိုပေမယ့် ထိုပုဂ္ဂိုလ်များနဲ့ အနေဝေးတဲ့အခါ"

"မီးဝေးတဲ့ချိတ်လို စိတ်ကြမ်းစိတ်ယုတ်မာနဲ့ မကောင်းတဲ့ စိတ်တွေသာ ပြန်လည် ကြီးစိုးလာပြီး ယခင်အတိုင်း စရိုက်ဆိုးတွေ ဝင်လာတတ်ကြပြန်တယ်၊ ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုတဲ့ ဥပမာစကားအတိုင်းပါပဲ၊ ဒါကြောင့် စရိုက်ဆိုတာ အင်မတန် ကြောက်ဖို့ကောင်းတာပါလို့ ပြောတာပါ"

"ပြောရရင် ခွေးလေးတစ်ကောင် မွေးထားပြီး အစား အသောက်ကောင်းတွေ ကျွေးပေမယ့် လစ်တဲ့အခါ သခင်ကို ကြောက်လို့ အညစ်အကြေးတွေ မစားပေမယ့် ဖိနပ်ကို နမ်းရမှ ကျေနပ်တဲ့ သဘောသဘာဝပေါ့"






"အကောင်းဆုံးကတော့ မိမိမှာရှိတဲ့ စရိုက်နဲ့ ဝါသနာကို တတ်နိုင်သမျှ ဆန်းစစ်ကြည့်ပါ၊ ဆန်းစစ်ပြီးရင် ကောင်းတဲ့ စရိုက်ကို သိမ်းဆည်း၊ မကောင်းတဲ့စရိုက်ကို ချုပ်တည်းပြီး ပြုပြင် ထိန်းသိမ်းနိုင်အောင် ကြိုးစားပါ၊ နိဗ္ဗာန်ဆိုတာ မရောက်သရွေ့ နောက်နောင်ဘဝများကို ခရီးဆက်ရဦးမှာဖြစ်လို့ ခုကတည်းက စရိုက်ကောင်းတွေ မွေးပါ၊ ဝါသနာကောင်းတွေ ပြုစုပျိုးထောင် ထားကြပါလို့ စေတနာကောင်းများစွာနဲ့ မေတ္တာရှေ့ထားလို့ မှာကြား သတိပေးမှု ပြုရပါတယ်"

■



www.burmeseclassic.com

www.burmeseclassic.com



## ဘာဝနာ၊ သမထ၊ ဝိပဿနာ

"အရှင်ဘုရား ဘာဝနာ၊ သမထ၊ ဝိပဿနာ လုပ်ငန်းစဉ်တွေ နဲ့ အဓိပ္ပာယ် ရှင်းလင်းချက်ကို တပည့်တော် သိချင်လှတဲ့အတွက် လိုတိုရှင်း သဘောမျှ ပြောပြတော်မူပါ ဘုရား"

"ကောင်းပြီလေ၊ ဘာဝနာဆိုတာ စိတ်ကို ပွားတိုးစေ (တ နည်း) တိုးတက်စေကြောင်း ပြုလုပ်ကျင့်ဆောင်တဲ့ အလုပ် ခေါ်ရပါမယ်၊ ပြောရရင် စိတ်ကို ဖြူစင်သန့်ရှင်းစေတဲ့ ကုသို စေတသိက်တရားတွေကို ပွားစည်းစေပြီး ဆိုးသွမ်း ညစ်ညမ်း အကုသိုလ် စေတသိက်တရားတွေကို ကင်းဝေးဖယ်ရှားစေ ပေပေါ့"





"မှန်ပါ့ ဘုရား"

"မိမိစိတ်ကို ဖြူစင်သန့်ရှင်းအောင် ကုသိုလ်စေတသိက် တရားတွေနဲ့ ထုံမွှန်းကြီးပွား တိုးတက်အောင် ပြုလုပ်ခြင်း စိတ် အလုပ်လို့လည်း မှတ်သားနိုင်ပေတယ်"

"မှန်ပါ့"

"အဲဒီ ဘာဝနာအလုပ်ကိုပဲ ကမ္မဋ္ဌာန (ကမ္မဋ္ဌာန်း)လို့ ခေါ်ဆို ပေတယ်၊ ကမ္မဋ္ဌာနဆိုတာက ဘာဝနာအလုပ်၏ တည်မှီရာ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်"

"မှန်ပါ့"

"ဘာဝနာဆိုတာ ကွဲပြားပြန်သေးတာက သမထဘာဝနာ နဲ့ ဝိပဿနာ ဘာဝနာနှစ်မျိုးပေါ့၊ ဘာဝနာအစား ကမ္မဋ္ဌာန်းဆိုတဲ့ စကားကို အသုံးပြုမယ်ဆိုရင် သမထ ကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်းဆိုပြီး ဒီလို ဖြစ်လာမယ် မဟုတ်လား"

"မှန်ပါ့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါ သမထ ဘာဝနာ (သမထ ကမ္မဋ္ဌာန်း)ဟူသည် စိတ်ကို တည်ကြည်စေ၍ ကိလေသာအပူမီး အထွေထွေကို ငြိမ်းအေးစေနိုင်သော သမာဓိလုပ်ငန်းကို ဆိုလိုတယ်လို့မှတ်။

"မှန်ပါ့ ဘုရား"

"နောက်ပြီး ဝိပဿနာ ဘာဝနာ (ဝိပဿနာကမ္မဋ္ဌာန်း) ဆိုတာကတော့ လောကဌ်ရှိရှိသမျှသော ရုပ်တရား၊ နာမ်တရားတို့၏ ဓမ္မတာအလျောက် ဖြစ်ပျက်နေမှု အစုစု အနှစ်သာရမရှိ ပကတိဆင်းရဲ ဒုက္ခတွေ ဖြစ်စေပုံတွေကို စေ့ငုသေချာ သိမြင်နိုင်စေတဲ့ ပညာလုပ်ငန်းလို့ မှတ်ပါ"

"ရှင်းလှပါတယ် ဘုရား"

"ဟုတ်ပြီ၊ ဒါဆိုရင် သမထအကြောင်း ဆက်ပြီး ပြောပြမယ် ဟုတ်လား"

"မှန်ပါ့ ဘုရား"

"ကျမ်းဂန်တွေမှာ ပြဆိုတဲ့အတိုင်း ပြောရရင် သမထဘာဝနာဆိုတဲ့ ကမ္မဋ္ဌာန်းအလုပ်ဟူသည် ထွက်လေ၊ ဝင်လေ ရှုမှတ်ခြင်း အပါအဝင် သသိုဏ်(၁၀)ပါး၊ အနုဿတိ(၁၀)ပါး၊





မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စတဲ့ ဗြဟ္မာ့ဝိဟာရခေါ်တဲ့ ဗြဟ္မာ့စိုရ်တရား(၄)ပါး၊ ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ဓာတ်ကြီး(၄)ပါးတို့ကို သဘောသဘာဝနဲ့တကွ ရှုမြင်ပွားများလျက် စိတ်ရဲ့ တည်ငြိမ်အေးချမ်းမှု သမာဓိတရားကို ရရှိအောင် ဆောင်ရွက် ရှုမှတ်ပွားများတဲ့ အလုပ်ဖြစ်တယ်"

"နားလည် သဘောပေါက်လာပါပြီ ဘုရား"

"တကယ်တော့ သမထခေါ် သမာဓိတရားကို အမြဲမပြတ် နှလုံးသွင်း ရှုမှတ်ပွားများခဲ့မယ်ဆိုရင် စိတ်တန်ခိုး ဟာ အထူးထူး အခြားအခြား ဆိုသလို ထက်မြက်လာပြီး မြေလျှိုး မိုးပျံခြင်းစတဲ့ ထူးခြားတဲ့ အံ့ဖွယ် တန်ခိုးသိဒ္ဓိတွေကို ရရှိလာမှာ အမှန်ပဲ"

"မှန်ပါ့ ဘုရား"

"စိတ်တန်ခိုး မြင့်မားလာလို့ မြေလျှိုးမိုးပျံနိုင်မှုကို ဈာန်လို့ သမုဒ်ပေတယ်"

"ဈာန်တရားရတော့ ဘာဖြစ်နိုင်ပါသလဲ ဘုရား"

"ဈာန်တရားရရှိခဲ့ပြီး သေလွန်ခဲ့ရင် ဗြဟ္မာ့ပြည်ရောက်ပြီး ဗြဟ္မာဖြစ်ပေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်...သြော်"

"ဖြဟ္မာအဖြစ်ကိုရရှိတဲ့အခါ ကမ္ဘာများစွာပတ်လုံး ချမ်းချမ်းသာနဲ့ ဘဝအတွက် မပူပင်မကြောင့်ကျ ငြိမ်းအေးချမ်းသာစွာ နေနိုင်တဲ့ အကျိုးတရားကြီးကို ရရှိမှာ အမှန်ပဲ"

"အခုလို ရှင်းပြတဲ့အတွက် ကျေးဇူးကြီးလှကြောင်းပါ ဘုရား"

"ကဲ...ကဲ...ဝိပဿနာ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းအကြောင်း ဆက်ရှင်းပြရပေဦးမယ်"

"မှန်ပါ့"

"ဝိသုဒ္ဓိတရား (၇)ပါး၊ လက္ခဏာရေး(၃)ပါး၊ အနုပဿနာ (၃)ပါး၊ ဉာဏ်(၁၀)ပါး (ဉာဏ်စဉ် ၁၀ ပါး) စသဖြင့် ရုပ်တရား၊ နာမ်တရားတွေရဲ့ ဖြစ်ပုံပျက်ပုံ သဘောသဘာဝအမှန်ကို အမြဲ မပြတ် ဆင်ခြင်ရှုပွားမှု ပညာလုပ်ငန်းလို့ ခေါ်ဆိုရပေလိမ့်မယ်"

"မှန်ပါ့ ဘုရား"

"အဲဒီလို ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်လို့ ဝိပဿနာဉာဏ် ပေါ်ပေါက်ခဲ့ရင်ဖြင့် ရုပ်တရား၊ နာမ်တရားတို့၌ တပ်မက်နှစ်သက် ခြင်း တဏှာဆိုတဲ့ အဝိဇ္ဇာ အမှောင်ထုကြီး ကင်းပျောက်ပြီး





ဉာဏ်အလင်းရောက်လို့ မဂ်တရား၊ ဖိုလ်တရားတို့ကို ရရှိပြီး ဒုက္ခချုပ်ငြိမ်း ဘဝဇာတ်သိမ်းလို့ သန္တိသုခဆိုတဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကို ဆိုက်ရောက်ပေပြီပေါ့"

"သြော်...သြော်၊ ဒီလိုကိုး ဘုရား"

"ဒါက ဘာဝနာကမ္မဋ္ဌာန်း အကြောင်းနဲ့ စပ်လျဉ်းလို့ လိုတို ရှင်း အကျဉ်းချုပ် ပြောပြရတာ၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး အကွက်လည်အောင် စုံစုံစေ့စေ့ ပြောရရင် ပြီးမှာတောင် မဟုတ် ဘူး"

"မှန်ပါ့"

"တကယ်လို့ အဲဒီကမ္မဋ္ဌာန်းတရားတွေကို အချိန်မရလို့ အား မထုတ်နိုင်တောင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာကို မမေ့မလျော့ အာရုံပြု ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ် သုံးပါးတို့ရဲ့ ဂုဏ်တော်တွေကို ရည်မှန်းနှလုံးသွင်း အာရုံပြုနိုင် တယ်ဆိုရင်လည်း မဆိုးသေးပါဘူး၊ အထူးကြိုးစားကြဖို့ကိုလည်း တိုက်တွန်းလိုပါတယ်"

"မှန်ပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်အကိုင်မပျက် နေရင်း၊ ထိုင်ရင်း၊ သွားရင်း၊ လာရင်း၊ ရောင်းရင်း၊ ဝယ်ရင်း ဒီလောက်လုပ်နိုင်ရင်ပင် လွန်စွာမှ အကျိုးကျေးဇူးကြီးတယ် ဆိုရမှာပါ"

"မှန်ပါ့"

"ကမ္မဋ္ဌာန်းတရားကို တဒင်္ဂ ရှုမှတ်ပွားများတာနဲ့တင် သူ တစ်ပါးလည်း ချမ်းသာ၊ မိမိ အကျိုးစီးပွားလည်း မုချအောင်မြင် တိုးတက်မယ် မှတ်ပါလေ"

"မှန်ပါ့၊ သာဓု…သာဓု…သာဓုပါ ဘုရား"

■





## ပတ္တိ ပတ္တာ- ကုသိုလ်နှစ်ဖြာ

"အရိုအသေပေးမှုကို အပစာယနလို့ ခေါ်တယ်၊ အရိုအသေ ပေးတယ်ဆိုရာ၌ ရဟန်းသံဃာ အသက်အရွယ်ကြီးရင့်သူ၊ သီလ ဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သိက္ခာဂုဏ် တစ်မျိုးမျိုးကြီးမြင့်သူ အမိအဖ၊ ဆရာသမားများ၊ မိကြီး၊ မိထွေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးလေး၊ အစ်ကို၊ အစ်မ စသည့်တို့ကို ရိုသေခြင်းဟာ အပစယန် ဆိုတဲ့ ကုသိုလ်ပေါ့၊ အရိုအသေ ပေးတယ်ဆိုရာမှာ မကောင်းတတ်လို့ လူအမြင်မတော်လို့ အရို အသေပေးရတာမျိုး မဟုတ်ဘဲ အရင်းခံ စိတ်စေတနာကောင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်စေတနာ ရိုးရိုးနဲ့ ပြုသင့်ပြုထိုက်တယ်လို့ ယူဆပြီး အရိုအသေပြုမှသာ **အပစာယနကုသိုလ်** မည်ပေမယ်''

''စိတ်ကတော့ လုံး၀ မပါဘူး၊ မကောင်းတတ်လို့ မိမိရဲ့အရာရှိဖြစ်လို့၊ အကြီးအကဲဖြစ်လို့ အဆူခံရမှာကြောက်လို့၊ အရိုက်ခံရမှာကြောက်လို့ ဒဏ်ခတ်ခံရမှာစိုးလို့ သူ့အထံမှ တစ်ခုခုရဖို့မျှော်လင့်ချက်နဲ့ အရိုအသေပြုရတာမျိုးကတော့ ကုသိုလ်မမြောက်ပါဘူး။ အပစာယနကုသိုလ် မဖြစ်ပါဘူး၊ ဒါမျိုးတွေဟာ လှည့်စားတတ်တဲ့ မာယာတစ်မျိုးလို့ ခေါ်ရမှာပါ''

''အပစာယန ကုသိုလ်ရှိသူဟာ အထက်လူကြီးတွေရဲ့ ချစ်ခင်နှစ်သက် ချီးမြှင့်မြောက်စားခြင်းကို ခံရယုံမျှမက အထင်တန်းကျတဲ့ဘ၀ကို ချောချောမောမော ရောက်နိုင်တယ်ဆိုတာ မှတ်ကြစေချင်ပါတယ်၊ တစ်ဆက်တည်း ဝေယျာဝစ္စ ကုသိုလ်သဘောဆိုတာပါ ပြောပြလိုက်ဦးမယ်၊ သူတစ်ပါးတို့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှု မှန်သမျှမှာ စိတ်ပါလက်ပါ စိတ်ရောကိုယ်ရော ကူညီဆောင်ရွက်ပေးခြင်းဟာ ဝေယျာဝစ္စ ကုသိုလ်မည်ပါတယ်၊ ဒါဟာအားလုံး သိပြီးသားပါ၊ မိမိတို့ ပတ်ဝန်းကျင်မှာ အလှူတစ်ခုရှိတိုင်း





ဝေယျာဝစ္စလုပ်ပြီး ကုသိုလ်ယူနေကြတာ ကြည့်ပြီး ဒီသဘောကို သိနိုင်ပါတယ်''

''ဒီလို ကုသိုလ်ရေးကိစ္စ ရေးရာတွေမှာ ပါဝင်ဆောင်ရွက်ကူညီလုပ်ဆောင်ပေးတဲ့ ကိစ္စအပြင် နေထိုင်မကောင်းဖြစ်လို့မကျန်းမာသူ၊ အိုမင်းမစွမ်းနိုင်သူ၊ ဒုက္ခိတဖြစ်နေသူ မိမိထက်ကြီးသူများရဲ့ လူမှုရေးကိစ္စ မှန်သမျှတွေကို မိမိ စွမ်းနိုင်သမျှစိတ်ပါလက်ပါ ဆောင်ရွက်ပေးခြင်းဟာ ထူးကဲလှတဲ့ ဝေယျာဝစ္စကုသိုလ်တွေပဲ ဖြစ်ပါတယ်၊ အဲဒီ ဝေယျာဝစ္စ ကုသိုလ်ရှင်များအနေနဲ့ စိတ်ထားတတ်ရင် အလှူရှင်ထက်တောင် ပိုပြီး အကျိုးရှိတာကို ဖော်ပြတဲ့ဝတ္ထုသာဓကတွေ တစ်ပုံတစ်ပင်ကို ထင်ထင်ရှားရှား ရှိပါတယ်၊ ထိုသို့များပြားလှတဲ့ သာဓကတွေအနက်က ပါယာသိဆိုတဲ့ ဘုရင်တစ်ပါးအကြောင်းကို အကျဉ်းချုပ် ပြောပြချင်လာမိပါတယ်''

''ပါယာသိ ဘုရင်ဟာ အလှူရေစက် လက်နဲ့မကွာဆိုသလိုငွေကုန်ကြေးကျခံကာ နေ့စဉ် အမြဲမပြတ် လှူဒါန်း ဒါနပြုနေသူတစ်ဦးပါ၊ ဒါပေမယ့် သူက အလှူကို ကိုယ်တိုင်ပါဝင် ကြီးကြပ်လုပ်ဆောင်ခြင်း မရှိပေဘူး၊ အလှူမှန်သမျှကို 'ဥတ္တရ' လုလင်



www.burmeseclassic.com

www.burmeseclassic.com



အမည်ရှိတဲ့ သူကိုသာ လွှဲအပ်ထားပြီး အစစ အရာရာ လုပ်ဆောင်စေခဲ့ပါတယ်၊ ဒါဟာ အတော်သတိထား အတုယူသင့်တဲ့ ကိစ္စပါ၊ လွှဲအပ်ခြင်းခံရတဲ့ ဥတ္တရလုလင်ဟာ သူတစ်ပါးရဲ့ ငွေကြေးနဲ့အလှူကို လုပ်ဆောင်နေရရှာပေမဲ့ ပြီးပြီးရော သဘောမထားပါဘူး၊ မိမိအလှူလို သဘောထားပြီး စိတ်စေတနာသန့်သန့် သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ စီစဉ်ချက်ပြုတ် ကျွေးမွေးလှူဒါန်းလေ့ ရှိပါတယ်''

''ပြောရရင် သူတို့နှစ်ဦးစလုံး ကွယ်လွန်သွားကြတဲ့အခါ အလှူရှင် ပါယာသိ ဘုရင်အနေနဲ့ နတ်ဘုံ ဗိမ္မာန်နဲ့ စိုးစံရပြီး နတ်ပြည်ရောက်တာ မှန်ပေမယ့် စတုမဟာရာဇ်ခေါ် အောက်နတ်ဘုံမှာသာ သွားဖြစ်ရတာပါ၊ ဥတ္တရ လုလင်ကတော့ ဝေယျာဝစ္စ ကုသိုလ်အကျိုးကြောင့် သာဝတိံသာလို့ ခေါ်တဲ့ အထက်နတ်ဘုံမှာ စံမြန်းရတယ်တဲ့လေ၊ ကဲ… အဲဒီ သာဓကကိုကြည့်ရင် ဝေယျာဝစ္စ ကုသိုလ်ကံ အကျိုးတရားဟာ ဘယ်ရွေ့ဘယ်မျှ ရှိတယ်ဆိုတာ သဘောပေါက်ကြရောပေါ့''

ဝေယျာဝစ္စပြီးတော့ ပတ္တိဒါန အကြောင်းဆီ ဆက်ကြဦးစို့၊ ပတ္တိဒါနဆိုတာက ပြုလုပ်လို့ရရှိတဲ့ ကုသိုလ်ကောင်းမှု အဖို့ဘာဂကို





သူတစ်ပါးတို့အား မိမိနှင့် ထပ်တူထပ်မျှ ရစေခြင်းအလို့ငှာ အမျှပေးဝေသမှုပြုခြင်းကို ခေါ်တယ်။ ပတ္တိ=ရအပ်သော ကုသိုလ်အဖို့ကို၊ ဒါန=ပေးဝေခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ကုသိုလ်ကောင်းမှု ပြုတဲ့အခါ အလှူရှင်အနေနဲ့ ရသင့်ရထိုက်တဲ့ ကုသိုလ်များကို ရပေပြီ၊ ဒီလိုရရှိတဲ့ ကုသိုလ်အဖို့ကို မိမိ ရသလို သူတစ်ပါးလည်း မိမိနှင့် အညီအမျှ ရစေလိုတဲ့ အရင်းခံ စေတနာဆန္ဒနဲ့ အမျှပေးဝေမှု ပြုတဲ့အခါ မိမိလည်း ဝမ်းသာ၊ မေတ္တာအမျှကို ခံယူရသူမှာလည်း ချမ်းသာ၊ အဲဒါ ပတ္တိဒါန မြောက်ပြီးပေါ့''

''ရွာတစ်ရွာက ဦးသာဖြိုးဆိုတဲ့ ပုဂ္ဂိုလ်ကြီးလို အမျှပေးဝေတာမျိုးတော့ မဖြစ်စေချင်ပါဘူး၊ ဘုရားရှိခိုးပြီးတိုင်း ဦးသာဖြိုး အမျှပေးဝေပုံက ဒီလိုပါ၊ ယနေ့ အကျွန်ုပ် ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတို့ကို 'အနန္တစကြဝဠာ အနန္တကပ်ကမ္ဘာအတွင်း၌ ကျင်လည်လာ'က်ရှိသည့် သုံးဆယ်တစ်ဘုံသား အားလုံးတို့အား အမျှပေးဝေငှာပါ၏၊ 'ဒါပေမယ့် ကျွန်ုပ်နှင့် ရန်ဖြစ်ဖူးသော တုတ်ကြီးတော့ မပါတဲ့လေ''

''အမှန်က စေတနာဆန္ဒကို အရင်းတည် မိမိ ကုသိုလ်ကောင်းမှုကို ဝေနေယျအားလုံးထံ စိတ်ရောက်စေပြီး ရည်မှန်း



www.burmeseclassic.com

www.burmeseclassic.com



အမျှပေးမှသာ ပတ္တိဒါနမြောက်မှာ၊ တစ်ချို့ကတော့ ဒီလို မဟုတ်ပါဘူး၊ စိတ်မပါ လက်မပါ အများလုပ်နေကြ ထုံးစံသဘော ဝတ်ကြေဝတ်ကုန် ပြုလုပ်နေကြတာဆိုတော့၊ ဒီတော့ သိပ်ပြီး အရာရောက်မှာ မဟုတ်ဘူးဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်၊ တစ်ချို့လူကပ်တွေကတော့ မေးကြပါတယ်''

''အရှင်ဘုရား မိမိရရှိတဲ့ ကုသိုလ်အဖို့ကို သူတစ်ပါးအား အမျှ ဝေခွဲပေးလိုက်တော့ မိမိမှာ ကုသိုလ်အရ နည်းသွားမှာပေါ့''တဲ့။

ဘာပဲဖြစ်ဖြစ် သူမေးတဲ့ မေးခွန်းက မေးထိုက်တယ်လို့ ဆိုရမှာပဲ၊ အမှန်က ဒီလိုရှိပါတယ်၊ ကုသိုလ်ပြုလုပ်ကြတယ် ဆိုရာမှာ စိတ်စေတနာသာ လိုရင်းမဟုတ်ပါလား၊ မိမိ ပထမ ပြုလိုက်တဲ့ ဒါနကုသိုလ်မှာ စိတ်စေတနာက ကောင်းခဲ့ပြီးပြီပဲ။ ဒါကြောင့် တစ်ပါးသူများကို အမျှပေးဝေလိုက်တဲ့အခါမှာ ဓမ္မသဘောအရ ကုသိုလ်စေတနာတစ်မျိုးတောင် ထပ်ပြီး ရသေးတယ်လို့ ဆိုနိုင်ပါတယ်၊ အလျှဉ်းသင့်လို့ ဒီအကြောင်းအရာနဲ့ ဆိုင်တူ ဇာတ်တော်တစ်ပုဒ် ပိဋကတ်တော်ထဲမှာ အထင်အရှား ရှိပါတယ်။

အန္နဘာရ မြက်ထမ်းသမားလေးရဲ့ အကြောင်းပါပဲ၊ သူဟာ အင်မတန် ဆင်းရဲနွမ်းပါး ချို့တဲ့ရှာလွန်းလို့ ထမင်းတစ်နပ် နေ့စဉ်





နပ်မှန်ဖို့တောင် မလွယ်ကူလှသူပါ၊ ဒီလိုနဲ့ တစ်နေ့ နိရောဓ သမာပတ်မှ ထမြောက်လာတဲ့ ပစ္စေကဗုဒ္ဓ တစ်ဆူကို ထမင်း တစ်နပ် အငတ်ခံပြီး လှူဒါန်းလိုက်ပါတယ်၊ နိရောဓ သမာပတ် ဆိုတာက ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓတို့သည် တစ်ခါတစ်ရံ ခုနစ်ရက်ပတ်လုံး အစာအာဟာရ မစားမသောက်ဘဲ နိရောဓ သမာပတ်ခေါ်တဲ့ ဈာန်ဝင်စားပြီး ဈာန်ချမ်းသာကို ခံစားလေ့ ရှိပါတယ်၊ ထိုသို့ နိရောဓသမာပတ်မှ ထမြောက်လာတဲ့နေ့မှာ အချိန်မီ အစာအာဟာရ မစားမသောက်ခဲ့ရရင် ပရိနိဗ္ဗာန် ဝင်စံရ တယ်ဆိုတော့ ဒီအချိန်မှာ လှူဒါန်းခွင့်ရတဲ့ သူဟာလည်း ချက်ချင်း လက်ငင်း အကျိုးပေးသည်အထိ အကျိုးကျေးဇူး များလှပါတယ်၊ ဒီလို ပစ္စေကဗုဒ္ဓကို ဆွမ်းတစ်နပ် လှူခွင့်ရခဲ့တဲ့ အန္နဘာရ မြက်ထမ်းသမားဟာ တကယ့်ကို ကံထူးသူလို့ ဆိုနိုင်ပါတယ်၊ သူ့ရဲ့အလှူဒါနဟာ သူဌေးကြီး သုမနရဲ့ ထီးစောင့်နတ်ကတောင် သာဓုခေါ်ရတဲ့ အထိပါပဲ၊ သုမန သူဌေးကြီးဆိုတာကလည်း သဒ္ဓါတရား ခေါင်းပါးသူမဟုတ်၊ နေ့စဉ် ငွေကြေးမြောက်များစွာ ကုန်ကျခံကာ မရှိနွမ်းပါးသူများကို လှူဒါန်းနေသူတစ်ဦးပါ''

''ပထမတော့ သူ့ရဲ့ထီးစောင့်နတ် သာဓုခေါ်သံကြောင့် အတော် အံ့သြသွားမိပါတယ်၊ နောက် သေသေချာချာ ဂယနှ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်တော့မှ သူ့အလှူကို သာခုခေါ်တာမဟုတ်ဘဲ မိမိထမင်းတစ်နပ် အငတ်ခံကာ ပစ္စေကဗုဒ္ဓကို စွန့်လွှတ်စွန့်စားရဲသော စိတ်စေတနာဖြင့် ဆွမ်းလှူဒါန်းသော အန္နဘာရ မြက်ထမ်းသမား၏ အလှူဒါနအတွက် သာခုခေါ်ခြင်းဖြစ်ကြောင်း သိလိုက်ရတော့ ဤမျှ ကြီးကျယ်သော အလှူရှင်ကို သူဌေးကြီး တွေ့ချင်လာမိတယ်၊ အန္နဘာရ မြက်ထမ်းသမားဟာ ရောင်းမယ်ဆိုရင် သူ့အလှူဒါနကို ငါဝယ်မယ်လို့ ဆုံးဖြတ်ကာ ကျေးကျွန်တစ်ယောက်ကို ခေါ်ခိုင်းလိုက်ပါတယ်''

''အန္နဘာရ ရောက်လာတယ်ဆိုရင်ပဲ အသပြာတစ်ထောင်ပေးပါမယ်၊ သင့်အလှူကို ရောင်းပါဆိုပြီး ကမ်းလှမ်းလိုက်ပါတယ်၊ ဒါပေမယ့် ဆင်းရဲသားလေးကလည်း မရောင်းပါဘူး၊ သူ့ဘဝ တစ်လျှောက်လုံးမှာ ဒီတစ်ကြိမ် ဒီတစ်ခါသာ ကုသိုလ်ပြုခွင့်ရလို့ မရောင်းပါရစေနဲ့ဆိုပြီး အတန်တန် ငြင်းပယ်ခဲ့ပါတယ်၊ သုမန သူဌေးကြီးကလည်း ဘယ်လိုမှ ဝယ်မရတဲ့အဆုံး၊ ဒါဖြင့်ရင် သင်ပြုခဲ့တဲ့ ကုသိုလ်အဖို့ဘာဂကို ကျွန်ုပ်အား အမျှပေးဝေပါဆိုတော့ ဆင်းရဲသားလေးဟာ တွေဝေသွားပါတယ်၊ စောစောက ပြောခဲ့သလို သူများ ခွဲဝေပေးလိုက်ရင် သူလည်းပဲ အရနည်းသွားလိမ့်မယ်လို့ တွေးမိဟန် တူပါတယ်၊ ဒါကြောင့် ပစ္စေကဗုဒ္ဓထံ





သွားပြီး ကုသိုလ်အဖို့ဘာဂကို အမျှပေးသင့် မပေးသင့် မေးလျှောက်ထားပါတယ်၊ ဒီတော့ ပစ္စေကဗုဒ္ဓက...''

''အို..သူတော်ကောင်း... သင့်အား ဥပမာ တစ်ခုမေးမယ်၊ သင် အမှန်တိုင်း ဖြေဆိုလော့''

''မှန်ပါ့ ဘုရား''

''အိမ်ခြေတစ်ထောင်ရှိတဲ့ ရွာတစ်ရွာမှာ ပထမဦးဆုံးအိမ်က အရင် ဆီမီးထွန်းထားတယ် ဆိုပါတော့၊ အဲဒီ ဆီမီးခွက်မှ အခြားအခြား အိမ်တွေက မီးကူးယူပြီး ထွန်းညှိကြမယ်ဆိုရင် အဲဒီ ရွာကြီးမှာ ဆီမီးရောင် ပိုပြီး လင်းလာမလား ဒါမဟုတ် ပိုပြီး မှောင်သွားမှာလား သူတော်ကောင်း''

''မှန်ပါ့ ပထမဆုံးအိမ်က ဆီမီးခွက်မှ မီးကူးယူကြတယ်ဆိုပေမယ့် ဆီမီးအရောင်မှာ ပိုပြီး မှောင်သွားစရာ အကြောင်းမရှိပါ၊ ပို၍ လင်းလာဖွယ်ရာသာရှိကြောင်းပါ ဘုရား''

''အေး...အေး...အေး၊ အဲဒီ ဥပမာအတိုင်းသာ မှတ်ပေတော့ သူတော်ကောင်း၊ သင့်ရဲ့ အလှူဒါနမှာ အခြားသူများအား ခွဲဝေပြီး အမျှပေးဝေရာမှာလည်း ပိုပြီး ဆုတ်ယုတ်လျော့ပါးသွားစရာ အကြောင်းမရှိချေ၊ ဆီမီးခွက်မှတစ်ဆင့် အခြား ဆီမီးခွက်



www.burmeseclassic.com

www.burmeseclassic.com



တွေဆီသို့ အဆင့်ဆင့် ကူးယူခြင်းကြောင့် ဆီမီးရောင်တွေ ပိုပြီး လင်းထိန်လာရသလိုပါပဲ၊ သင့်ရဲ့ အလှူဒါနကို အခြားသူများအား အမျှပေးဝေခြင်းကြောင့် ပိုပြီး ဆုတ်ယုတ်လျော့ပါး ပျက်စီးသွားစရာ အကြောင်းမရှိပါ၊ ပိုပြီး တိုးလာဖွယ်ရာသာ ရှိပေလိမ့်မယ်လို့မှတ်ပါ သူတော်ကောင်းတဲ့၊ ဒီလို ပစ္စေကဗုဒ္ဓရဲ့ အဖြေစကားကြောင့် အန္နဘာရဟာ ဝမ်းမြောက်ဝမ်းသာ သုမန သူဌေးထံသွားပြီး အမျှ ပေးဝေခဲ့ပါတယ်၊ သုမန သူဌေးကြီးကလည်း ကျေးဇူးတင်လွန်းလို့ အသပြာတစ်ထောင်ထုပ်ဖြင့် ပြန်ပူဇော်လိုက်ပါတယ်၊ ဒီသတင်း တစ်စတစ်စ ပျံ့နှံ့သွားလိုက်တာ ဘုရင်ထံမှောက် ရောက်သွားတဲ့ အထိပါပဲ၊ ဘုရင်ကြီးက သူဌေး ရာထူးပေးလိုက်သလို သုမန သူဌေးကြီးကလည်း သူပိုင်ဥစ္စာ ဟူသမျှသက်ရှိသက်မဲ့ အရာအားလုံး ထက်ဝက် ခွဲပေးလိုက်ခြင်းကြောင့် နေ့ချင်းညချင်း သူဌေးကြီးအဖြစ် ရောက်သွားခဲ့ရပါတယ်၊ သဘောကတော့ ပစ္စည်းဥစ္စာ တစ်ခုခုကို သူတစ်ပါးထံ ပေးလိုက်ခြင်းမျိုးမှ မဟုတ်တာ၊ ဘယ်မှာ ကုန်ဆုံးလျော့ပါးသွားနိုင်မှာလဲ၊ သဘောတရားကတော့ ဆီမီးတိုင် တစ်တိုင်ကနေ နောက်ဆီမီးတိုင်တွေကို မီးကူးပေးတဲ့သဘောမျှသာပါ၊ မူလ ဆီမီးတိုင်မှာ





လည်း အလင်းရောင် မဆုံးရှုံး၊ နောက်ဆီမီးတိုင်တွေကိုထပ်ထွန်းညှိလိုက်ခြင်းကြောင့် အလင်းရောင်ရပိုပြီးတောင် လင်းလာပါတယ်၊ ဒါကြောင့် အမျှဝေခြင်းအားဖြင့် ဆုံးရှုံးမှု မရှိတဲ့အပြင်ထပ်၍ ထပ်၍ပင် ရသေးတယ်လို့ မှတ်လိုက်ကြရပါမယ်"

"သီလ, ဘာဝနာ စတဲ့ ကုသိုလ် ကောင်းမှုများကိုလည်း သုံးဆယ့်တစ်ဘုံသား ဝေနေယျ သဗ္ဗေသတ္တာ သတ္တဝါအပေါင်းကို အမျှပေးဝေရင် ပတ္တိဒါနဖြစ်တယ်လို့ ဆိုရမှာပါ၊ သို့အတွက် ကုသိုလ်ကောင်းမှု တစ်ခုခုပြုပြီးတိုင်း ထိုသို့ မိမိပြုသမျှ ကောင်းမှုကုသိုလ်ကို အမျှပေးဝေပါလို့ တိုက်တွန်းချင်ပါတယ်"

"ဆိုခဲ့ပြီးတဲ့ ပတ္တိဒါနလိုပဲ သူတစ်ပါးပြုတဲ့ ကောင်းမှုကုသိုလ်ကို အမျှပေးဝေတဲ့ အခါမျိုးမှာ မိမိကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ရခြင်းဟာ 'ပတ္တာနုမောဒနာ' လို့ ခေါ်ပြန်ပါတယ်။ ပတ္တ=သူတစ်ပါးက ဝမ်းမြောက်ဝမ်းသာ အမျှပေးဝေသော ကုသိုလ်ကို။ အနုမောဒနာ=ဝမ်းမြောက်စွာ သာဓုခေါ်ခြင်းလို့ အဓိပ္ပာယ် ရပါတယ်"

"စဉ်းစား ကြည့်မယ်ဆိုင်ရင် သူတစ်ပါးတို့ ချမ်းသာစွာ ကုသိုလ်ပြုနိုင်ကြခြင်းကို မိမိက ဝမ်းမြောက်ဝမ်းသာနိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မုဒိတာ သဘောဝင်တာကြောင့် အလွန့်အလွန် မြင့်မြတ်တဲ့ စိတ်ထားဖြစ်ကြောင်း ပေါ်လွင်နေပါတယ်၊ ဣဿာစိတ်ရှိသူတွေမှာတော့ စိတ်သဘောထား သေးသိမ် ယုတ်ညံ့သူတွေပီပီ သူတစ်ပါးကုသိုလ် ပြုနိုင်တာကို ဝမ်းမမြောက်နိုင်ဘဲ မနာလိုစိတ်ပင် တိုးပွားလာတတ်ကြတယ်ဆိုတာ တွေ့ဖူးကြုံဖူးကြမှာပါ''

''အထူးမှတ်ရမှာက စိတ်ရင်းစေတနာ အရှိုးခံသက်သက်နဲ့ စိတ်နှလုံးက တကယ့်ကို ဝမ်းမြောက်ဝမ်းသာစွာ 'သာဓု' ခေါ်မှသာ ပတ္တာနုမောဒနာမြောက်တယ်လို့ ဆိုရမှာဖြစ်တယ် ဆိုတာပါပဲ၊ လုပ်ရိုးလုပ်စဉ်သဘောမျိုး၊ စိတ်မပါ ဝမ်းမမြောက်ပဲ သာဓုခေါ်ဆိုနေတာတွေမျိုးကတော့ ဘယ်လိုမှ ပတ္တာနုမောဒနာ မြောက်တဲ့ ကုသိုလ်ဖြစ်လာမှာ မဟုတ်ပါဘူး၊ ဒါသိပ်အရေးကြီးတဲ့ အချက်ပါ၊ ဗုဒ္ဓဘာသာဝင် အပေါင်းတို့အနေနဲ့ ပတ္တိဒါနနဲ့ ပတ္တာနုမောဒနာ အကြောင်းသိရှိပြီး ကုသိုလ်တရားတွေ ထပ်ဆင့် ထပ်ဆင့် ရကြပါစေလို့ ဆန္ဒပြုမိပါတယ်''

■





## တရားဟော တရားနာ သတိပြုစရာ

''ဒီနေ့တော့ မဇ္ဈိမဿဝနနဲ့ မဇ္ဈိမဒေသနာအကြောင်းကို ဆွေးနွေးကြရင် ကောင်းမယ်''

''မှန်ပါ့ ဘုရား''

''ပထမဦးဆုံး မဇ္ဈိမဿဝနအကြောင်းကို ဆွေးနွေးကြပါစို့လား''

''မှန်ပါ့၊ မဇ္ဈိမဿဝနဆိုတာဟာ တရားနာခြင်းကြောင့် ရတဲ့ ကုသိုလ်ကိုပြောတာ မဟုတ်ပါလား ဘုရား''

''မှန်ပေတယ်၊ တရား နာရာမှာ တရားနာသူ ပုဂ္ဂိုလ် အနေနဲ့...''



www.burmeseclassic.com

www.burmeseclassic.com



၁။ မကြားဖူးသေးတဲ့ အကြောင်းအရာကို ကြားနာရခြင်း။

၂။ ကြားဖူးပြီးတဲ့ အကြောင်းအရာတွေကို ထပ်မံ၍ ရှင်းလင်း ကြေညက်စွာ ကြားနာရခြင်း။

၃။ ဒွိဟ သံသယရှိနေသော အချက်အလက်တွေ အားလုံး ယုံမှားသံသယ ကင်းရှင်းသွားရခြင်း။

၄။ သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်ရခြင်း။

၅။ သဒ္ဓါနဲ့ပညာ တိုးပွားလျက် စိတ်ကြည်လင်ခြင်း စတဲ့ အကျိုးထူးငါးပါးကို ရရှိခြင်းဟာ ဓမ္မဿဝန ကုသိုလ် တွေပေပေါ့။

"မှန်ပါ့ ဘုရား၊ ဓမ္မဿဝနနဲ့ ပတ်သက်ပြီး ယခု အရှင်ဘုရား ဟောကြားခဲ့တဲ့ အကျိုးတရားငါးပါးအပြင် ကုသိုလ် စိတ်ကို တိုင်းတာပြီး ပြဆိုနိုင်တဲ့ အခြားအရာတွေကော ရှိပါ သေးလား ဘုရား"

"ယခု ပြောကြားပြီးတဲ့ အကျိုးထူး ငါးပါးအပြင် ဓမ္မဿဝန ကုသိုလ်စိတ်ကို တိုင်းတာပြနိုင်တဲ့ အခြင်းအရာတွေ ရှိပါသေး





တယ်၊ အဲဒါကတော့ နာ,ကိုး၊ ဟောင်း,ရှစ်၊ သာခု,တစ်၊ ဟောလစ် အသချော်တဲ့"

"မှန်ပါ့၊ တစ်ခုချင်းစီ ရှင်းပြတော်မူဦး ဘုရား"

"နာ,ကိုးဆိုတာက တရားနာကြားရတဲ့ ဓမ္မဿဝန ကုသိုလ် ကံရဲ့ အကျိုးတရားဟာ ကိုးကမ္ဘာတိုင်တိုင် အပါယ်မလားဘူး ဆိုတဲ့ သဘောကို ပြောတာပါ"

"အို…ဘုရား…ဘုရား…ဘုရား၊ တရားနာရတဲ့ ကုသိုလ်က မနည်းပါလား ဘုရား"

"ဟောင်း,ရှစ်ဆိုတာက ဓမ္မကထိကကို တရားဟောကြား ဖို့ ဟောင်းဆို ဟောင်းပန်တဲ့သူကတော့ ရှစ်ကမ္ဘာတိုင်တိုင် အပါယ် မလားဘူးဆိုတဲ့ သဘောပေါ့"

"အိုး…အံ့ဩစရာပါလား ဘုရား၊ အခုလို ရှင်းပြပေးတာ ကျေးဇူးကြီးမားလှပါကြောင်းပါ ဘုရား၊ တရားပွဲတွေမှာ ဓမ္မ ကထိက ရဟန်းကို တရားဟောကြားဖို့ ဟောင်းပန် လျှောက်ထား တဲ့ နိဗ္ဗာန်ဆော်အဖြစ် တပည့်တော် လုပ်ကိုင်ဆောင်ရွက်ဖူးပါ တယ်၊ ဒါပေမယ့် အဲဒီထိုကုသိုလ်ကြောင့် ရှစ်ကမ္ဘာတိုင်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အပါယ် မလားရဘူးဆိုတာတော့ မသိရှိရိုး အမှန်ပါဘုရား''

''အေး…အေး…အေး၊ အခုလို သိသွားတဲ့အတွက် နောက်နောင် အမှုမဲ့၊ အမှတ်မဲ့ မဆောင်ရွက်တော့ဘူးဆိုတဲ့ သဘောလား''

''မှန်ပါ့ ဘုရား''

''သာဓု,တစ်ဆိုတာ တရားပွဲမှာ သာဓုခေါ်ဆိုခွင့် ရခဲ့ရင်တောင် အချည်းအနှီး မဖြစ်ပါဘူးတဲ့၊ တစ်ကမ္ဘာပတ်လုံး အပါယ်မလား ရဘူးတဲ့နော်''

''မှန်ပါ့ ဘုရား''

''နောက်ပြီး ဟောလစ်အသချေ်တွဲ၊ ကိုယ်တိုင်သိအောင် သင်ယူ၊ ကိုယ်တိုင်ရအောင် ကျင့်ကြံအားထုတ်ပြီး ဓမ္မကို ဖြန့်ဖြူးနေတဲ့ ဓမ္မဒေသနာ ကုသိုလ်ရှင်၊ ဓမ္မကထိက ပုဂ္ဂိုလ်ကတော့ အသချေ်ယျူပေါင်း များစွာ အပါယ်မလားရဘူးဆိုတဲ့ သဘောကို ပြောတာပါ''

''မှန်ပါ့ ဘုရား''

''ပြီးမှ ဓမ္မဒေသနာအကြောင်းကို ပြောပြမယ်၊ အခုတော့





ဓမ္မဿဝနအကြောင်းကိုပဲ မျက်ခြည်မပြတ်[illegible]
စို့''

''မှန်ပါ့ ဘုရား''

''အထက်ကပြဆို ပြောပြခဲ့ပြီးတဲ့ အကျိုးတရားတွေဟာ လွတ်မြောက်မှု၊ ဖြစ်ရာ လွတ်မြောက်မှုသို့ စိတ်က ရည်သန်လိုလားတောင့်တပြီး တရားနာယူမှသာ ဓမ္မဿဝန ကုသိုလ်အစစ်ကို ရမယ်ဆိုတာကိုလည်း သတိပြုပေဦး''

''မှန်ပါ့ ဘုရား''

''သတိပြုရမှာက (၁) တရားဟောပြောတဲ့ ဓမ္မကထိကကို ပုဂ္ဂိုလ်ရေးအရ ခင်မင်လို့ဖြစ်စေ၊ (၂) အနှစ်သာရမဲ့သော ရယ်မောစရာများပါတဲ့အတွက် ပျော်ရွှင်လိုတာကြောင့်ဖြစ်စေ၊ (၃) ကိုယ့်အသက်အရွယ်အရ အနီးအနားမှာ တရားပွဲရှိနေတာတောင်မှ တရားမနာရကောင်းလားဆိုပြီး သူတစ်ပါး ကဲ့ရဲ့ခံရမှာကြောက်လို့ဖြစ်စေ၊ (၄) ဓမ္မကထိက အနေအထားကြည့်ပြီး အကဲခတ်ပြီး လိုအပ်ရင် ကဲ့ရဲ့၊ လိုအပ်ရင် ချီးမွမ်းဖို့ တရားနာတာမျိုးကျတော့ဖြစ်စေ၊ ဒါမျိုးတွေ ကင်းဝေရပါ့မယ်၊ အဲသလိုမျိုးနဲ့ တရားနာရင်တော့ ဓမ္မဿဝန ကုသိုလ်မြောက်ဖို့ ခဲယဉ်းပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာပါပဲ''

''မှန်ပါ့ ဘုရား၊ အလွန့်အလွန် မှတ်သားထားလိုက်တဲ့ အကြောင်းအရာပါ ဘုရား''

''အခုခေတ်အခါ သမယမှာ ဓမ္မအသိဉာဏ်ကို ဖွံ့ဖြိုးစေနိုင်တဲ့ ဗုဒ္ဓဝင်၊ မဟာဝင်ကျမ်းစာ စသည် အများအပြားကြီး ရှိပါတယ်၊ အဲဒီ ဓမ္မဆိုင်ရာ ကျမ်းစာတွေဖတ်ရှုရင် ကျက်မှတ်ရင်လည်း တရားနာခြင်းနဲ့မခြား ဓမ္မဿဝန ကုသိုလ်ကို ရရှိနိုင်ပါတယ်''

''ဩော်...ဒီလိုကိုး''

''အဲဒီလို ဖတ်ရှုရာမှာ မိမိ ဉာဏ်မီနိုင်တဲ့ ဓမ္မစာပေတို့ကို သာ ရွေးချယ်ဖတ်ရှုပြီး ဉာဏ်ရင့်လာမှ ဆင့်ကဲဆင့်ကဲ မြင့်တဲ့ ဓမ္မစာပေတို့ကို ဖတ်ရှုသင့်ပါတယ်''

''မှန်ပါ့ ဘုရား''

''ဒါမှသာ ကျောင်းစာသင်တဲ့အခါ အခြေခံ အတန်းကနေ တစ်တန်းပြီးတစ်တန်း တက်သွားရသလို လိုက်မီ အဆင်ပြေတော့ မပေါ့''

''မှန်ပါ့ ဘုရား''





''အကောင်းဆုံးကတော့ ဆရာတော်၊ သံဃာတော်၊ ပညာရှိ ပုဂ္ဂိုလ်တို့ ညွှန်ပြတဲ့ ဓမ္မစာပေတွေကို ရွေးချယ် ဖတ်ရှုရင် အကောင်းဆုံး ဖြစ်မှာပါ''

''မှန်ပါ့''

''တစ်ခုတော့ရှိတာက ယုန်ထင်ကြောင်ထင်ဖြစ်အောင် အလွဲ လွဲ အမှားမှား ရေးသားထားတဲ့ ဓမ္မစာအုပ်တွေကိုတော့ ရန်သူ ထက်တောင် ဝေးစွာရှောင်ဖို့ လိုအပ်လှပါတယ်''

''မှန်ပါ့ ဘုရား''

''ဓမ္မဿဝနကုသိုလ်အကြောင်း ဒီမျှပြီးရင် 'ဓမ္မဒေသနာ' အကြောင်းဆီ ဆက်ကြစို့လား''

''မှန်ပါ့ ဘုရား''

''တရားဓမ္မ ဟောကြားမှု ဒါမှမဟုတ် ရေးသားမှုကို ဓမ္မ ဒေသနာ ကုသိုလ်လို့ ခေါ်ပါတယ်''

''မှန်ပါ့''

''ဟောကြားသူအနေနဲ့ တရားအမှန်ကို နားလည်စေလိုတဲ့ ဖြူစင်မြင့်သောစိတ်ထား၊ တရားတော်ရဲ့ အနက်အဓိပ္ပာယ် တိမ်း



www.burmeseclassic.com

www.burmeseclassic.com



စောင်းခြင်းမရှိအောင် ဟောပြောမှု၊ ရေးသားရင်လည်း ထိုနည်းတူပေါ့နော်၊ အဲဒီလိုမှသာ '**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**''လို့ ဘုရားရှင် ဟောကြားတော်မူတဲ့အတိုင်း အလှူအားလုံးအနက် ဓမ္မအလှူသည် သံသရာအကျိုးအတွက် အရေးကြီးသော ဓမ္မအသိဉာဏ်ကို ပေးစွမ်းခြင်းဖြစ်၍ အမွန်မြတ်ဆုံး ကုသိုလ်ဒါနကြီး ဖြစ်တယ်လို့ ဆိုတဲ့ ဩဝါဒနဲ့ ကိုက်ညီတော့ပေမပေါ့''

''မှန်ပါ့ ဘုရား''

''ဒီအတွက် ပစ္စည်းလာဘ်လာဘ၊ ဂုဏ်ပကာသန ကျော်ဇောခြင်း၊ ထင်ရှားခြင်းတို့ကို မမျှော်ကိုးဘဲ ရိုးသားစွာ ရေးသားသင့်ပေတယ်၊ ဒါမှသာ ဓမ္မဒေသနာ ကုသိုလ်မြောက်မှာပါ''

''မှန်ပါ့ ဘုရား''

''ဒါကြောင့် ဓမ္မဒေသနာမြောက်အောင် ဒီစာစုကို သတ္တဝါအပေါင်း ချမ်းသာစေရေး ရည်မျှော်ကိုးပြီး ဖြူစင်တဲ့ စေတနာနဲ့ ရေးသားရတယ်ဆိုတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ကြပါစို့''

''သာဓု...သာဓု...သာဓုပါ ဘုရား''

■





## မာနချေဖျက် ကုသိုလ်ဆက်စို့

''အရှေ့၊ အရှေ့က ပြဆိုခဲ့ပြီးတဲ့ ဝိပဿနာကျင့်စဉ်ရဲ့ ဉာဏ်အမြင် အခြေခံသဘောတရားတွေကို တတ်နိုင်သမျှ တီးခေါက်မိပြီဆိုရင် ဒီစာစုရဲ့ ခေါင်းစဉ်ဖြစ်တဲ့ 'မာန်မာန'ဆိုတဲ့ 'အဝိဇ္ဇာအမြင်'ကို 'ဝိဇ္ဇာအသွင်' ကူးပြောင်းနိုင်ကြဖို့ မဝေးတော့ဘူးလို့ ထင်ပါတယ်''

''အတ္တသဘောတွေဖျောက်၊ ဒိဋ္ဌိအမြင်တွေ ပယ်ရှားနိုင်ရင် မာန်မာနဆိုတာ တဖြည်းဖြည်း ပျက်ပြယ်ပြီး ရေးရေးလောက်သာ ကျန်ရှိတော့မှာပါ၊ ရေးရေးကနေ လုံးလုံးလျားလျား ပျောက်



www.burmeseclassic.com

www.burmeseclassic.com

သွားအောင်တော့ ဝိပဿနာ ဘာဝနာကျင့်စဉ်ကသာ ဆက်လက် စွမ်းဆောင်မယ်ဆိုတာ မမေ့ကြပါနဲ့"

"တစ်နည်းဆိုရရင် မာန်မာန ထားရှိခြင်းဟာ စိတ်ဆိုး အကုသိုလ်ဆိုး ထားရှိခြင်း မဟုတ်ပါလား"

"ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်က '**စိတ္တေနနီယတေလောကော**'လို့ ဟောတော်မူခဲ့တာပေါ့၊ အနက်အဓိပ္ပာယ်က လောကေ လောက လူသတ္တဝါများလှစွာကို စိတ္တေန…စိတ်ကောင်း၊ စိတ်ဆိုး အမျိုးမျိုးကသာလျှင် နီယတေ…အောက် ဒုဂ္ဂတိဘုံသို့ ဆွဲချနိုင်သကဲ့သို့ အထက်သုဂတိဘုံသို့လည်း လားရောက်အောင် ပို့ဆောင်နိုင်ပေသတည်း" တဲ့။



အကုသိုလ်ကို တွန်းပို့တဲ့ ကံဆိုး၊ စိတ်ဆိုး တစ်နည်း မာန်မာနဆိုးတွေကို ပြစ်ပယ်၊ အသိ၊ သတိနဲ့ယှဉ်၊ ကုသိုလ်တရားဆီ ရှေးရှုတဲ့ ကံကောင်း စိတ်ကောင်းလေးတွေ မွေးကြရင် မကောင်းပေဘူးလား"

"အမှန်က သညာအမှားနဲ့ စိတ်အသိကို 'ငါသိ' မရှိကို 'အရှိ'လုပ်လို့ သူ့ထက်ငါ အစွမ်းပြနေကြတာ မဟုတ်လား"

"တကယ်တကယ် ပြောရရင် 'ငါသိ'ဆိုရာမှာ 'ငါ'ဆိုတာကို ရှေ့တန်းတင်တဲ့အတွက် မာန်တွေ၊ မန်မာနတွေ ပါလာရတာဖြစ်သလို တဏှာတို့၊ ဒိဋ္ဌိတို့ဆိုတာတွေပါ တစ်ပြိုင်နက် ကပ်ပါလာကြောင်း အထူး ဂရုပြုသင့်လှတယ်"

"ဒါကြောင့် 'ငါ'ဆိုတာကို ချေဖျက်ပြီးဖြစ်တဲ့ 'စိတ်သိ' 'ဓမ္မသိ' 'သစ္စာသိ'နဲ့ မာန်မာန အမှားတွေဖယ်ရှား ဝိပဿနာကျင့်စဉ် တရားမှန်တွေ ဆက်လက်ကျင့်ကြံ ပွားများကြပါစို့လား လို့ တိုက်တွန်းရင်း…

ဝဏ္ဏသီရိ(မှန်တော)



BURMESE CLASSIC

www.burmeseclassic.com